www.burmeseclassic.com

မိတ်ဆွေစာပေ

# ဗိုလ်ချုပ်အောင်ဆန်း

သို့မဟုတ်

# အရိုင်းထဲက အယဉ်



BURMESE CLASSIC

ဇင်ဘာဦး
စုစည်းတင်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၃၁၀၀၈၂၀၅၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၁၀၀၅၉၀၅၁၁

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၄၀၀ ကျပ်

ထုတ်ဝေသည့်ခုနှစ် - ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ

မျက်နှာဖုံးဝင်္ဂ ချိ - ချယ်ရီမေ (အင်းစိန်)

အတွင်းဖလင် - A-7 Group (Asia Plaza)

ကွန်ပျူတာစာစီ - ချယ်ရီမေ(အင်းစိန်)

ထုတ်ဝေသူ - ဦးချစ်ညွန့် (၀၄၀၀၄)၊
ဇင်ရတနာစာစောစာပေ၊
၂၀၅က/၄-လမ်း၊ မြို့သစ်
(က+ခ)ရပ်ကွက်၊ အင်းစိန်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးအောင်မြင့်သိန်း (မြ-၀၆၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ် - ၁၄၇၊ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၉၂၀

ဝင်းဘဦး၊
ဗိုလ်ချုပ်အောင်ဆန်း (သို့မဟုတ်)အရိုင်းထဲက အယဉ်/ ဝင်းဘဦး-ရန်ကုန်။
ဇင်ရတနာစာစောစာပေ၊ ၂၀၁၁။
၂၀၈-စာ ၊ ၁၀.၅× ၁၆.၅ စင်တီ။
(၁) ဗိုလ်ချုပ်အောင်ဆန်း (သို့မဟုတ်)အရိုင်းထဲက အယဉ်

www.burmeseclassic.com

# မာတိကာ


၁။ ဗိုလ်ချုပ်အောင်ဆန်းနာယူခဲ့ရတဲ့ ပခုက္ကူဆရာတော်ဩဝါဒ ၄

၂။ ဗိုလ်ချုပ်အောင်ဆန်းမျှော်မှန်းခဲ့တဲ့ အနာဂတ်သာသနာ ရည်မှန်းချက် ၆

၃။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ နိုင်ငံသယံဇာတများအပေါ်အမြင် ၁၀

၄။ ဗိုလ်ချုပ်အောင်ဆန်းမလိုလားတဲ့ မတရားအခွင့်အရေးယူမှု ၁၃

၅။ ဗိုလ်ချုပ်အောင်ဆန်းပြောတဲ့ ပြည်ထောင်စုစိတ်ဓာတ် ၁၆

၆။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရှေ့ရေးကြိုတွက်တတ်မှု ၁၈

၇။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဝေဖန်မှုခံနိုင်စွမ်းအား ၂၀

၈။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ကြိုက်တဲ့အရိုင်း ၂၄

၉။ ဗိုလ်ချုပ်အောင်ဆန်းမကြိုက်တဲ့ အဆောင်အယောင်ပကာသန ၂၇

၁၀။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ကြိုတင်လေ့ကျင့်ထားမှု ၃၃

၁၁။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ စာပေစိတ်ဓာတ် ၃၆

၁၂။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လူသားဆန်မှု ၄၂

၁၃။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ နိုင်ငံနဲ့လူမျိုးအပေါ်ယုံကြည်စိတ် ၄၄


www.burmeseclassic.com

www.burmeseclassic.com


၁၄။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အများဝန်ခံဖို့ဝန်မလေးတတ်မှု ၅၀

၁၅။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ နားလည်ခွင့်လွှတ်တတ်မှု ၅၃

၁၆။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ငယ်ဘာဝနှလုံးသားရေးရာ ၅၇

၁၇။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ စောင့်ထိန်းနိုင်ခဲ့တဲ့ ကိုယ်ကျင့်တရား ၆၂

၁၈။ ဗိုလ်ချုပ်အောင်ဆန်း မလိုလားတဲ့မင်းမဲ့စရိုက် ၆၇

၁၉။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ သူတစ်ပါးအပေါ်
အခွင့်အရေးမယူတတ်မှု ၆၉

၂၀။ ဗိုလ်ချုပ်အောင်ဆန်းရဲ့
အင်္ဂလိပ်ဘာသာစကားပေါ်သဘောထား ၇၇

၂၁။ ဗိုလ်ချုပ်အောင်ဆန်းရဲ့
ဘဝယုံကြည်ချက်နဲ့အတွေးအခေါ်အမြင်များ ၈၂

၂၂။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မွေးရာပါဗီဇ ၈၈

၂၃။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဂါရဝတရားကြီးမားမှု ၉၁

၂၄။ ဗိုလ်ချုပ်အောင်ဆန်းရဲ့
လူချစ်လူခင်များတဲ့ အရည်အချင်းကောင်း ၉၄

၂၅။ ဗိုလ်ချုပ်အောင်ဆန်းအပေါ်
မြန်မာစာရေးဆရာကြီးတစ်ဦးရဲ့အမြင် ၁၀၃

၂၆။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မဟုတ်မခံစိတ်ဓာတ် ၁၀၆


www.burmeseclassic.com

www.burmeseclassic.com


၂၇။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ပိပိရိရိစီမံလုပ်ဆောင်တတ်မှု ၁၀၉

၂၈။ ဗိုလ်ချုပ်အောင်ဆန်း ကြိုတင်သတိပေးခဲ့တဲ့ 'ဂျပန်စာ' များ ၁၁၄

၂၉။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အမျက်ပြေစေတတ်မှုစိတ်ဓာတ် ၁၁၆

၃၀။ ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့ လွတ်လပ်ရေးအရသာ ၁၂၀

၃၁။ ဗိုလ်ချုပ်အောင်ဆန်းလျှောက်ထားသတိပေးခဲ့တဲ့
နိုင်ငံရေးကာလိမ်ကကျစ်နည်းလမ်း ၁၂၃

၃၂။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ စစ်မှန်သောသူရသတ္တိ ၁၂၅

၃၃။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ သိင်္ဂီရအမှုအကျင့် ၁၂၆

၃၄။ ဗိုလ်ချုပ်အောင်ဆန်း လိုလားတဲ့မျှတစွာစီးပွားရှာမှု ၁၃၂

၃၅။ ဗိုလ်ချုပ်အောင်ဆန်း တင်ပြခဲ့တဲ့
စစ်မှန်သောတိုင်းရင်းသားစည်းလုံးရေးစကား ၁၃၆

၃၆။ ဗိုလ်ချုပ်တောင့်တတဲ့ ဆိုးတူကောင်းဘက်နေထိုင်စေလိုမှု ၁၃၉

၃၇။ ဗိုလ်ချုပ်အောင်ဆန်းရရှိခဲ့တဲ့
တိုင်းရင်းသားစစ်တပ်ရဲ့ယုံကြည်မှု ၁၄၄

၃၈။ ဗိုလ်ချုပ်အောင်ဆန်းမျှော်မှန်းတဲ့
နိုင်ငံတကာနဲ့ချစ်ကြည်ဆက်ဆံရေး ၁၄၇

၃၉။ ဗိုလ်ချုပ်အောင်ဆန်းလမ်းညွှန်ခဲ့တဲ့
တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး ၁၅၂


www.burmeseclassic.com

www.burmeseclassic.com


၄၀။ ဗိုလ်ချုပ်အောင်ဆန်းအာလေးဒ၊နက်ပြုခဲ့တဲ့
စည်းလုံးညီညွတ်မှု ၁၅၆

၄၁။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လွတ်လပ်ပြီး မြန်မာ့စီးပွားရေးအမြင် ၁၆၂

၄၂။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ တာဝန်ထမ်းဆောင်မှုသဘောထား ၁၆၇

၄၃။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ပြောသလိုလုပ်မယ့် ကတိစကား ၁၇၀

၄၄။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိခင်အမေစုပြောစကား ၁၇၄

၄၅။ ဗိုလ်ချုပ်အောင်ဆန်းဇနီးဒေါ်ခင်ကြည်ရဲ့ ရင်နှင့်အလွမ်းစကား ၁၇၇

၄၆။ ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရမှုအပေါ်
မဟာတ္တမဂန္ဓီကြီးရဲ့အမြင် ၁၇၉

၄၇။ ဗိုလ်ချုပ်အောင်ဆန်းအပေါ် ရှရီနေရူးရဲ့အမြင် ၁၈၁

၄၈။ ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရမှုအပေါ်
ကမ္ဘာ့ခေါင်းဆောင်အသီးသီးရဲ့အမြင် ၁၈၃

၄၉။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဘဝ အစ ... ဘဝ အဆုံး ၁၉၀


www.burmeseclassic.com

www.burmeseclassic.com

## အမှာစာ

(သို့မဟုတ်)

## ‘ ခွန်ခဲသူ ’ တစ်ဦးနှင့်ပတ်သက်၍

## ‘ စာပေနယ်မှ ခွန်ဝံ့သူနှစ်ဦး ’

## မှတစ်ဆင့် .....

—မိုးဝေစာပေ စာတည်းအဖွဲ့ဝင်တစ်ဦး —

(၁)

ဤအမှာစာသည်ဤသို့ဤနှယ် ပေါ်ပေါက်လာခဲ့ရပါ လေ၏။

ဤအမှာစာရေးပေးသင့်သည်ထင်၍ ရေးပေးရန် ဆုံးဖြတ်မိချိန်တွင် မိမိကိုယ်ကိုမိမိ အရေးကြီးသော ‘မေးခွန်း နှစ်ရပ်’ဖြင့် ပြန်လည်ဆန်းစစ်ကြည့်ခဲ့မိပါသည်။

၁။ ဗိုလ်ချုပ်အောင်ဆန်းကိုမီလိုက်လို့လား။

၂။ ဗိုလ်ချုပ်အောင်ဆန်းကိုအပြင်မှာ မြင်ဖူးလိုက် လို့လား။

www.burmeseclassic.com

www.burmeseclassic.com

(၂)

မမီလိုက်ဘဲရှိပါ့မလား။ မမြင်ဖူးဘဲရှိပါ့မလား။

ဂျပန်ခေတ် (၁၉၄၂)တွင် ကျွန်တော့်အသက် ငါးနှစ်ရှိနေပြီ။

၁၉၄၅ ခုနှစ် မတ်လ ဖက်ဆစ်တော်လှန်ရေး ဆင်နွှဲရန် ကျွန်တော့်ဦးလေး အိမ်မှလစ်ထွက်သွားကြချိန်တွင် ကျွန်တော် အိမ်ဝအထိ လိုက်ပို့ခဲ့သည်။ တော်လှန်ရေးကြီးအပြီး မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး ဗရပွစ်နှင့် ကျွန်တော့်ဦးလေးနှင့် သူငယ်ချင်းများ အိမ်ပြန်လာချိန်တွင် ကျွန်တော်အရင်ဆုံးမြင်၍ ပြေးကြိုနိုင်ခဲ့သည်။

ထိုအချိန်မှစ၍ ကျွန်တော်တို့အိမ်တွင် **'ဗိုလ်ချုပ်အောင်ဆန်း'** ဟူသော နာမည်တစ်လုံးသည် အိမ်သားတစ်ဦးပမာ တရင်းတနှီး သံမှိုစွဲ တည်မြဲနေခဲ့လေပြီ။

(၃)

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်လျက် လွတ်လပ်ရေးတိုက်ပွဲကြီး အပြင်းအထန်ဆင်နွှဲနေချိန်တွင် ဗိုလ်ချုပ်အောင်ဆန်း တရားပွဲများ ချိမ့်ချိမ့်သဲကျင်းပခဲ့သည်။ ရန်ကုန်မြို့အနှံ့ နေရာတိုင်းသို့ အိမ်သားများနှင့်အတူ ထမင်းချိုင့်ဆွဲလျက် လိုက်ပါနားထောင်ခဲ့ရသည်။ အလယ်ပစ္စယံ၊ ကန်တိုမင့်စခန်းခြံ၊

www.burmeseclassic.com

www.burmeseclassic.com

ဗန္ဓုလပန်းခြံစသည့် ဗိုလ်ချုပ်အောင်ဆန်း တရားဟောရာ နေရာများသို့ ပုစွန်တောင်တိုက်နယ် ပြည်သူ့ရဲဘော် ဘင်ခရာ တီးဝိုင်းနှင့် အကြိမ်ကြိမ် လိုက်ပါခဲ့ရသည်။ ပုစွန်တောင် ရွှေ ဘုန်းပွင့်ဘုရားအတွင်း ဗိုလ်ချုပ်အောင်ဆန်းတရားပွဲ ကျင်းပ သည့်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းကို အနီးကပ်မြင်လို၍ သူငယ်ချင်းများနှင့် ဘုရားထောင့်နေရာတစ်နေရာ ဦးခဲ့ဖူးသည်။

တစ်နေ့ ကန်တိုမင်ပန်းခြံတရားပွဲတွင် ဗိုလ်ချုပ် အောင်ဆန်းကို ဒုတိယအကြိမ် မနီးမဝေးမှ မြင်လိုက်ရသည်။ ရွှေဘုန်းပွင့်တရားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းကို ခြေဖျား ထောက်ကြည့်ခဲ့ရ၍ တစ်ဝက်တစ်ပိုင်းသာ မြင်ခဲ့ရသည်ဟု ဆိုနိုင်သည်။ ကန်တိုမင်ပန်းခြံ တရားပွဲတွင်မူ သံလျင်မြို့မှ ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင် ဘကြီးဦးရွှေခိုင်၏ ပခုံးပေါ်မှ ကြည့်ခွင့် ရ၍ ဗိုလ်ချုပ်အောင်ဆန်းရုပ်သွင်ကို ကောင်းကောင်းကြီး မှတ်မှတ်ရရ တွေ့လိုက်ရသည်။

(၄)

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉)ရက်၊ စနေနေ့။

ထိုနေ့က ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရသည့်သတင်း ကြားလိုက်ရ၏။ ကစားနေရာမှ မိုးထဲလေထဲတွင် အိမ်သို့အပြေး အလွှား ပြန်ခဲ့ရသည်။ မှတ်မှတ်ရရ အိမ်သားများ၊ အိမ်နီးချင်း

www.burmeseclassic.com

www.burmeseclassic.com

များ၊ ညေ့သည်များနှင့်အတူ မိုးကြီးနှင့်အပြိုင် ငိုပွဲဆင်ခဲ့ရသည်။ ဗိုလ်ချုပ်တို့ကို သတ်သွားသူကို သွားသတ်မည့် လူငယ်တစ်စုကို ဝိုင်းဆွဲတားနေကြသည့် မြင်ကွင်းကိုလည်း ယနေ့အထိ မမေ့နိုင်သေးပါ။ ထိုနေ့က ကျွန်တော်တို့ နံနက်စာပင် စားမိခဲ့ကြပါလေစ။

ဗိုလ်ချုပ်အောင်ဆန်း နှင့် အာဇာနည်ကြီးများ၏ ထီးဖြူကြီးများဆောင်းထားသည့် ရုပ်ကလာပ်များကို ယာယီထားရှိရာ ဂျူဘလီဟော (ယခုတပ်မတော်ပြကိုက်နေရာ)သို့ အိမ်သားများနှင့်အတူ ဆယ်ကြိမ်ထက်မနည်းသွားရောက် အလေးပြုခဲ့ကြသည်။ မျက်ရည် အကြိမ်ကြိမ်ကျခဲ့မိသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့ ရုပ်ကလာပ်များကို ဂျူဘလီဟောမှ အာဇာနည်ကုန်းသို့ ပို့ဆောင်သည့်နေ့တွင် အာဇာနည်ကုန်းနှင့်အနီးဆုံးလမ်းဘေးဝဲယာတစ်လျှောက် ရန်ကုန်တစ်မြို့လုံး (အနယ်နယ်အရပ်ရပ်မှ အပါအဝင်) ဗိုလ်ချုပ်ကို ချစ်ခင်လေးစားခဲ့သူများဖြင့် ခြေချစရာမရှိအောင် စောင့်ကြိုနေကြသည်။ ထိုလူအုပ်ကြီးထဲတွင် ကျွန်တော်တို့ အိမ်သားများလည်း နံနက်(၇း၀၀)နာရီလောက်ကစ၍ လာရောက်စောင့်ဆိုင်းနေခဲ့ကြသည်။ ထီးဖြူကြီးများမိုးလျက် ကားတစ်စီးလျှင် ရုပ်ကလာပ်တစ်ခုစီ တင်ဆောင်လာသော ကားတန်းကြီးက တရွေ့ရွေ့ဖြတ်ကျော်သွားချိန်တွင် ငိုရှိုက်သံများ ထွက်ပေါ်လာ

www.burmeseclassic.com

www.burmeseclassic.com

သည်။ အလေးပြုသူ၊ ထိုင်လျက်ရှိခိုးသူ၊ လက်ဝှေ့ရမ်းနှုတ်ဆက်လိုက်ကြသူများကြားတွင် ကျွန်တော်တို့ အိမ်သားများလည်း မျက်ရည်ရစ်ဝဲလျက် . . . . .

(၅)

ကလောင်သစ်တစ်ဦးမဟုတ်သော ကျွန်တော့်ရေးဖော်ရေးဖက်ကြီး 'ဇင်ဘဦး' က,ဗိုလ်ချုပ်အောင်ဆန်းအကြောင်းစာအုပ်တစ်အုပ်ပြုစုနေသည်ဟု ပြောလာသောအခါ 'မရေးပါနှင့်တော့ဗျာ'ဟု မပြောမိအောင် မနည်းချုပ်တည်းထားခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို စာရေးဆရာအတော်များများက စာအုပ်စာတမ်းများ ပလူပျံနေအောင် ရေးခဲ့၊ ရေးဆဲဖြစ်သောကြောင့်ပင်။ ဇင်ဘဦး၏ စာအုပ်မှာလည်း ဗိုလ်ချုပ်အောင်ဆန်းအကြောင်း မည်းပြာပုဆိုး အတန်းအစားထဲကထွက်နိုင်မည် မဟုတ်ဟုလည်း ဒထင်များစွာမကြီးမိခဲ့ပေ။

ပြောလျှင်ပြောသလို လုပ်တတ်သည့် ဆရာဇင်ဘဦးကိုယ်တိုင် တစ်နေ့တွင်စာမူတစ်ထပ်ကြီးနှင့် ရောက်လာသောအခါ မဖတ်ချင်၍မရ။ ဝတ်ကျေတန်းကျေသဘောဖြင့် ခပ်ပေါ့ပေါ့ဖတ်ခဲ့မိသည်။ သို့ရာတွင် ဖတ်ရင်းဖတ်ရင်း ဆရာဇင်ဘဦးသည် ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို ဒမားရိုးကျအမြင်ဖြင့်မရေး။ ငါးပွက်ရာ ငါးစာမချ။ လွန်ခဲ့သောနှစ်ပေါင်း

www.burmeseclassic.com

www.burmeseclassic.com

သုံးဆယ်ကျော်က ရန်ကုန်မြို့လယ် ယုဇနရုံ **(carlton)တွင်** ပြသခဲ့သော Fantastic voyage ဇာတ်ကားထဲမှ **ဇာတ်ကောင်တစ်ဦး**ကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ခေတ်နှင့် **စိတ်နေစိတ်ထား**ကို အတွင်းသို့ဝင်လျက် အနီးကပ်လေ့လာနိုင်ရန် **ကြိုးပမ်းထားပါ**ကလားဟု သဘောပေါက်မိတော့သည်။ ထိုမျှသာလော **မဟုတ်**သေးချေ . . .

(၆)

ဤစာအုပ်နှင့် ပတ်သက်၍

'ဗိုလ်ချုပ်အောင်ဆန်း စိတ်နေစိတ်ထားကို ခေတ်လူငယ်တွေ နားလည်သဘောပေါက်ဖို့ အဓိကရည်ရွယ်ရေးထားတာပါ' ပွင့်ပွင့်လင်းလင်း ဆိုလာသော သမိုင်းသုတေသီ "ဆရာဇင်ဘဦး"၏ ကောင်းမွန်သော ရည်ရွယ်ချက်-

"ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရှုထောင့်တစ်ခုကကြည့်မြင်ရေးသားထားတဲ့အတွက် ဒီခေတ်လူငယ်တွေ သဘောပေါက်စေဖို့ အတုယူ အားကျစေဖို့ စေတနာနဲ့ ရှုံးချင်ရှုံး၊ မြတ်ချင်မြတ် ထုတ်ပေးမယ်ဗျာ" ဟုရဲရဲဝံ့ဝံ့ ပြောလာသော မိတ်ဆွေစာပေမှ ဆရာဦးမြသိန်း၏ ဖြောင့်မှန်သောစေတနာ-

ဤသို့သော . . .

"စွန့်ဝံ့သူ စာပေလောကသား" နှစ်ဦး၏ ကောင်းမြတ်

www.burmeseclassic.com

www.burmeseclassic.com

သော ရည်ရွယ်ချက်နှင့်စေတနာ နှစ်ထွေပေါင်းစပ် လှုံ့ဆော်မှု မှတစ်ဆင့် ဤစာအုပ်မျိုးကို နိုင်ငံတည်ဆောက်မည့် အနာဂတ် လူငယ်များလက်သို့ အမြန်ဆုံးအရောက်ပို့သင့်သည်ဟု ယုံကြည် သွားမိသည့်အလျောက် . . .


(၇)

ဤအမှာစာသည် ဤသို့ ဤနှယ် ပေါ်ပေါက်လာခဲ့ရပါ လေ၏။

**မိုးကြယ်စာပေစာတည်းအဖွဲ့ဝင်တစ်ဦး**

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

တိုတောင်းလှသော ဘဝအတွင်း
ဗိုလ်ချုပ်သည် .....
မောင်အောင်ဆန်းအခါ၌လည်းကောင်း၊
သခင်အောင်ဆန်းအခါ၌လည်းကောင်း၊
ဗိုလ်တေဇအဖြစ်၌လည်းကောင်း၊
ဗိုလ်ချုပ်အောင်ဆန်းအခါ၌လည်းကောင်း၊
တိုင်းပြည်နှင့်လူမျိုးအတွက် ဆောင်ရွက်ခဲ့၏။
ထို့ကြောင့်လည်း .....
လူပင်သေသော်လည်း အမည်မသေဘဲ
မြန်မာသမိုင်းတစ်လျှောက်လုံးတွင်
ဥဒါန်းတွင်လျက် ရှိနေပေဦးမည်။ ။

မောင်ထင်
မြန်မာ့နိုင်ငံရေးသုခမိန်

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံရေး .....
အတွေးအခေါ်
အမြော်အမြင်ရှိသူ
မောင်အောင်ဆန်းအဖို့ကား
လက်ရုံးအားကိုးဖြင့် သိမ်းပိုက်ထားသောနိုင်ငံကို
လက်ရုံးအားကိုးဖြင့်သာ လွတ်လပ်အောင်
ဆောင်ရွက်ရမည်ဟု ပိုင်းဖြတ်ထားသည်။ ။

မောင်ထင်
မြန်မာ့နိုင်ငံရေးသုခမိန်မှ .....

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းနာယူခဲ့ရတဲ့ ပခုက္ကူဆရာတော်ဩဝါဒ

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၆–ခုနှစ်၊ ဌနီလတွင် ပခုက္ကူဆရာတော်ဘုရား အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာထံ၌ ဩဝါဒခံယူခဲ့ဖူးပါသည်။ ထိုစဉ်က ဆရာတော်သည် ရန်ကုန်မြို့၊ ချောက်ထပ်ကြီးဘုရားကြီးတိုက်၌ မဟာသံဃာ့အစည်းအဝေးကြီးရှိလေသည်။

မဟာသံဃာ့အစည်းအဝေးကြီးအပြီး ခေတ္တအနားယူနေတော်မူခိုက်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ပခုက္ကူဆရာတော်ဘုရားထံသို့ဝင်၍ ဖူးမြော်လေသည်။

ဆရာတော်ဘုရားအရှင်ပညာက ဗိုလ်ချုပ်အောင်ဆန်းအား ကြည့်၍ ဤသို့မိန့်လေသည်။

"မောင်အောင်ဆန်း၊ ဗိုလ်ချုပ်ဆိုလို့ တော်တော်ကြီးပလားအောက်မေ့တယ်။ တယ်မကြီးသေးပဲကိုး။ ကြုံတုန်းကြုံခိုက် ဆရာတော် ဩဝါဒ နည်းနည်းပေးပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ချုပ်တို့ လွတ်လပ်ရေးရပြီးရင် တို့သာသနာရေး ကိစ္စလည်း ပစ်မထားနဲ့။ သာသနာတော်ကြီးရဲ့ အကြီးအကဲ ဆရာတော်များနဲ့တိုင်ပင်ပြီး သာသနာရေးကိစ္စတွေ လုပ်ရ လိမ့်မယ်လို့ စိတ်ကူးထည့်ထားပါလေ"

"ဒို့အပြင် 'သည်းခံ, နိုးကြား, သနား, ထကြွ, နှိစ္စမသွေ ခွဲဝေ, ရှုဘတ်, သူမြတ်တို့ဂုဏ်' ဆိုတဲ့အတိုင်း အကြီးအကဲ တို့ရှိရမယ့် ဂုဏ်ခြောက်ပါးအနက် အထူးသဖြင့် နိုးနိုး ကြားကြား သတိဝီရိယ သတိပြုရမယ်"

ဒါယကာကြီးဗိုလ်ချုပ် .....

"မြှောက်တိုင်းလည်း မမြောက်နဲ့"

"မမြောက်ဘဲလည်း မနေရာ"

"ခြောက်တိုင်းလည်း မကြောက်နဲ့"

"မကြောက်ဘဲလည်း မနေရာ"

ဆိုတဲ့ဩဝါဒ လေးချက်ကိုလည်း သတိပြုပါလေဟူ၍ မိန့်ကြားတော်မူလေသည်။

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းမျှော်မှန်းခဲ့တဲ့ အနာဂတ်သာသနာ ရည်မှန်းချက်

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇-ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂၇-ရက် (၁၃၀၈-ခုနှစ်၊ တပေါင်းလဆန်း၊ (၄)ရက်နေ့ ရန်ကုန်မြို့၊ မြို့တော်ဝန်ခန်းမ၌ ကျင်းပပြုလုပ်သော ပထမပြန်ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ဤသို့ဟောကြားလေသည်။

ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံတော် အမှုဆောင်ဝန်ကြီးများအဖွဲ့၏ ဒုတိယဥက္ကဋ္ဌအနေဖြင့် သာသနာရေး ကိစ္စများနှင့်ပတ်သက်၍ သူ့အမြင်၊ သူ့အထင်ကို ရဲရဲဝံ့ဝံ့၊ ပွင့်ပွင့် လင်းလင်းတင်ပြဟောကြားထားရာ၌ .....

"ဒီနေ့ ဆုနှင်းသဘင်ကြီးမှာ လာရောက်စကားပြောရ တာဟာ အစိုးရအဖွဲ့ဝင်ခေါင်းဆောင်တစ်ဦးဖြစ်တဲ့အတိုင်း ဝတ္တရားနဲ့လာရောက်ပြောရခြင်းဖြစ်ပါတယ်။ ဗုဒ္ဓဘာသာ ကိုးကွယ်တဲ့ လူမှန်သမျှ ဘုရား၊ တရားကို အမြဲတမ်းရှိခိုး ကိုင်းရှိုင်းကြတယ်၊ ယုံကြည်ကြတယ်လို့လည်း ယူဆ မိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်လည်း ငါးပါးသီလကို အမြဲဆိုသလို စောင့်ထိန်းခဲ့ပါတယ်။ ဒါပေမယ့် စစ်သားဖြစ်လို့ စစ်တိုက်တဲ့အခါမှာတော့ ငါးပါးသီလကို မစောင့်ထိန်းနိုင်ခဲ့ပါဘူး"

"များသောအားဖြင့် လူတွေဟာ ဘုရား၊ တရားကို ဆည်းကပ်ခြင်းမရှိဘဲ ဒုက္ခတွေ့ချိန်ကျမှ ဘုရား၊ တရားကို ပိုပြီး သတိရကြပါတယ်။ ဒီလိုပါပဲ။ နိုင်ငံရေးသမားများဟာလည်း ရွေးကောက်ပွဲနီးလို့ လာပြီးကပ်တယ်ထင်မှာ စိုးတဲ့အတွက် ခုမှပဲလာရခြင်းဖြစ်တယ်"

"ပထမပြန်စာမေးပွဲဟာ ရှေးမြန်မာမင်းတို့ လက်ထက်ကစပြီး ဗုဒ္ဓဘာသာ၊ သာသနာတော်မှာ အကြီးဆုံးစာမေးပွဲဖြစ်တယ်။ အင်္ဂလိပ်အစိုးရလက်ထက် ရောက်တဲ့အခါမှာလည်း ပထမပြန်စာမေးပွဲကို ကျင်းပမြဲလုပ်တယ်။ ကျင်းပရတဲ့အကြောင်းက မင်းတို့ရဲ့ ပရိယာယ်အရ ကျင်းပပေးခြင်းဖြစ်တယ်။ အုပ်ချုပ်တဲ့အခါမှာ ဘာသာရေးနဲ့ ပတ်သက်ပြီး အယူစွဲနေတာကိုသိလို့ ကျင်းပတာပဲ"

"ဥရောပတိုက်မှာ နှစ်ပေါင်းသုံးဆယ်ကျော်လောက်က ဘာသာနဲ့ပတ်သက်ပြီး စစ်ပွဲကြီးဖြစ်ခဲ့တယ်။ ဘာသာမတူတဲ့အတွက် တိုင်းပြည်တစ်ပြည်နဲ့တစ်ပြည် ဖိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်။ နောက်ဆုံးကျတော့ သင်ခန်းစာတစ်ခုရသွားပြီး သာသာရေးနဲ့ ပတ်သက်လို့ လွတ်လွတ်လပ်လပ် ကိုယ့်ဆန္ဒအတိုင်း ကိုယ်ယုံကြည်ရာဘာသာကို ယူနိုင်တဲ့ ထုံးတမ်းတစ်ရပ် ဖြစ်လာတယ်”

“ဗုဒ္ဓဘာသာထဲမှာ လူတစ်ပိုင်းဖြစ်နေတာတွေကို တပည့်တော်တို့ မကြိုက်မနှစ်သက်ပါဘူး။ တပည့်တော်ဘုန်းကြီးလုပ်ဖို့ နှစ်ခါတောင် စိတ်ကူးခဲ့ပါသေးတယ်။ မအောင်မြင်ဘူး။ မအောင်မြင်တာလည်း ခပ်ကောင်းကောင်းပဲ။ မြန်မာပြည် မလွတ်လပ်သမျှ ကျွန်လူမျိုးဘဝနဲ့ရှိတဲ့အခါမှာ ကျွန်သာသနာပဲ ဖြစ်နေတယ်။ ကျွန်နိုင်ငံဖြစ်နေသမျှ ကာလပတ်လုံး သာသနာတော်ဟာ မကြီးပွားနိုင်ဘူး”

“ခေတ်ပြောင်းတဲ့အကြောင်းနဲ့ပတ်သက်ပြီး လျှောက်ထားပါရစေ။ ခေတ်ပြောင်းတဲ့အတွက် ဗုဒ္ဓဘာသာဝင်များ ပိုမိုနားလည်အောင် ပါဠိဘာသာနဲ့ထုတ်ဝေထားတဲ့ အဖိုးတန်ကျမ်းဂန်များကို မြန်မာစာနဲ့ပြန်ဆိုရေးသား ပြောင်းလဲရင် ဗုဒ္ဓဘာသာဝင်တို့ဟာ ဘုရား၊ တရား၊ သံဃာ အကြောင်းတွေ နားလည်လာလိမ့်မယ်။ ဥပမာ–ဩကာသဆိုတဲ့ ပုဒ်ရဲ့အနက်အဓိပ္ပာယ်ကို တချို့မသိကြဘူး”

www.burmeseclassic.com

www.burmeseclassic.com



"မြတ်စွာဘုရားသခင် ကျင့်ထုံးများကိုလည်း သာသနာတော်ကြီးပွားထွန်းကားအောင် သွယ်ဝိုက်တဲ့နည်းတိုက်ပွဲတစ်ခု ဖြစ်တယ်လို့ ယူဆမိတယ်"

"နောက်ဆုံးတင်ပြလျှောက်ထားလိုတာက အခုအခါ ရွေးကောက်ပွဲနီးပြီး သာသနာကြီး ကြီးပွားတိုးတက်အောင် လုပ်မယ်ဆိုတဲ့ စကားနဲ့ဆွယ်တရားဟောပြောကြတဲ့ လူပုဂ္ဂိုလ်များကို သတိထားကြပါ။ တကယ်တမ်း လွတ်လပ်ရေးကို ဆောင်ရွက်တဲ့လူပုဂ္ဂိုလ်များကိုတော့ အားပေးချီးမြှောက်ကြပါ"

ဖိတ်ခေါ်စာပေ
www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံသယံဇာတများအပေါ်အမြင်

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်၏သယံဇာတများကိစ္စတွင် အထူးအလေးပေး မိန့်မှာခဲ့ဖူးပေသည်။ မိန့်ခွန်းထဲ၌ပင် **'ကျွန်ုပ်တို့ ပြည်သူများ၏ အကျိုးစီးပွားအတွက် အကောင်းဆုံးဖြစ်အောင် သုံးနိုင်သရွေ့'** ဟူသော စကားရပ်ကို အလေးအနက်ထား၍ ထည့်သွင်းပြောကြားခဲ့သည်ကို သတိပြုမိသည်။

တစ်ဦးတစ်ယောက်ကောင်းစားရေး၊ **ကိုယ်တို့ကောင်းစား**ရေး၊ မိမိအစွယ်အပွားကောင်းစားရေး၊ ဆွေမျိုးကောင်းစားရေးစသည်တို့ကို ရှေးမရှုဘဲ တိုင်းပြည်နှင့် ပြည်သူပြည်သားကောင်းစားရေး အတွက်သာ ကြည့်ခဲ့ မြင်ခဲ့ ရှေ့ရှုခဲ့သည်ကို တွေ့ခဲ့ရပေသည်။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ပြည်တွင်းစီးပွားရေး ထူထောင်မှုနှင့်ပတ်သက်၍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းက တိုင်းပြည်ကို မိန့်ခွန်းပြောကြားခဲ့ဖူးသည်။ ထို မိန့်ခွန်းမှာ ၁၉၄၆–ခုနှစ်၊ မေလ၊ ၁၆–ရက်နေ့ကဖြစ်သည်။ မိန့်ခွန်းထဲ၌ .....

"ကျွန်ုပ်တို့ တိုင်းပြည်တွင် သယံဇာတပေါကြွယ်၍ ယင်းသည်ပင် ကျွန်ုပ်တို့နိုင်ငံ၏ ခနဖြစ်ပေသည်၊ ကျွန်ုပ်တို့ သုံးချင်သလို သုံးနိုင်သော ယင်းကဲ့သို့ကြွယ်ဝသည့် တိုင်းပြည်နေရှိနေပြီး ၎င်းကိုကျွန်ုပ်တို့ပြည်သူများ၏ အကျိုး စီးပွားအတွက် အကောင်းဆုံးဖြစ်အောင် သုံးနိုင်သရွေ့ ဘဏ္ဍာရေးရှားပါးမှုကို ကျွန်ုပ်တို့ပူပင်စရာမလိုပေ"

ဟူ၍ထည့်သွင်းမိန့်ကြားခဲ့၏။

မြန်မာနိုင်ငံရှိ 'တိုင်းပြည်၏ သယံဇာတများ' ဆိုသည်မှာ မြေပေါ်မြေအောက်တွင်ရှိနေသော အဖိုးထိုက်တန်ဘဏ္ဍာရတနာ သိုက်ကြီးဖြစ်ပါသည်။ ထိုရတနာသိုက်ကြီးကား ဆန်ရေစပါးများ၊ ရွှေ၊ ငွေကျောက်မျက်ရတနာများ တွင်းထွက်သတ္တုများနှင့် သစ်တောကြီးများဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသဘာဝရတနာသိုက်ကြီးများမှာ ကျွန်ုပ်တို့ တိုင်းသူပြည်သားများ စားသုံး၊ သုံးစွဲမကုန်နိုင်အောင်ရှိနေကြောင်းကို ဗိုလ်ချုပ်အောင်ဆန်းက ထောက်ပြခဲ့သည်။

ထို့အပြင် ၁၉၄၇-ခုနှစ်၊ မတ်လ၊ ၁-ရက်နေ့တွင်လည်း ဗိုလ်ချုပ်အောင်ဆန်းက စစ်ပြီးခေတ် သစ်လုပ်ငန်းအခြေအနေနှင့် ပတ်သက်ပြီး မြန်မာပြည် အင်္ဂလိပ်ကုန်သည်ကြီးများအသင်း၌

"သစ်ကို အစိုးရက နိုင်ငံခြားနှင့်ပြည်တွင်းသုံးအတွက် လိုသလောက်ရအောင်နှင့် စစ်မဖြစ်မီက ရောင်းဝယ်ရေး အခြေအနေသို့ရောက်အောင် ကြိုးစားလျက်ရှိကြောင်း"

ဟု ဘွင်းဘွင်းရှင်းရှင်း ပြောကြားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်း မလိုလားတဲ့ မဟာရာအခွင့်အရေးယူမှု

၁၉၄၆–ခုနှစ်၊စက်တင်ဘာလ၊ ၂၆–ရက်ကြာသပတေးနေ့ ... နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို ၄င်းတို့လက်အောက်ခံ ကျွန်နိုင်ငံအဖြစ်သာထားလိုသည်။ ကျွန်နိုင်ငံအဖြစ်ဆက်လက်ထား ရှိတာ မြန်မာနိုင်ငံ၏ သယံဇာတများဖြစ်သော ဆန်စပါးများ၊ ကျွန်းသစ်များ၊ ရေနံများ၊ သတ္တုပစ္စည်းများအား ၄င်းတို့စိတ်ကြိုက် ထုတ်ယူ၍ အမြတ်ထုတ်ခေါင်းပုံဖြတ်နိုင်ရန်အလို့ငှာ စစ်ကြီးမပြီးခင် ကတည်းက 'စက္ကူဖြူ' စာတမ်းကို စီမံရေးဆွဲထားခဲ့ပြီးဖြစ်သည်။

သို့သော် ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် မြန်မာတစ်မျိုး သားလုံးနိုးကြားလျက်ရှိနေပေပြီ။ လူထုကြီးတစ်ရပ်လုံးက ဗိုလ်ချုပ် အောင်ဆန်းကို ထောက်ခံအားပေးနေကြပြီ။ လွတ်လပ်ရေးပေးရန် တစ်ခဲနက်တောင်းဆိုနေကြပြီ။ ကြွေးကြော်တောင်းဆိုနေကြသဖြင့် ထိုအချိန်က ဗြိတိန်နိုင်ငံတွင် အာဏာရလေဘာပါတီခေါင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com


များက အခြေအနေမှန်ကို သုံးသပ်လျက် ရန်ကုန်ရှိဗြိတိသျှ ဘုရင်ခံကို ညွှန်ကြားလိုက်သည်။ ထိုညွှန်ကြားချက်၌ "အောင်ဆန်းကိုအုပ်ချုပ်ရေးအာဏာပေးလိုက်တော့" ဟူ၍ဖြစ်သည်။

ထိုစဉ်က မြန်မာနိုင်ငံသည် လုံးဝလွတ်လပ်ရေးမရသေးပေ။ ဘုရင်ခံအုပ်ချုပ်နေဆဲပင်။ သို့ဖြစ်၍ အစိုးရအဖွဲ့ (ဝန်ကြီးအဖွဲ့ Cabinet) ဟုခေါ်သော ဘုရင်ခံ၏ အမှုဆောင်ကောင်စီဖြစ်သည်။ ထိုအဖွဲ့ထဲတွင် သဘာပတိက ဘုရင်ခံ။ ဒုတိယသဘာပတိကား ဗိုလ်ချုပ်အောင်ဆန်း။ ဗိုလ်ချုပ်အောင်ဆန်းက ဝန်ကြီးအဖွဲ့ကို ဦးစီးကွပ်ကဲရသည်။

ဘုရင်ခံမှာမူ နာမည်ခံသက်သက် သဘာပတိဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းကမူ နိုင်ငံခြားရေး၊ ကာကွယ်ရေးဝန်ကြီးဌာနများကိုပါ ကိုင်တွယ်ကွပ်ကဲရသည်။ ဝန်ကြီးချုပ်အာဏာအပြည့်ကို ရရှိထားသည်။ ထိုသို့ကိုင်တွယ်ကွပ်ကဲလိုက်ရသောအခါ၌ ဗိုလ်ချုပ်အောင်ဆန်းသည် ရှေ့၌ဖြစ်လာမည့် အရေးတွေကို ကြိုတင်တွက်မိသည်။

ထို့ကြောင့် ဘုရင်ခံအိမ်တော်မှ တာဝါလိမ်းလမ်း (ယခု နတ်မောက်လမ်းသွယ်)နေအိမ်သို့ ရောက်ရောက်ချင်းပင် ဗိုလ်ချုပ်နှင့်လှ အားခေါ်၍ ...


www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်၊ ဒီနေ့ကစပြီး ငါဟာအစိုးရအဖွဲ့ခေါင်းဆောင် ဝန်ကြီးဖြစ်လာပြီ။ မင်းကလည်း ငါ့ရဲ့ပီအေ (အပါးတော်မြဲ အတွင်းဝန်)အဖြစ် တစ်ရက်နှစ်ရက်အတွင်း ပြန်တမ်း ထွက်လာလိမ့်မယ်။ အစိုးရအဖွဲ့အနေနဲ့ ငါတို့မှာ အဆောင် အယောင် အခွင့်အရေးတွေလည်း ရလာလိမ့်မယ်။ ငါ အခုပြောနေတာကို မင်းမြဲမြဲ မှတ်ထားစမ်း။ အာဏာရတယ် ဆိုရင်ပဲ ငါတို့ကို ချဉ်းကပ်အကူအညီတောင်းတာတွေ လည်း လာလိမ့်မယ်။ ဒီတော့ ငါ့ရဲ့ဆွေမျိုးတွေ၊ ငါ့မိန်းမ ဘက်က အမျိုးတွေ၊ ပြီးတော့ မင်းနဲ့ပတ်သက်တဲ့အပေါင်း အသင်းတွေအားလုံး ဘယ်သူ့ကိုမှ မတရားအခွင့်အရေး မပေးရဘူး။ သူတို့အကူအညီတောင်းတာကို လုပ်မပေး ရဘူး။ မင်းတို့ငါတို့ကလည်း ဘယ်သူ့ဆီကမှ အကူအညီ မယူရဘူး။ အဲဒါအိမ်မှာ အားလုံးကိုပြောထားလိုက်။ ငါအခုပြောတဲ့အတိုင်း မလိုက်နာရင် မင်းနဲ့ငါနဲ့ အသိပဲ" ဟူ၍ညွှန်ကြားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းပြောတဲ့ ပြည်ထောင်စုစိတ်ဓာတ်

၁၉၄၇–ခုနှစ်၊ ဇန်နဝါရီလ၊ ၂၄–ရက်နေ့တွင် ပထမဦးဆုံး အကြိမ်၌ ရှမ်းစော်ဘွားများနှင့်တွေ့ဆုံသည့် ဆွေးနွေးပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းက အဖွင့်မိန့်ခွန်းပြောသည်။

ထိုစဉ်က ဝန်ကြီးချုပ်မစ္စတာအက်တလီသည် မြန်မာပြည်ဘုရင်ခံ၏ အမှုဆောင်ကောင်စီမှ မြန်မာကိုယ်စားလှယ်အဖွဲ့အား ဗြိတိသျှအစိုးရအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးဖို့ဖိတ်ခဲ့သည်။ ထို့အပြင် ရှမ်းပြည်နယ်အပါအဝင်တောင်တန်းဒေသရှိ တိုင်းရင်းသားပေါင်းစုံသည် ဗမာနှင့်ပူးပေါင်းကာ လွတ်လပ်ရေးကို အတူတကွယူနိုင်ရေးအတွက် တိုင်းရင်းသားခေါင်းဆောင်ကြီးတို့၏ သဘောတူညီချက်လက်မှတ်များပါ တစ်ပါတည်းလန်ဒန်သို့ယူရန်စည်းရုံးရေးဆင်းခဲ့ကြရသည်။

သူ့မိန့်ခွန်းထဲတွင် ......

"ကျွန်ုပ်တို့ဗမာပြည်လွတ်လပ်ရေးအတွက် အင်အားကုန် အားတိုက်ဆောင်ရွက်နေကြပါတယ်။ ကမ္ဘာ့အခြေအနေ

www.burmeseclassic.com

www.burmeseclassic.com


ကိုလည်းကောင်း၊ ဗမာပြည်ရဲ့အခြေအနေကိုလည်းကောင်း ထောက်ဆပြီး ဗမာပြည် လွတ်လပ်ရေးစခန်းမှာ နီးကပ်လျက်ရှိနေပါတယ်။ ကျွန်တော်တို့ ဗမာပြည်လွတ်လပ်တဲ့အခါ ရှမ်းပြည်ဟာလည်း ဗမာပြည်နဲ့အတူ လွတ်လပ်စေလိုပါတယ်”

ဟုသဘောထားကို ပွင့်ပွင့်လင်းလင်းပြောသည်။

“ယခုလိုကျွန်တော်အကြံပေးတာကိုမှ သဘောမတူဘဲ အင်္ဂလိပ်လက်အောက်မှာ နေချင်သေးတယ်။ သူတို့ပြုသမျှပဲ ခံချင်သေးတယ်ဆိုရင်တော့ ခင်ဗျားတို့ရဲ့ သဘောအတိုင်းပဲ။ သို့သော် နောင်ကို ကျွန်တော်တို့ကို အဆိုးမဆိုပါနဲ့။ ကျွန်တော်တို့က နယ်ချဲ့သမားများကို အပြင်းအထန် ချရတော့မှာဖြစ်လို့ နယ်ချဲ့သမားနဲ့ပူးနေတဲ့ လူများကိုလည်း ချရမှာပဲ”

ဟု မထောက်မညှာဘဲ ပြောဆိုခဲ့ရသည်မှာ နယ်ချဲ့လက်အောက်မှ တစ်မျိုးသားလုံး လွတ်မြောက်စေလိုသော စေတနာ အရင်းခံပင်ဖြစ်လေသည်။


www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်း၏ ရှောင်ရှားကြိုတွက်တတ်မှု

ဗိုလ်ချုပ်အောင်ဆန်းသည် အတွင်းဝန်ရုံးတွင် အစိုးရအဖွဲ့အကြီးအကဲအဖြစ် နေ့စဉ်ရုံးထိုင်နေစဉ်ကဖြစ်ပါသည်။ ထိုစဉ်တစ်ဖက်ခန်းထဲ၌ ရုံးထိုင်နေသော ဗိုလ်ထွန်းလှ (စာရေးဆရာတက္ကသိုလ်နေဝင်း)အား ဘဲလ်တီး၍ခေါ်လိုက်ပါသည်။ ထို့နောက်ဒီကနေ့အဖို့ အစည်းအဝေးရှိမရှိမေးသည်။ ဗိုလ်ထွန်းလှကလည်းယနေ့အဖို့အစည်းအဝေးမရှိကြောင်းဖြေသည်။

အစည်းအဝေးမရှိကြောင်းကို ဗိုလ်ချုပ်အောင်ဆန်းသိသောအခါ၌ ရုပ်ရှင်ကြည့်လိုကြောင်း ပြောပြသည်။ ဗိုလ်ချုပ်ကို ဘယ်လိုကားမျိုးကြည့်ချင်သလဲဟုမေးသည်။ ဗိုလ်ချုပ်က ပလေဒီယံရုံမှာပြသနေသည့် အင်္ဂလိပ်ဟာသကားကြည့်ချင်သည်ဟုဆိုသည်။

ထို့ကြောင့်ဗိုလ်ထွန်းလှကလည်း ရုပ်ရှင်ရုံကိုကြိုတင်ဖုန်းဆက်ထားလိုသဖြင့် တယ်လီဖုန်းခွက်ကိုကောက်ကိုင်လိုက်ရာဗိုလ်ချုပ်ကချက်ချင်းတားလိုက်ပြီး .....

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ၊ မင်းကရုံမန်နေဂျာကို တယ်လီဖုန်းဆက်ပြီး မေတ္တာလက်မှတ်တောင်းမလို့မဟုတ်လား။ မတောင်းရဘူး။ ရုပ်ရှင်ကြည့်ရင် ပိုက်ဆံနဲ့လက်မှတ်ဝယ်ကြည့်ရမယ်။ မေတ္တာလက်မှတ် တောင်းတယ်ဆိုတာ အခွင့်အရေးယူတာ တစ်မျိုးပဲ။ မင်းတို့ငါတို့အနေနဲ့ မေတ္တာလက်မှတ် တောင်းရင် မန်နေဂျာက လက်မှတ်နှစ်စောင်မဟုတ်ဘူး။ ဆယ်စောင်လည်းပေးမှာပဲ။ မင်းကအရှည်ကို မစဉ်းစား ဘဲကို။ ရုပ်ရှင်ရုံပိုင်ရှင်တို့ မန်နေဂျာတို့ဆိုတာ စီးပွားရေး သမားတွေကွ။ သူတို့က အခွင့်အရေးတစ်ခုပေးပြီးရင် ဆယ်ခုပြန်တောင်းလိမ့်မယ်။ • ဒါမျိုးတွေ ငါမကြိုက်ဘူး။ ကဲ ... မင်းမှာပိုက်ဆံဘယ်လောက်ရှိသလဲ"

ဟု ရှေ့နောက်အမျှော်အမြင်ကြီးသော ဗိုလ်ချုပ်က ပြင်းပြင်း ထန်ထန် ကန့်ကွက်လိုက်ပါသည်။

သို့ဖြစ်၍ ဗိုလ်ထွန်းလှမှာ ဖုန်းမဆက်ရဲတော့ဘဲ အိတ်ထဲ နှိုက်ကြည့်ရာ ငွေစက္ကူတစ်ကျပ်တန်သုံးရွက်ထွက်လာသည်။ ထိုငွေ သုံးကျပ်ကို ဗိုလ်ချုပ်ကကြည့်ပြီး .....

" ..... သုံးကျပ်မဟုတ်လား၊ ဒါဆိုရင်ဖြစ်တယ်။ မင်း မကြည်နဲ့ကလေးတွေလိုက်မှာမဟုတ်ဘူး။ ဒီတော့မင်းနဲ့ငါ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ပဲ ညနေခြောက်နာရီခွဲပွဲမှာ ဇါးမှုးတန်းက လက်မှတ်ဝယ်ကြည့်ကြမယ်။ ဇါးမှုးတန်းလက်မှတ်နှစ်စောင် ဆိုတော့ တစ်ကျပ်ပဲကုန်မှာမို့ မင်းမှာငွေနှစ်ကျပ်တောင် ကျန်ဦးမယ်။ အဲဒီအတိုင်းသာ စီစဉ်ပေတော့”

ဟုဆုံးဖြတ် လိုက်လေသည်။ ဇင်စစ်သော် ဗိုလ်ချုပ် အောင်ဆန်းသည် 'ပြောသလိုလုပ်၍ လုပ်သလိုပြော'တတ်ပေသည်။ “ငါဟာ ဇါတပည့်တွေရဲ့ ရဲဘော်တွေကို သွန်သင်သလို ငါကိုယ်တိုင်လည်း လိုက်နာတယ်ဆိုတာ မှတ်ထားပါ” ဆိုသည့်အတိုင်း ဝါကြွားမှု၊ ပလွှားမှု၊ အခွင့်အရေးယူမှုလုံးဝမရှိဘဲ အခွင့်အရေးတောင်းမည့်ပုဂ္ဂိုလ် စီးပွားရေးအမြတ်ထုတ်မည့် လူတန်းစားကိုလည်း ရှုံ့မုန်းသည်မှာ ထင်ရှားပေသည်။

မှတ်ချက်

**PALLADIUM** = ပလေဒီယံရုပ်ရှင်ရုံသည်နောင်တွင် 'ပပဝင်း'ရုံအမည်ဖြင့် ထင်ရှားခဲ့သည်။ ယနေ့ ကုန်သည်ကြီးများ ဟိုတယ်နေရာတွင် တည်ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းရဲ့
# ဝေဖန်ချီးမွမ်းခြင်း

ဒဂုန်တာရာ၏ ‘အောင်ဆန်း သို့မဟုတ် အရိုင်း’ ဟူသော ဆောင်းပါးကို ဗိုလ်ချုပ်အောင်ဆန်း မှတ်ချက်ချပုံမှာ ...

စစ်ကြိုခေတ် ရန်ကုန်တက္ကသိုလ် သမဂ္ဂတွင် အလွန်ရင်းနှီးခဲ့သော မိတ်ဆွေတစ်ဦးရှိသည်။ ၎င်းမှာကျိုက်လတ်သား ကိုဌေးမြိုင် (ဒဂုန်တာရာ)ဖြစ်သည်။ စစ်ကြိုခေတ်က ဒဂုန်တာရာ ကလောင်အမည်ဖြင့်ရေးခဲ့သော ‘မေ’ လုံးချင်းဝတ္ထုသည် အလွန်နာမည်ကြီးသည်။ ထိုဝတ္ထုရေး စာရေးဆရာမှာ ဒဂုန်တာရာပင်တည်း။

ကိုဌေးမြိုင်သည် ဗမာ့တပ်မတော်မှ အရာရှိကြီးများနောက်ပိုင်းဖက်ဆစ်တော်လှန်ရေးခေါင်းဆောင်များနှင့်လည်း ရင်းနှီးကျွမ်းဝင်သူဖြစ်လေသည်။ ၁၉၄၆–ခုနှစ်လောက်တွင် ဆရာသည် ‘တာရာ’ မဂ္ဂဇင်းတစ်စောင်ထုတ်ဝေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမဂ္ဂဇင်းမှာပင် ဆရာဒဂုန်တာရာသည် သူ့အလွန်လေးစားသော၊ ချစ်ခင်သော ဗိုလ်ချုပ်အောင်ဆန်းကို အကြောင်းပြု၍ ဆောင်းပါးရေးခဲ့၏။ ဆောင်းပါး၏ခေါင်းစဉ်ကို 'လူကိုလေ့လာခြင်း' ဟုဆိုထားသော်လည်း ဗိုလ်ချုပ်အောင်ဆန်းအကြောင်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းကို ဆရာဒဂုန်တာရာက ဤသို့မြင်သည်။ မြင်သည့်အတိုင်း ဆရာသည်ပွင့်ပွင့်လင်းလင်းရေးခဲ့ပေသည်။

ခေါင်းစဉ်ကပင် 'အောင်ဆန်းသို့မဟုတ်အရိုင်း' ဟု တပ်လိုက်လေသည်။ ပွင့်လင်းစွာရေးသားရာ၌လည်း ......

"အောင်ဆန်းသည်ရိုင်း၏။ ကြမ်း၏။ ကြောင်၏။ သို့သော်ကိစ္စမရှိ။ သူသည်ဧည့်ခန်းဆောင်မှ ဂုဏ်သရေရှိလူကြီးလူကောင်းမဟုတ်။ သူသည် တစ်ခုတည်းသောရည်ရွယ်ချက်နှင့် တစ်ခုတည်းကိုသာလုပ်သော နိုင်ငံရေးသတ္တဝါဖြစ်၏။ သူ့တွင် နိုင်ငံရေးဝိညာဉ် ပြင်းထန်လှချေ၏။ နိုင်ငံရေးတစ်ခုတည်းသာ လုပ်သောလူတစ်ဦးဖြစ်၏"

ဟု အားမနာတမ်း၊ မညှာမတာ ကြည့်မြင်သုံးသပ်ခဲ့သည်။ ထိုခေတ်ထိုအခါက စာဖတ်ပရိသတ်နှင့်နိုင်ငံရေးလောကတစ်ခုလုံး အံ့ဩသွားစေသော ဆောင်းပါးဖြစ်ခဲ့ပူးသည်။



www.burmeseclassic.com

www.burmeseclassic.com


အဆိုပါဆောင်းပါးပါသော တာရာမဂ္ဂဇင်းကို ဗိုလ်ထွန်းလှက ရန်ကုန်အနောက်ပိုင်း ဆယ့်လေးလမ်းရှိ ဒဂုန်တာရာအိမ်သို့ ရောက်သွား၏။ ကိုယ်တိုင်လည်း ထိုဆောင်းပါးကို သဘောကျနေသည်။ ထို့ကြောင့် မဂ္ဂဇင်းကိုသွား၍ တောင်းယူခြင်းဖြစ်သည်။

ထိုနောက် ဗိုလ်ချုပ်အောင်ဆန်းအား ဆောင်းပါးကိုပြ၍ ဖတ်ကြည့်ဖို့ ပြောလေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မဂ္ဂဇင်းကို ယူပြီး ဆောင်းပါးကိုဖတ်သည်။ ဆောင်းပါးကိုဖတ်ပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းက .....

"အင်း၊ ဒွေးမြိုင်ကတော့ ငါ့ကို အရှိုင်းတဲ့ကွာ"

ဟုမှတ်ချက်ချသည်။ ဆရာဒဂုန်တာရာက ထိုကဲ့သို့ရေးလိုက်သော်လည်း ဗိုလ်ချုပ်အောင်ဆန်းသည် စိတ်မဆိုး။ ရင့်သီးသည်ဟုမထင်။ မိတ်ဆွေတစ်ဦးက အားမနာတမ်းဝေဖန်သည်ကိုပင် အပြုံးဖြင့်လက်ခံပေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ သဘောထားကြီးမှုသည် လေးစားထိုက်ပေစွတကား။


www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ကြုံတော်တွဲအရိုင်း

စစ်အတွင်း(ဂျပန်ခေတ်)က လွတ်လပ်ရေးဗိသုကာကြီး အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းသည် ၎င်း၏ကိုယ်ရေးအတ္ထုပ္ပတ္တိတစ်ပိုင်းတစ်စကိုရေးသားခဲ့ဖူးလေသည်။

သို့ရာတွင်ထိုအချိန်ထိုကာလသည် ၁၉၄၃–ခုနှစ်၊ ဩဂုတ်လ ၁၁–ရက်နေ့တွင် ဂျပန်စစ်အစိုးရက မြန်မာနိုင်ငံအား လွတ်လပ်ရေး(အတု)ပေးခဲ့ပြီးနောက် ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)ကို ဗိုလ်မှူးကြီး(ကာနယ်)အဆင့်ဖြင့်သာ ကွပ်ကဲရာမှ မေဂျာဂျင်နရယ်(ဗိုလ်ချုပ်)ရာထူးအဆင့်သာတိုးမြှင့်ပေးသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့တပ်မတော်၏ သေနာပတိအပြင် အစိုးရအဖွဲ့တွင်လည်း စစ်ဝန်ကြီးဖြစ်သည်။ ထိုစဉ်ကပင် ဗိုလ်ချုပ်အောင်ဆန်းသည် Autobiography ဟူသော အတ္ထုပ္ပတ္တိကိုရေးနေဆဲဖြစ်သည်။ သို့ရေးနေဆဲတစ်ဝက်တစ်ပျက်မှာပင်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းသည် အားလပ်သည်ဟူ၍မရှိ။ ၁၉၄၄-ခုနှစ်၊ ဩဂုတ်လဆန်းတွင် ပဲခူးမြို့မှာ လျှို့ဝှက်ဖွဲ့စည်းလိုက်သော 'ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ (A.F.O)အတွက် အလုပ်များချိန်နှင့်တိုက်ဆိုင်လျက်ရှိလေသည်။

ဖက်ဆစ်တော်လှန်ရေးကြီးအတွက် လျှို့ဝှက်ပြင်ဆင်မှုများကြောင့် မအားမလပ်ပြုနေသဖြင့် စာရေးချိန်မရတော့ပေ။ ရေးလက်စ အတ္ထုပ္ပတ္တိမှာလည်း တစ်ပိုင်းတစ်စနှင့်ပင် ရပ်သွားရသည်။ ၁၉၄၇-ခုနှစ်၊ ဇူလိုင်လ၊ ၁၉-ရက်နေ့ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသွားချိန်အထိ မဆက်ဖြစ်တော့ချေ။

ထိုအတ္ထုပ္ပတ္တိထဲ၌ .....

"ကျွန်တော်သည် လူရိုင်းဘဝက လာလေသလားမသိ။ ယနေ့အထိ လူရိုင်းသဘောမျိုးနေချင်သည့်စိတ်ရှိသည်။ ရိုဖန်ရံခါ လူယဉ်ကျေးများနှင့် အသားမကျချေ။ မျက်စိနောက် မြင်ပြင်းကပ်လာသည်"

"လူရိုင်းကားကြမ်း၏။ ခက်ထန်၏။ သို့သော်ဖြူဖြောင့်၏။ တည်ကြည်၏။ လွတ်လပ်၏။ ကျန်းမာ၏။ သန်စွမ်း၏။ အင်မတန် စိုပြည်လန်းဆန်းသော ဘဝတု ကျွန်တော် ပူဆသည်။ မြန်မာပြည်ရှိလူတွေ လူရိုင်းဘဝသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



ချင်ရောက်သွားပါစေ။ လွတ်လပ်စွာ ခေါင်းဆောင်နေနိုင်မည်ဆိုလျှင် မလွတ်လပ်သော လူယဉ်ကျေးအဝတ်ကျွန်တော် အဆတစ်ရာကြိုက်သည်။ နှစ်သက်သည်။ ကျွန်တော်သည်စိမ်းလန်းစိုပြည်သော လွင်ပြင်ရိုင်းပေါ်တွင် လက်ခမောင်းခတ်၍ လွတ်လွတ်လပ်လပ် မြူးတူးအော်ဟစ်နေလိုသည်။"

ဟူ၍လွတ်လပ်ပျော်ရွှင်မှုကို ခံစားဖော်ပြခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်ခဲ့တဲ့ အဆောင်အယောင်ပဏ္ဏာသန

၁၉၄၇–ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်၍ ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့သွားသည်။ သွားရောက်ရသည့်အကြောင်းရင်းမှာ ထိုစဉ်ကဗြိတိသျှဝန်ကြီးချုပ် မစ္စတာကလီမင့်အက်တလီစသည့်အစိုးရခေါင်းဆောင်များနှင့် မြန်မာ့လွတ်လပ်ရေးအတွက် ဆွေးနွေးရန်ဖြစ်၏။ လုံးဝလွတ်လပ်ရေး ပေးမည့် အာမခံချက်ပေးသည့် 'အောင်ဆန်း၊ အက်တလီစာချုပ်' လက်မှတ်ထိုးပို့ဖြစ်လေသည်။

လက်မှတ်ကို ၁၉၄၇–ခုနှစ်၊ ဇန်နဝါရီလ၊ ၂၇–ရက်နေ့တွင် လန်ဒန်မြို့အမှတ်(၁၀)၊ ဒေါင်းနင်းလမ်းရှိ ဝန်ကြီးချုပ်နေအိမ်၌ပင် အောင်မြင်စွာလက်မှတ်ထိုးနိုင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့လက်မှတ်မထိုးမီ ၁၉၄၇-ခုနှစ်၊ ဇန်နဝါရီလ၊ ၁၈-ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ သခင်မြစသော မြန်မာခေါင်းဆောင်များသည် လန်ဒန်မြို့ရှိ ထိပ်တန်းဟိုတယ် ဖြစ်သည့် 'ဒေါ်ချက်စတာ'မှာ တည်းခိုကြ၏။

ဗိုလ်ချုပ်အောင်ဆန်းသည်ဟိုတယ်၌ တည်းခိုနေစဉ်တွင် သက်တောင့်သက်တာ အနားယူရင်း စာဖတ်လေ့ရှိသည်။ ထိုနေ့က ဗိုလ်ချုပ်အောင်ဆန်းတို့အဖွဲ့အား 'ဆာစတယ်ဖို့ခရစ်'တို့ဇနီးမောင်နှံ က 'ဒင်နာ' (ညစာ)စားဖို့ဖိတ်ကြားထား၏။ ဆာစတယ်ဖို့ခရစ် ဆိုသူမှာလည်း အခြားပုဂ္ဂိုလ်မဟုတ်ပါ။ ထိုစဉ်က ဗြိတိသျှ ရွှေတိုက်စိုး(ဘဏ္ဍာရေး)ဝန်ကြီးဖြစ်ပေသည်။ ထို့အပြင် မြန်မာနိုင်ငံ အပေါ်၌လည်း သံယောဇဉ်ရှိသော ဗြိတိသျှလေဘာပါတီ ခေါင်းဆောင် တစ်ဦးဖြစ်သည်။

ထို့ကြောင့် ထိုပွဲမျိုးကိုမတက်၍မကောင်း။ ထို့အတွက် ဗိုလ်ထွန်းလှက ညနေ(၆း၀၀)နာရီခွဲကျော်လျှင် ဗိုလ်ချုပ်အောင်ဆန်း အနီးသို့သွားကာ သတိပေးသည်။

သတိပေးသံကြားလျှင် ဗိုလ်ချုပ်အောင်ဆန်းမှာ အလွန် စိတ်ပျက်သွားပုံရလေသည်။ ဗိုလ်ထွန်းလှအား မော့ကြည့်ကာ ခပ်ညည်းညည်းဆိုသည်။

မိုးဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ဟုတ်လား။ ခွကျတာပဲကွာ။ ငါက ဒီညတော့ အေးအေးဆေးဆေး နားရတော့မယ်မှတ်တာ။ ဒါထက် နေပါဦး။ ငါကအဝတ်အစား အပြည့်အစုံ (Formal Dress) ဝတ်ရမှာလား"

ဗိုလ်ထွန်းလှက အဝတ်အစားအပြည့်အစုံ ဝတ်ရမည် ဖြစ်ကြောင်း၊ ၎င်းတို့၏ယဉ်ကျေးမှုထုံးစံအရ ညစာဖိတ်ရင် အဝတ်အစား အပြည့်အစုံဖြင့်သာတက်ရောက်ရမည်ဖြစ်ကြောင်း၊ မဝတ်၍ မဖြစ်ကြောင်းကို ရှင်းပြသည်။ ထိုအခါ၌ဗိုလ်ချုပ်အောင်ဆန်းက စိတ်ပျက်စွာပင် ......

"အင်း ...။ ငါတော့ အဲဒီလိုအဝတ်အစားအပြည့်အစုံ ဝတ်ရတာလောက် စိတ်ပျက်တာမရှိဘူး။ နေရထိုင်ရ သိပ် ကျဉ်းကျပ်တယ်။ မင်းတို့ လူယဉ်ကျေးတွေရဲ့ အဆောင် အယောင်တွေ ထုံးစံတွေကို ငါနည်းနည်းမှ သဘော မကျဘူး။ မလွတ်လပ်ဘူး။ ဒါပေမယ့် ဆာစတယ်ဖို့ခရစ်က ဖိတ်တယ်ဆိုတော့လည်း သွားရမှာပဲ။ မတတ်နိုင်ဘူး။ ကိုင်း ... မင်းပဲဇာတ်ဆရာလုပ်ပြီး ကြည့်လုပ်ပေတော့" ဟုညည်းညူလျက်ဆိုလေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၇–ခုနှစ်၊ ဇန်နဝါရီလ၊ ၂၄–ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား 'ဘတ်ကင်ဟမ်'နန်းတော်သို့ နေ့လယ်စာစားရန် ဖိတ်ကြားထားသည်။ ဖိတ်ကြားသူမှာ ဆဋ္ဌမမြောက် ဂျော့ဘုရင်မင်းမြတ်နှင့် ကြင်ရာတော်မိဖုရားကြီးတို့ကဖြစ်၏။

သို့ရာတွင် ဖိတ်ကြားသည်မှာလည်း ဘုရင်မင်းမြတ်နှင့် ကြင်ရာတော်မှ တိုက်ရိုက်ဖိတ်သည်မဟုတ်။ ဗြိတိသျှတို့၏ ရှေးယဉ်ကျေးမှုထုံးတမ်းအစဉ်အလာရ မင်းခမ်းမင်းနားကိစ္စရပ်များကို သာမန်အရပ်သားများဖြစ်ကြသော ဗိုလ်ချုပ်တို့အဖွဲ့အား တိုက်ရိုက်ဖိတ်မန္တကပြုပါက ရာဇဣန္ဒြေကို ထိခိုက်မည်စိုးသည်။ ထို့ကြောင့် 'ကြားလူ'မှတစ်ဆင့် ဖိတ်ခဲ့ခြင်းဖြစ်လေသည်။ ကြားလူဆိုသော်လည်း တခြားလူမဟုတ်ပေ။ ဘတ်ကင်ဟမ်နန်းတော်၌ လူမှုရေးဆိုင်ရာကိစ္စများကို တာဝန်ယူ ဆောင်ရွက်ရသော အိမ်တော်ဝန်မှ ဖြစ်လေသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့ထံရောက်လာသော ဖိတ်စာမှာ ရွှေစာလုံးဖောင်းကြွနှိပ်ဖြစ်ပြီး အထူးလှပစွာရိုက်နှိပ်ထားသည်။ စာမှာ အင်္ဂလိပ်ဘာသာဖြင့်တွေ့ရသည်။ ဖိတ်စာ၌ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘုရင်မင်းမြတ်နှင့်မိဖုရားကြီးတို့က အိမ်တော်ဝန်အား အမိန့်တော်ချမှတ်လိုက်ပါသည်။ ဦးအောင်ဆန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်လူကြီးမင်းများအား ၁၉၄၇-ခု၊ ဇန်နဝါရီလ၊ ၂၄-ရက် သောကြာနေ့မွန်းလွဲ (၁း၀၀)နာရီအချိန် ဘတ်ကင်ဟမ်နန်းတော်သို့ နေ့လယ်စာစားကြွရောက်ပါရန် ဖိတ်ကြားစေဟု အမိန့်တော်ချမှတ်လိုက်ပါသည်။"

ဟူ၍ရှိပါသည်။

ထိုဖိတ်ကြားစာကို ဗိုလ်ချုပ်အောင်ဆန်းဖတ်သည်။ ဖတ်ပြီးသည်နှင့်ရယ်ကာမောကာဖြင့် .....

"အင်း ... အင်္ဂလိပ်လူမျိုးတွေကတော့ မင်းခမ်းမင်းနားအဆောင်အယောင်ပကာသနတွေကို သာယာတပ်မက်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး။ ဒီတို့ကို ဂျော့ဘုရင်မင်းမြတ်က တိုက်ရိုက်ဖိတ်လို့ မရဘူးဆိုတဲ့သဘောပဲ။ ဒီလိုဆိုရင်လည်း လုံးလုံးမဖိတ်ဘဲ ထားလိုက်တာမဟုတ်ဘူး။ ဒါပေမယ့် နိုင်ငံရေးအရကျတော့ မဖိတ်လို့ မဖြစ်တဲ့အတွက် အခုလို ကြံဖန်ရေးဖိတ်လိုက်တာပဲကွ။ ဘာပဲဖြစ်ဖြစ်လေ ဘတ်ကင်ဟမ်နန်းတော်ထဲရောက်ဖူးပြီး ဘုရင်မင်းမြတ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့အတူ ပွဲတော်တည်ရမှာက ငါတို့အဖို့အမြတ်ပဲ မဟုတ်လားကွ။ ဟဲ ... ဟဲ"

ဟုရယ်သံနှော၍ပြောလေသည်။ ထို့ကြောင့် ဗိုလ်ထွန်းလှက ဗိုလ်ချုပ်အောင်ဆန်းတို့အား ဘတ်ကင်ဟမ်းနန်းတော်သို့သွားရန် ပြင်ဆင်ပေးရတော့သည်။ ယင်းသို့ပြင်ဆင်နိုင်ရန်လည်း အိန္ဒိယ ခေါင်းဆောင်ကြီး မစ္စတာနေရူး၏ ကြိုတင်မှာကြားလိုက်သဖြင့် ဗိုလ်ချုပ်နှင့်တကွ ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဝတ်စားဆင်ယင်နိုင်အောင်စီမံပေးရသည်။

ဗိုလ်ချုပ်အောင်ဆန်းကိုမူ ဗိုလ်ထွန်းလှကိုယ်တိုင် ပြင်ဆင်ပေးနေရာ အချိန်အတော်ကြာသွားသည်။ ထိုကဲ့သို့ အချိန်ကြာသည်ကို စိတ်မရှည်နိုင်ဘဲ ဒိုးဒိုးအေါက်အေါက်ကြီး ပြောချလိုက်တော့သည်။

"ဟေ့ကောင်၊ မပြီးသေးဘူးလားကွ။ မင်းတို့လူယဉ်ကျေးတွေရဲ့ အဆောင်အယောင်ပကာသနတွေကို ငါဖြင့် အလွန်စိတ်ပျက်မိတယ်။ မင်းတို့ယဉ်ကျေးမှုစည်းကမ်း (အက်တီးကက်)တွေက စားသောက်တာထက် ဝတ်စားဆင်ယင်မှုကိုပိုပြီး ဦးစားပေးရသလိုဖြစ်နေတယ်။ ဟဲ ... လုပ်၊ မြန်မြန်ပြီးအောင်လုပ်စမ်း။ ငါဖြင့် ညောင်းလှပြီ"

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းရဲ့ ကြိုတင်လေ့ကျင့်ထားမှု

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ၏ဥက္ကဋ္ဌကြီး ဖြစ်သော ကိုအောင်ဆန်းသည် နွေရာသီကျောင်းပိတ်ရက်ဆိုလျှင် တက္ကသိုလ်သမဂ္ဂအဆောက်အဦတွင် ပြောင်းရွှေ့နေထိုင်သည်။

သူသည် ရိုးရိုးတန်းတန်းကျောင်းသားများကဲ့သို့ အိပ်ရာ ခြင်ထောင်စသည်တို့ဖြင့် သက်သာရာသက်သာကြောင်း ရှာကြံ နေထိုင်သူမဟုတ်။ ပလွှားဝင့်ထယ်မှုမရှိ။ သူတကာတို့ထက် ဆန်းပြားစွာ ကျင့်ကြံနေထိုင်သူဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် တက္ကသိုလ်သမဂ္ဂကြီးတွင် အစည်း အဝေးခန်းမထဲ၌ ကျိန်ခင်းခုံတန်းလျားများရှိလေသည်။ ထို့ပြင် ထိုခုံတန်းရှည်များတွင် ဂျပိုးများက ထူထပ်စွာရှိသည်။ ကျိန်ခင်း ခုံ၌ ဂျပိုးတို့ပျော်စံရာဖြစ်နေ၏။ မည်သူတစ်ဦးတစ်ယောက်မျှ ကြာကြာထိုင်နိုင်စွမ်းမရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် ကိုအောင်ဆန်းအဖို့မှာမူ ထိုခုံတန်းရှည်ကြီးသည် မင်္ဂလာဆောင်သတို့သားဏ် ကြေးခုတင်သဖွယ် ထင်မှတ်နေသလားမသိ။ အနှီးခုံတန်းလျှားပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်နေတတ်သည်။

တစ်နေ့သော် သမဂ္ဂလက်ဖက်ရည်ဆိုင်ရှင်အဒေါ်ကြီးက တွေ့မြင်သွားသည်။ မိမိ၏သားကဲ့သို့ အမြဲတစ်စေ ဂရုစိုက်လေ့ရှိသောကြောင့်လည်း သူ့ကိုရင်ထုမနာဖြစ်မိသည်။ ထို့ကြောင့် အဒေါ်ကြီးက ...

"မောင်အောင်ဆန်း။ မင်းဘယ်နှယ်ကြောင့် ခုံတန်းလျှားပေါ်အိပ်ရသလဲကွယ်။ စောင်မရှိ ခေါင်းအုံးမရှိနဲ့။ ချပိုးကကိုက်၊ ခြင်ကကိုက်သနဲ့။ ဘာပြုလို့ ဒီလောက်အဆင်းရဲခံနေရလဲ။ ကြီးကြီးတို့ပြောရောပေ့။ မင်းမြင်ရတာ စိတ်မကောင်းလိုက်တာကွယ်"

ဟုကရုဏာသက်စွာဆိုလေသည်။

ကိုအောင်ဆန်းကလည်း ...

"ကျွန်တော့်မှာ စောင်တို့ခေါင်းအုံးတို့ရှိပါတယ် ကြီးကြီး။ ကျွန်တော်တမင်သက်သက်ခုလိုနေတာပါ။ ချပိုးတို့ ခြင်တို့ ကိုက်တာလည်းသိပါတယ်။ ဒါပေမယ့် ဇေဇေ ခြင်ထောင်



www.burmeseclassic.com

www.burmeseclassic.com



မဆောင်တာက မဆောင်ချင်လို့ပါ။ ဒါမှ ကျွန်တော်တို့ နိုင်ငံရေးလုပ်တဲ့အခါ ထောင်ကျလို့ရှိရင် ထောင်ထဲမှာ အဆင်းရဲခံနိုင်မယ်။ ထောင်ထဲမှာ ဘယ်ကစောင်တို့ ခြင်ထောင်တို့ လာပေးမလဲ။ ဂျပိုးတောမှာသမံတင်း ကြမ်းပြင်ပေါ်မှာ ခေါင်းအုံးမပါ၊ စောင်မပါ၊ ခြင်ထောင်မပါ အိပ်ရမှာ။ ခုကနေကျင့်ထားမှ ကျင့်သားရမှာပေါ့ကြီးကြီးရဲ့။ ဒါကြောင့် ခုကတည်းက ကြိုတင်ပြီးခံနိုင်ရည်ရှိအောင် ကျင့်နေတာ။ ပွဲမဝင်ခင်ပြင်က ကျင်းပဆိုသလိုပေါ့။ နိုင်ငံရေး လုပ်တယ်ဆို ဒါတွေအရေထူနေမှ။ ထောင်ဆိုတာက နိုင်ငံရေးသမားတို့ သွားရာလမ်း။ အနားယူရာဗိမာန် ဆိုပါတော့"

ဟုအရှုံးပောက်၍ပြောလေသည်။ အဒေါ်ကြီးကလည်း "ခြစ်မှဖြစ်ရလေကွယ်" ဟူ၍သာ ညည်းခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်း၏ စာပေစိတ်ဓာတ်

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၆-ခုနှစ်၊ ဇန်နဝါရီလ၊ ၂၀-ရက်နေ့ ကျောင်းပမည်ရွှေတိဂုံအလယ်ပစ္စယံ၌ ပြည်လုံးကျွတ်ညီလာခံကြီးတွင် သဘာပတိအဖွင့်အမှာစကားပြောရန်အတွက် သူ့မိန့်ခွန်းကြီးကို ရေးလျက်ရှိသည်။ သူ့မိန့်ခွန်းကို ထိုရက်မတိုင်မီ ၁၉၄၅-ခုနှစ်၊ ဒီဇင်ဘာလလောက်က စ,ရေးနေခြင်းဖြစ်၏။

ဗဟန်းမြို့နယ်၊ တာဝါလိန်း (ယခုနတ်မောက်လမ်းသွယ်) အမှတ်(၂၅)ရှိ နေအိမ်၌ဖြစ်သည်။ ထိုအချိန်က တိုင်းပြည်အတွက် နိုင်ငံရေးအရ အလွန်ရေးကြီးသည်။ 'ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်' ဟု အမည်ပြောင်းပြီးကတည်းက တစ်နိုင်ငံလုံး လှုပ်ရှားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်အနှံ့ အပြားမြို့ရွာတိုင်းတွင် (ဖဆပလ)အဖွဲ့ခွဲများကို ပြင်ဆင်ဖွဲ့စီးပြီးလျှင် လူထုစည်းရုံးလှုပ်ရှားရေးများ ဆောင်ရွက်နေဆဲဖြစ်သည်။ ၁၉၄၆-ခုနှစ်၊ ဇန်နဝါရီလတွင် မြို့ရွာတိုင်း၌ ဖွဲ့စည်းပြီးသောအဖွဲ့များကို အခြေခံလျက် (ဖဆပလ) အဖွဲ့ချုပ်ကြီး၏ နိုင်ငံလုံးဆိုင်ရာညီလာခံကို စည်းဝေးကျင်းပခဲ့လေသည်။ ထိုညီလာခံကြီး၌ ဗိုလ်ချုပ်အောင်ဆန်းသည် မိန့်ခွန်းပြောဖို့ သူ့မိန့်ခွန်းကို သူကိုယ်တိုင် ဂရုစိုက်လျက် ရေးသားနေစဉ်ဖြစ်ပါသည်။

ထိုအချိန်၌ ဗိုလ်ထွန်းလှသည် ဗိုလ်ချုပ်အောင်ဆန်းအား တွေ့နားစေလိုသည်။ ထို့ကြောင့် ဒေါ်ခင်ကြည်အား လက်ဖက်ရည်တစ်ခွက်ဖျော်စေပြီး လက်ဖက်ရည်ခွက်ကိုယူ၍ ဗိုလ်ချုပ်အောင်ဆန်း၏ စာရေးစားပွဲသို့လာခဲ့သည်။ လက်ထဲတွင်လည်း မန္တလေးမြို့မှ ထုတ်ဝေသည့် လူထုဂျာနယ်ပါတစ်ပါတည်း ယူဆောင်ခဲ့သည်။ ထိုဂျာနယ်မှာ လူထုဦးလှပေးပို့လိုက်သော ဂျာနယ်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဗိုလ်ထွန်းလှပေးသော လူထုဂျာနယ်ကို အလျင်အမြန်ဖတ်သည်။ ဗိုလ်ထွန်းလှရေးသည့် 'ဝတ္ထုတိုကို'လည်း ဖတ်ရှုသည်။

ထိုနောက်ဂျာနယ်ကိုဘေးသို့ချရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း မင်းတို့လိုစာရေးဆရာဖြစ်ချင်တယ်ကွာ"
ဟုဆိုသည်။ ပြီးမှဆက်၍ပြောပြန်သည်။
"ဒါပေမယ့် ငါကတော့ မင်းတို့လို အချစ်ဝတ္ထုတွေ ရေးမှာ မဟုတ်ဘူး။ ရေးလည်း မရေးတတ်ဘူး။ ငါကတော့ နိုင်ငံရေး သိပ္ပံအကြောင်း၊ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေး အကြောင်းနဲ့ လူတွေကို ပညာပေးစာအုပ်မျိုးတွေပဲ ရေးမှာကွ။ ဒါဟာလည်း လက်ရှိအနေအရ လောလော ဆယ် မဖြစ်နိုင်သေးပါဘူးကွာ"
ဟူ၍ညည်းပြော ပြောလေသည်။

× × ×

ရွေးကောက်ပွဲ၊ စည်းရုံးရေးဟောပြောပွဲများအတွက် ဗိုလ်ချုပ်အောင်ဆန်းသည် အထက်မြန်မာပြည်ဖြစ်သော မန္တလေး မြို့သို့ ရောက်ရှိလာပါသည်။ ဟောပြောရန် ရက်အတန်ကြာ လိုနေသေးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းတို့မိသားစုသည် မေမြို့ (ယခုပြင်ဦးလွင်)သို့ ခေတ္တသွားရောက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com


ဒေါ်ခင်ကြည်နှင့်ကလေးများသည် ကိုလိုနီခေတ်က မျက်နှာဖြူအရာရှိကြီးများသာနေခဲ့သည့် ခြံဝင်းကျယ်အိမ်တွင် နေရသောကြောင့် ပျော်ရွှင်နေကြသည်။

ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်လည်း ရက်အနည်းငယ်မျှ နိုင်ငံရေးတာဝန်များ အနားယူခွင့်ရနေသည်။ ထို့ကြောင့် အပန်းဖြေခွင့်ရသည်နှင့်အမျှ ပီတိလည်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဗိုလ်ထွန်းလှနှင့်အတူ အိမ်ရှေ့ဝရန်တာတွင်ထိုင်နေရင်း ဆော့ကစားနေသော သားသမီးများကို ငေးကြည့်နေသည်။ စောစောက လာမည့်တိုင်းပြု ပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကြီးအကြောင်း ပြောလက်စ, စကားကို ခေတ္တရပ်ထားလေသည်။

အတန်ကြာမှ ဗိုလ်ထွန်းလှအား လှည့်ကြည့်ကာ အလေးအနက်ပြောလိုက်လေသည်။

"လွတ်လပ်ရေးရပြီးရင် ငါတော့နိုင်ငံရေးက အနားယူမယ်စိတ်ကူးတယ်။ တိုင်းပြည်ကိုအုပ်ချုပ်ဖို့ အရည်အချင်းနဲ့ပြည့်စုံတဲ့ ငါတို့ရဲ့လုပ်ဖော်ကိုင်ဖက်တွေရှိတာ မင်းလည်းသိသားပဲမဟုတ်လား။ ဒါကြောင့် ငါကနိုင်ငံရေးက အနားယူပြီး စာရေးဆရာလုပ်ချင်တယ်။ ဒါမှလည်း မိန်းမနဲ့

www.burmeseclassic.com



ငါ့အိမ်ထောင်မိသားစု Family အတွက် အချိန်ပေးနိုင်မယ်။ ကလေးတွေကိုလည်း ကောင်းကောင်းကြည့်ရှုနိုင်မယ်။ မင်းကလည်း စာရေးဝါသနာပါလို့ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက စာရေးခဲ့တယ်မဟုတ်လား။ ဒီတော့ ငါတို့ ဆရာတပည့်နှစ်ယောက် စာရေးစားကြမယ်ကွာ။ မြန်မာလိုရော၊ အင်္ဂလိပ်လိုရောရေးကြမယ်။ ဒါမှငါတို့ မိသားစုအတွက် ဝင်ငွေလုံလောက်မှာကွ။ တကယ်ပါကွာ။ ငါ့စိတ်ထဲစာရေးဆရာ လုပ်စားချင်တဲ့ဆန္ဒဟာ စစ်မဖြစ်ခင်ကတည်းကရှိခဲ့တယ်။ ဒါပေမယ့် တိုင်းပြည်လွတ်လပ်ရေးရရေးအတွက် ဦးစားပေးခဲ့ရတာမို့ စာရေးဖို့အချိန်မရခဲ့ဘူး။ အခုလွတ်လပ်ရေးရတော့မှာ သေချာနေပြီမို့ ဒီစကားကို ငါပြောတာပါ"

ဤသို့ပင် ဗိုလ်ချုပ်အောင်ဆန်းသည် သူ့နှလုံးသားထဲ၌ ဖြစ်ပေါ်နေသော ခံစားချက်ကို အရင်းခံအတိုင်း ထုတ်ဖော်ပြောခဲ့ပေသည်။

သားရေးသမီးရေးထက် နိုင်ငံရေးကို ဦးစားပေးပြီး နိုင်ငံတော်ကြီး လွတ်လပ်တည်မြဲရေးအတွက် ဘဝကိုမြှုပ်နှံထားခဲ့ရသဖြင့် ဗိုလ်ချုပ်အောင်ဆန်းမျှော်မှန်းထားသော၊ ယုံကြည်ထားသော၊ ခံယူထားသော စာရေးဆရာဘဝသို့ မရောက်ခဲ့ရတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၇-ခုနှစ်၊ ဇူလိုင်လ၊ ၁၉-ရက်နေ့တွင်မူ မသမာသူ တစ်စု၏ ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့သဖြင့် ဗိုလ်ချုပ် အောင်ဆန်း၏ မောင်ထိန်လင်းသည့် သူ့ချစ်ရဲဘော်ရဲဘက်များနှင့် အတူတကွ အသက်ပေးလှူသွားရှာရပေတော့သည်။

ဝမ်းနည်းဖွယ်ပါတကား။

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းရဲ့ လူသားဆန်မှု

ဗိုလ်ချုပ်အောင်ဆန်းနှင့်ဒေါ်ခင်ကြည်တို့တွင် သားနှစ်ယောက်၊ သမီးတစ်ယောက်သာရှိသည်ဟု အများသိခဲ့ကြ၏။ ၁၉၄၆-ခုနှစ်၊ စက်တင်ဘာလ ပထမရက်သတ္တပတ်က စတုတ္ထမြောက် သမီးရတနာလေးဖွားမြင်ခဲ့ပူးသည်။

ထိုကလေးခများသည် လူ့လောကအလယ်သို့ရောက်လာပြီး ရက်ပိုင်းအတွင်းမှာပင် ကွယ်လွန်သွားရှာတော့၏။ သမီးကလေးရက်တရက်ကွယ်လွန်သွားရှာသောကြောင့် ဗိုလ်ချုပ်အောင်ဆန်းမှာ မြေမဆည်နိုင်လောက်အောင် ရင်ထဲနင့်သွားဟန်တူလေသည်။

ဤသို့ လူမမည်သမီးကလေး ဆုံးပါးသွားရှာသဖြင့် မည်သူနှင့်မျှစကားမပြောဘဲ ငိုင်တွေနေသည်။ တစ်နေ့ညနေစောင်းတွင် အိမ်အပေါ်ထပ်ပြတင်းပေါက်အနီးတွင် ကုလားထိုင်တစ်လုံးဖြင့် ထိုင်လျက်နေသည်။ ပြတင်း၏ အပြင်ဘက်သို့ငေးကာ မငြိမ်မဖြ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်ဗိုလ်ထွန်းလှသည်အနီးသို့ရောက်လာပြီး နှစ်သိမ့်စကားပြောဆိုသောအခါ၌ ဗိုလ်ချုပ်အောင်ဆန်းက ဝမ်းနည်းစွာဤသို့ပြောလေသည်။

"ငါတို့မှာ ကလေးတစ်နှစ်တစ်ယောက်ရလို့ ဒီတိုင်းဆိုရင် ကလေးတွေများပြီး စိတ်ညစ်စရာကောင်းမှာပဲလို့ ထင်ခဲ့မိတယ်။ ဒါပေမယ့် အခုသမီးကလေးခမျာ လူ့လောကရောက်လာပြီးကာမှ ရက်ပိုင်းအတွင်းဆုံးသွားရှာတော့ ငါစိတ်မကောင်းဘူးကွာ ..."

လှိုက်လှဲကြေကွဲစွာပြောဆိုနေသည့်လေသံမှာ နင့်နေပါတော့သည်။ စစ်မြေပြင်တွင် သူ၏ရဲဘော်ရဲဘက်များကို အော်ဟစ်အမိန့်ပေးနေသည့် စစ်သူကြီးတစ်ဦး၏ လေသံမျိုးလို မမာ၊ မထန်။

လူ့ဘဝ လူ့လောကအကြောင်းကို တစ်လုံးတစ်ပါဒမျှ မသိလိုက်ရရှာဘဲ စောစီးစွာ လူ့လောကကိုစွန့်ခွာသွားသော အထွေးဆုံးသမီးကလေးအတွက် ယူကျုံးမရ တသသဖြစ်နေပေလိမ့်မည်ဖြစ်သည်။

ကျောသားရင်သားမခွဲဘဲ စေတနာ၊ မေတ္တာ၊ ကရုဏာထားတတ်သောဗိုလ်ချုပ်အောင်ဆန်း၏ လူသားဆန်သည့် နှလုံးသားကို တွေ့မြင်လိုက်ရဘိသကဲ့သို့ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်အောင်ဆန်းရဲ့
## နိုင်ငံနဲ့လူမျိုးအပေါ်ယုံကြည်စိတ်

မသမာသူများက ၁၉၄၇-ခုနှစ်၊ ဇူလိုင်လဆန်းတွင် 'ဘီအိုဒီ' ဟုခေါ်သော ဗြိတိသျှစစ်ဘက် ပင်မလက်နက်ခဲယမ်း သိုလှောင်ရေးတပ်မှ ဘရင်းဂန်း၊ စတင်းဂန်းနှင့်ကျည်ဆန်များကို ပစ္စည်းထုတ်ခွင့်လက်မှတ်အတုများဖြင့် ထုတ်ယူသွားကြောင်းသတင်းရရှိလေသည်။ ထိုသတင်းကို 'စီအိုင်ဒီ' မှူခင်းတပ်ဖွဲ့က ချက်ချင်းပင် ပြည်ထဲရေးဝန်ကြီးမှတစ်ဆင့် ဝန်ကြီးအဖွဲ့သို့သတင်းပို့လိုက်ပါသည်။

ဝန်ကြီးအဖွဲ့ကလည်း အရေးပေါ်အစည်းအဝေးခေါ်ယူလျက် လုံခြုံရေးအတွက် အန္တရာယ်စိုးရိမ်ရကြောင်းဆုံးဖြတ်သည်။ တပ်ဖွဲ့အသီးသီးကိုလည်း အထူးစောင့်ကြပ်သတိထားဖို့ တပ်လှန့်နှိုးဆော်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ပြည်ထဲရေးဝန်ကြီးမှာ ဦးကျော်ငြိမ်းဖြစ်သည်။ သို့သော်ထိုအချိန်က ဦးကျော်ငြိမ်းမှာ နိုင်ငံခြားသို့ခရီးထွက်နေရသဖြင့် စိုက်ပျိုးရေးဝန်ကြီး ပျော်ဘွယ်ဦးမြက ခေတ္တပူးတွဲအဖြစ် ပြည်ထဲရေးဝန်ကြီးတာဝန်ကိုပါ ယူထားရသည်။

ထို့အတွက် ဝန်ကြီးဦးမြမှာ အစိုးရအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းတို့အား အထူးစိုးရိမ်သည်။ ဗိုလ်ချုပ်အောင်ဆန်းအား အသိမပေးရဲဘဲ ကျန်ဝန်ကြီးများနှင့်တိုင်ပင်ပြီး၊ အတွင်းဝန်ရုံး၏ အပေါ်ထပ်ရှိ ဗိုလ်ချုပ်အောင်ဆန်း၏ ရုံးခန်းအပြင်ဘက်တွင် ပြည်ထဲရေးဝန်ကြီးဌာနက တိုက်ရိုက်ကွပ်ကဲသည့် ပြည်ထောင်စုစစ်ရဲ တပ်ရင်းမှ တပ်စိတ်တစ်စိတ်ကို လက်နက်အပြည့်အစုံနှင့်လုံခြုံရေး ချထားလိုက်သည်။

ထို့အပြင်တပ်စိတ်မှူးကိုလည်း ၎င်း၏တပ်သားများကို ဗိုလ်ချုပ်အောင်ဆန်းအဝင်အထွက်တွင် မမြင်တွေ့ရအောင် ကင်းပုန်း ဝပ်သည့်သဘောဖြင့် သင့်လျော်မည့်နေရာများတွင် စနစ်တကျ နေရာယူနေစေရန် ဝန်ကြီးဦးမြက အမိန့်ပေးထားလေသည်။

ထိုကဲ့သို့လုံခြုံရေးကို အထူးဂရုစိုက်ထားနေကြစဉ် ဇူလိုင်လ ဒုတိယပတ်တွင် ဘဏ္ဍာရေးဝန်ကြီးဌာနဖက်သို့ ချိုးကွေ့ဝင်လာ

www.burmeseclassic.com

www.burmeseclassic.com


ကြရာ ထောင့်တစ်နေရာ၌ လက်နက်ကိုင်တပ်စိတ်တစ်စိတ် အသင့်ချထားသည်ကိုတွေ့လိုက်ရတော့သည်။ ရဲဘော်သုံးဦးခန့်နှင့် မောင်းပြန်သေနတ်ကိုင်များကို တွေ့လိုက်ရလျှင် ဗိုလ်ချုပ်အောင်ဆန်းသည် အံ့အားသင့်သွား၏။

ဗိုလ်ချုပ်အောင်ဆန်းသည် ချက်ချင်းပင် သူ၏ရုံးခန်းထဲသို့ အလျင်အမြန်ဝင်သွားပြီးနောက် ဗိုလ်ထွန်းလှအား လှမ်းခေါ်လျက်

...

"ငါ့ရုံးခန်းအပြင်ဘက်က လက်နက်ကိုင်ရဲဘော်တွေ ဘာလုပ်တာလဲ"

ဟုမေးသည်။ ဗိုလ်ထွန်းလှက အခြေအနေအရ လုံခြုံရေးအတွက် ပြည်ထဲရေးဝန်ကြီးဦးမြ၏အမိန့်ဖြင့် တပ်စိတ်တစ်စိတ် ချထားကြောင်းကို ရှင်းပြသည်။ အမှန်အတိုင်းတင်ပြလိုက်သောအခါ၌ ဗိုလ်ချုပ်အောင်ဆန်းကျေနပ်သွားသည်။ တစ်ဆက်တည်းပင် ဗိုလ်ချုပ်အောင်ဆန်းက စိတ်ချယုံကြည်သောလေသံဖြင့် ပြောလိုက်သည်။

"မလိုပါဘူးကွာ။ ငါ့ကိုလည်း ဘယ်သူကမှ လုပ်ကြံမှာမဟုတ်ဘူး။ မင်းကိုယ်တိုင် အခုပဲ ဝန်ကြီးဦးမြဆီသို့သွားပြောစမ်း။ ငါက အမိန့်ပေးတယ်လို့ပြော။ ရုံးခန်းအပြင်


www.burmeseclassic.com

www.burmeseclassic.com



ဘက်က လက်နက်ကိုင်တပ်စိတ်ကို အခုချက်ချင်း ပြန်ရုပ်သိမ်းလိုက်။ ကဲ ... မင်းသွားတော့”

× × ×

ဗိုလ်ချုပ်အောင်ဆန်းသည် လူထဲက လူတစ်ယောက်ဖြစ်သည်။ လူသည်တစ်ခါတစ်ရံ၌ခက်ထန်သည်။ ကြမ်းတမ်းသည်။ မာကျောသည်။ သို့သော် ထိုသည်မှာအချိန်တိုင်း အချိန်တိုင်းတော့မဟုတ်။ သူတို့၏စိတ်ရင်းအမှန်မှာ အင်မတန်နူးညံ့သည်။ ပျော့ပျောင်းသည်။ စေတနာထားသည်။ ကရုဏာမုဒိတာပွားတတ်ကြပေသည်။ အားလုံးအပေါ်၌ သာတူညီမျှ ရှိတတ်ကြပေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် သူ့အသက်အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ပေးနေကြသော ရဲဘော်များကို မလိုအပ်ဘဲ တာဝန်ပိုနေရသည်ဟု အောက်မေ့ပုံရသည်။

အလုပ်မရှိ အလုပ်ရှာ၍ ကြောင်ကလေးရေချိုးပေးနေသလို အလုပ်မျိုးကို ဗိုလ်ချုပ်အောင်ဆန်း စိတ်တိုင်းကျပုံမရ။

ထို့ကြောင့် ချက်ချင်းရုပ်သိမ်းခိုင်းခဲ့သည်။ ထိုနေ့က တပ်တွေရုပ်သိမ်းခိုင်းပြီး ညနေအိမ်အပြန်၌ တစ်ခုခုကိုတွေးမိသည်နှင့် ရိုးရိုးစိတ်ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိ၏အသက်ကို ပဓာနမထားသော်လည်း သားသမီးတို့အရေးကိုမူ စိုးရိမ်မကင်းရှိလေသည်။

ဤသည်မှာ နှလုံးသားရှိသော သတ္တဝါတိုင်း၏ရင်မှာ ရှိစမြဲဖြစ်လေသည်။ ထို့ကြောင့် နှလုံးသားရှိသောလူဟုဆိုခဲ့ပြီးဖြစ်သည်။ လမ်းတစ်လျှောက်လုံး နှုတ်ဆိတ်လာသော ဗိုလ်ချုပ်အောင်ဆန်းသည် တိရစ္ဆာန်ရုံဘေးရှိလမ်းသို့ရောက်လျှင် ဗိုလ်ထွန်းလှအား ကောက်ကာငင်ကာမေးလိုက်၏။

"ဟေ့၊ ငါတို့အိမ်ကရဲဘော်တွေမှာ လက်နက်ရှိသလား"

ဗိုလ်ထွန်းလှက လက်နက်မရှိကြောင်း၊ ပြည်သူ့ရဲဘော်တွေမှို့လက်နက်မကိုင်ကြကြောင်း ရှင်းပြလိုက်သောအခါ၌ ဗိုလ်ချုပ်အောင်ဆန်းက ...

"ငါ့အတွက်တော့ ဘာမှပူစရာမရှိပါဘူး။ ငါကသေရမှာလည်းမကြောက်ဘူး။ ငါ့ကိုလည်း ဘယ်သူကမှ လုပ်ကြံမှာမဟုတ်ဘူး။ တစ်ခုတော့ရှိတယ်ကွာ။ အိမ်က ငါ့ကလေးတွေကိုတော့ ငါစိုးရိမ်မိတယ်။ သူတို့လေးတွေ ဘာမှမဖြစ်စေချင်ဘူး။ ဒီတော့ မင်းကသက်ဆိုင်ရာနဲ့ဆက်သွယ်ညှိနှိုင်းပြီး အိမ်ကရဲဘော်တွေကို လက်နက်နည်းနည်းပါးပါး ပြောင်း

www.burmeseclassic.com

www.burmeseclassic.com


ပေးထားလိုက်။ လိုလိုမည်မည် ပေါ့ကွာ။ သက်ဆိုင်ရာကိုလည်း ဇါကညွှန်ကြားတယ်လို့ မင်းက ရှင်းပြလိုက်" ဟုပြောလေသည်။

ဗိုလ်ထွန်းလှလည်း ဗိုလ်ချုပ်အောင်ဆန်းက ပြောဆိုသည့်အတိုင်း သက်ဆိုင်ရာနှင့်ညှိနှိုင်းကာ လက်နက်များကို ထုတ်ယူပြီး အိမ်စောင့်ရဲဘော်များအား ပေးအပ်လိုက်သည်။ ထိုအချက်ကိုကြည့်ချင်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် စိတ်ကြမ်း၊ လူကြမ်း၊ ဆိုးသကြီးသော စနေသားစစ်သားကြီးဖြစ်လင့်ကစား သူ့အသည်းနှလုံးကား လွန်စွာမှပင် မေတ္တာဓာတ်ကြီးမားသည်မှာ အမှန်ပင်ဖြစ်လေသည်။


www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းရဲ့
# အမှားဝန်ခံဖို့ဝန်မလေးတတ်မှု

၁၉၄၆–ခုနှစ် .....

ဗိုလ်ချုပ်အောင်ဆန်းတို့အစိုးရ အာဏာမရသေး။ တစ်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် အရေးပေါ်အစည်းအဝေးပြုလုပ်ရန် အစီအစဉ်ရှိသည်။ ထို့ကြောင့် အလုပ်အမှုဆောင် (အီးစီ)များကို ဖိတ်ကြားခိုင်းထားသည်။

အစည်းအဝေးလုပ်မည့်နေရာမှာ လက်ရှိနေထိုင်သော နတ်မောက်လမ်း (တာဝါလိန်း)ရှိ အိမ်တွင်ဖြစ်သည်။ အမှုဆောင်လူကြီးများဖြစ်သော ဒီးဒုတ်ဦးဘချို၊ ဟင်္သာတဦးမြ၊ သခင်မြ တို့သည် ဗိုလ်ချုပ်အောင်ဆန်း၏အိမ်သို့ရောက်လာကြသော်လည်း ဗိုလ်ချုပ်အောင်ဆန်းမှာ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေဆဲပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com


ညက ဗိုလ်ချုပ်အောင်ဆန်းသည် စောစောမအိပ်ဘဲ သန်းခေါင်းကျော်အထိ စာရေးစာဖတ်နေတာကြောင့် အိပ်ရေးပျက်နေသည်။ မွန်းလွဲသုံးနာရီထိုးမှအိပ်သည်။ ယခုလေးနာရီလည်းထိုးပြီ။ အမှုဆောင်လူကြီးများလည်းရောက်ပြီ။ ဗိုလ်ချုပ်အောင်ဆန်းကို မနိုးရင်မဖြစ်တော့ကြောင်း ဗိုလ်ထွန်းလှတွက်မိသည်။

ထို့ကြောင့်ဗိုလ်ချုပ်အောင်ဆန်း၏ကတော် ဒေါ်ခင်ကြည်အားနှိုးလို့မဖြစ်တော့ကြောင်း ပြောလိုက်၏။ ဒေါ်ခင်ကြည်က ဗိုလ်ထွန်းလှအား အိမ်၏အပေါ်ထပ်တစ်နေရာသို့ခေါ်သွားပြီး မနိုးရဲကြောင်း၊ သူအိပ်ပျော်နေစဉ် သွားနှိုးမိပါက စိတ်ဆိုးတတ်ကြောင်း၊ ဆူပူကြိမ်းမောင်းတတ်ကြောင်း ပြောပြလေသည်။

ဗိုလ်ထွန်းလှကလည်း မနိုးရင်မဖြစ်တော့သည့် အခြေအနေမို့ ဒေါ်ခင်ကြည်ကို မနိုးခိုင်းဘဲ ၎င်းကိုယ်တိုင်သွားနိုးသည်။ နိုးလို့မှ အပြစ်တင်ဆူပူရင်လည်း သူပဲခံမည်ဟုဆိုကာ ခြေတစ်ဘက်ကို ခပ်ကြမ်းကြမ်းဆွဲရင်း နိုးလိုက်တော့သည်။ ဗိုလ်ချုပ်အောင်ဆန်းကလည်း နိုးနိုးချင်းပင် ဗိုလ်ထွန်းလှကို အပြစ်တင်သည်။ ဘာကြောင့်နိုးရတာလဲမေးသည်။

ဗိုလ်ထွန်းလှက ဒီနေ့အရေးပေါ်အစည်းအဝေး ခေါ်ထားကြောင်း၊ ယခုအောက်ထပ်တွင် အမှုဆောင်လူကြီးများ စောင့်နေ


www.burmeseclassic.com

www.burmeseclassic.com


ကြကြောင်းပြောပြလိုက်သည်။ ထိုအခါမှဗိုလ်ချုပ်အောင်ဆန်းသည် သတိရသွားကာ ...

"အေး၊ ဟုတ်သားပဲ။ ငါကအိပ်ငိုက်လာတာနဲ့မေ့ပြီး အိပ်နေမိတယ်။ ကဲ ... မင်း မြန်မြန်အောက်ထပ်ဆင်းပြီး လူကြီးတွေကို ငါအခုပဲဆင်းလာခဲ့မယ်လို့သွားပြောနှင့်။ အခု ချက်ချင်းသွားပြောချေ"

ဟုဆိုလေသည်။ ထိုနောက် ငါးမိနစ်ခန့်အကြာတွင် ဗိုလ်ချုပ်အောင်ဆန်းသည် အောက်ထပ်သို့ဆင်းလာသည်။ ထိုနောက် လူကြီးများ၏ရှေ့တွင်ရပ်၍ တောင်းပန်သည်။

"ကျွန်တော်ညက အိပ်ရေးပျက်လို့အပ်ရာပေါ်ခဏလှဲရင်း အိပ်ပျော်သွားလို့ပါ" ဟုဝန်ခံ၏။

ဗိုလ်ချုပ်အောင်ဆန်းသည် ငါ့ဗိုလ်ချုပ်ပဲဟူသော လေသံကို မသုံးဘဲ လူကြီးများနှင့်ဆက်ဆံရာတွင် ယဉ်ကျေးသိမ်မွေ့လေ့ရှိပါသည်။ ဒီးဒုတ်ဦးဘချို၊ သခင်မြတို့အား 'ဆရာ'ဟုလေးလေးစားစားခေါ်သလို ငွေထိန်းလူကြီး မြန်မာ့အလင်းဦးတင်နှင့် ဟသ်ာတဦးမြတို့ကိုလည်း 'ဦး' တပ်ခေါ်သည်မှာ ဗိုလ်ချုပ်အောင်ဆန်း၏ ယဉ်ကျေးမှုစိတ်ဓာတ်ဟု ဆိုနိုင်ပါပေသည်။


www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းရဲ့
# နားလည်ခွင့်လွှတ်တတ်မှု

ဗိုလ်ချုပ်အောင်ဆန်း အလွန်သံယောဇဉ်ကြီးသော တပည့် တစ်ယောက်ရှိ၏။

သူ့နာမည်မှာ ကျော်စိန်ဖြစ်သည်။ ကျော်စိန်သည် လူငယ် တစ်ဦးဖြစ်လေသည်။ သူ့အလုပ်မှာ ဗိုလ်ချုပ်အောင်ဆန်း၏ကားကို မောင်းရသော ယာဉ်မောင်းဖြစ်သည်။

သို့ရာတွင် ကျော်စိန်မှာ ညဉ်ဆိုးတစ်ခုတော့ရှိသည်။ သူ အရက်အလွန်ကြိုက်၏။ မူးအောင်သောက်၏။ သောက်ပြီး ရမ်း သည်တော့မဟုတ်။ ရန်လိုခြင်းအလျဉ်းမရှိ။ ရွှတ်နောက်ပြီး ရယ်စရာ မောစရာတော့ပြောသည်။

အမူးလွန်က အိပ်သည်သာများသည်။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့မှာအကျင့်ကောင်းတာရှိ၏။ တာဝန်သိရဲဘော်ကောင်း ဖြစ်သလို အလုပ်ဝတ္တရားလည်း အလွန်လေးစားပါသည်။ ကားမောင်းချိန်၌ လုံးဝအရက်မသောက်။

ပြီးလျှင်တော့ သောက်ပြီ၊ မှောက်ပြီ။

ရယ်စရာ အရွှတ်အနောက်ပြောတတ်သဖြင့် အားလုံးက သူ့ကိုချစ်ခင်ကြ၏။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ကလေးများကချစ်သည်။

သူကလည်း ကလေးချစ်သည်။ ကလေးများနှင့်သာ ဆော့ကစား၏။ ပျော်ရွှင်မြူးတူး၏။ ထို့ကြောင့် ကလေးများက သူ့နာမည်ရင်းကို မပီကလာ ပီကလာဖြင့်ခေါ်ရာမှ 'အော်စိန်' 'အော်စိန်'ဟူ၍ ဖြစ်နေသည်။ နောင်သော် ထိုအော်စိန်အမည်သည် တွင်လာတော့သည်။

အားလုံးကပင် အော်စိန်ဟုသာ ခေါ်တော့သည်။

အားလုံးကပင် အော်စိန်အရက်သောက်သည်ကို ဘဝင်မကျ၍ ကားမောင်းတာဝန်မပေးရန်တားမိကြသည်။ ကားမောင်းသက်တမ်းတစ်လျှောက် ယာဉ်တိုက်မှု မဖြစ်ခဲ့သော်လည်း စိုးရိမ်သဖြင့် သတိပေးကြခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


အားလုံးကပြောသည့်စကားကို ဗိုလ်ချုပ်အောင်ဆန်း လက်မခံခဲ့ပေ။ သူ့ကားကိုသာဆက်မောင်းစေသည်။

တစ်နေ့၌ အလုံလမ်းရှိ ဘုရင်ခံအိမ်တော်၌ ညစာစားပွဲ တက်ရောက်ရန် ဖိတ်ကြားလေသည်။ ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်း သည် အစိုးရအဖွဲ့အာဏာကို လက်ခံရယူပြီးနောက်ဖြစ်လေသည်။ ညစာ စားပွဲသို့ ဗိုလ်ချုပ်အောင်ဆန်း၏ 'ဂူစလေ'အမျိုးအစားကား နှင့် သွားကြသည်။ ဆလွန်းအမှတ် (RA 2874) အနက်ရောင် ဖြစ်၏။

ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ထွန်းလှတို့ကိုတင်လျက် ရဲဘော် ကျော်စိန်ပင်မောင်း၏။

ညစာစားပွဲပြီးလျှင် အပြင်သို့ ထွက်လာကြသည်။ ယာဉ်မောင်းကျော်စိန်မှာ ကားနောက်ခန်းထိုင်ခုံပေါ်၌ အရက်မူးမူးနှင့် အိပ်ပျော်နေသည်။

သူသည် ပေါင်းသင်းဆက်ဆံရေးကောင်းသဖြင့် ဝင်ထွက် သွားလာနေသော ဘုရင်ခံအိမ်မှ ယာဉ်မောင်းများ၊ စားပွဲထိုးများနှင့် အလွန်းသင့်နေလေသည်။ ၎င်းတို့က သူမသောက်ဖူးသည့် နိုင်ငံခြား အရက်များ အတင်းတိုက်၍ အားနာပါးနာသောက်လေဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com


ဗိုလ်ထွန်းလှကဲ စိတ်ဆိုးမာန်ဆိုးနှိုးသောအခါ ဗိုလ်ချုပ်အောင်ဆန်းက ...

"ဟေ့၊ မနှိုးပါနဲ့တော့ကွာ။ သူ့ခမျာ အမူးလွန်ပြီး အိပ်ပျော်နေပုံရတယ်။ ခါတိုင်း၊ ဒါမျိုးတစ်ခါမှ မဖြစ်ဖူးတာ မင်းလည်းအသိပဲ။ ဒီတစ်ခါဖြစ်တာတော့ ရှိပါစေတော့။ ကိုင်းပြောနေကြာတယ်။ မင်းပဲ ကားမောင်းတော့။ ငါလည်း မင်းနဲ့အတူ ရှေ့ထိုင်ခုံကလိုက်ခဲ့မယ်။ ကျော်စိန်တော့ဆက်အိပ်နေပါစေ"

ဟုပြောသဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ အခါအစဉ်အတိုင်း ဘုရင်ခံအိမ်တော်မှ တာဝါလိန်း(နတ်မောက်လမ်း)သို့ ပြန်ခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းမှာ စိတ်ကြမ်းကိုယ်ကြမ်းဟုဆိုသော်လည်း တပည့်များအပေါ်၌ ခွင့်လွှတ်တတ်၊ စာနာတတ်သော စိတ်ရင်းအမှန်ရှိသည်ကို သိမြင်နိုင်ပါပေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းရဲ့
# ယယ်ဘဝနှလုံးသားရေးရာ

ဗမာ့လွတ်လပ်ရေးအတွက် ရဲဘော်သုံးကျိပ်တို့သည် ဟိုင်နန်ကျွန်းသို့ စစ်ပညာသင်ကျောင်းတွင် ဆိုက်ရောက်နေစဉ်ကဖြစ်သည်။

လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်ကျသည်ဟု သန္နိဋ္ဌာန်ချထားခဲ့ကြသော်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ နှလုံးသားကို လှုပ်ခတ်သွားအောင် ဖြစ်ခဲ့ရပူးလေသည်။

ထိုစဉ်က ရဲဘော်သုံးကျိပ်တို့သည် ခေတ္တတည်းခို၍ စစ်ပညာလေ့ကျင့်သင်ကြားရန် တိုကျိုမြို့တော်မှ ဟာကိုနီဒေသသို့ ထွက်ခွာလာခဲ့သည်။ ထိုနောက် ကာနယ်ဆူဇူကီးနှင့် ရင်းနှီးသော မိတ်ဆွေဖြစ်သော မစ္စတာဟာချီရှိအီဝါစကီး၏ အပန်းဖြေရိပ်သာအဖြစ် ဆောက်လုပ်ထားသည့် အီဝါစကီးနေအိမ်ဖြစ်ပေသည်။

ဂျပန်နိုင်ငံဟာကိုနီသည် ချယ်ရီပန်းများပွင့်ရာမြေဖြစ်၍ သာပြည်နှင့် ရာသီဥတုအားဖြင့် အနီးစပ်ဆုံးတူညီသည်။ တိုကျိုမြို့မှ ၃၉-မိုင်ခန့်ကွာသည်။



www.burmeseclassic.com

www.burmeseclassic.com



အီဝါစကီးရိပ်သာသည်ကား ဂျပန်တို့၏ သဘာဝအတိုင်း စက္ကူကက်ထူကာ အမိုးကတ်ထူပြားများဖြစ်သည်။ အိမ်မှာ ပေ ၆၀ × ၈၀ မျှကျယ်ဝန်းသည်။

ဗမာမျိုးချစ်ရဲဘော်များ တစ်သုတ်ပြီးတစ်သုတ်ရောက် ရှိလာသောအခါ ညှိဝတ်ကျေပွန်အောင် ပြုစုစောက်ရှောက်ကျွေးမွေး ရန်အတွက် မစ္စတာအီဝါစကီးသည် ၎င်း၏ တူမတော်ဟုဆိုသော 'အီရိုကောစံ' နှင့် 'အေအီကောစံ' တို့ကို ခေါ်ထားလေသည်။

စင်စစ်သော် ထိုညီအစ်မနှစ်ဖော်သည် အထက်တန်းကျောင်း တွင် ပညာသင်ကြားနေသည့် ကျောင်းသူများဖြစ်သည်။ နွေရာသီ ကျောင်းပိတ်ရက်တွင် ၎င်းတို့၏ဦးလေးက အကူအညီတောင်းသဖြင့် လာရောက်ကူညီလုပ်ကိုင်ပေးနေခြင်းဖြစ်သည်။

အသက်အားဖြင့် အေအီကောစံမှာ အသက်(၁၈)ခန့်ရှိပြီး အီရိုကောစံမှာမူ အသက်(၂၀)အရွယ်ဖြစ်၏။ အဆိုပါညီအစ်မ နှစ်ယောက်တွင် အေအီကောစံသည် အလွန်လှပသော ရုပ်ဆင်း သဏ္ဌာန်ရှိသည်။ အရပ်အမောင်းမှာ (၅)ပေခန့်ရှိ၍ တင့်တယ် သည်။ မာန်မာနလည်းမရှိ။ မျက်ခုံးမျက်လုံး အရှေ့တိုင်းဆန် သဖြင့် အားလုံးကပင် စိတ်ဝင်စားလောက်ပေသည်။

ထိုအထဲတွင် ဗိုလ်ချုပ်အောင်ဆန်း (အိုမိုတာမွန်ချိ)လည်း


www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားသည်။ ချစ်ရေးကြိုက်ရေးနှင့် မိန်းမအရေးတွင် လုံးလုံးနားမလည်သော်လည်း အေအီကောစံကိုမူ စိတ်ဝင်စားနေသည်။

ဆန့်ကျင်ဘက်လိင်၏ ဆွဲဆောင်မှု၊ အိမ်သူပီသမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အမူအရာလှပမှုတို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း မေတ္တာသက်ဝင်ခဲ့ဟန်ရှိသည်။

ထို့ကြောင့်လူရိုးကြီးသခင်အောင်ဆန်း၏ စိတ်လှုပ်ရှားမှုအပေါ်ကို ရဲဘော်များ၏ အားပေးမှု၊ ဂျပန်ဆရာများ၏ မြှောက်ပင့်ပေးမှု၊ ကာနယ်ဆူဇူကီး (ဗိုလ်မိုးကြိုး)၏ သွေးထိုးဆွဲဆောင်မှုကြောင့် ဖွင့်ဟပြောမည်ဟု စိတ်ကူးလေသည်။ ထို့နောက် ရောင်းရင်းလည်းဖြစ်၊ ဆရာလည်းဖြစ်သော မိနာမိအိုကာ(ဓော်)မစ္စတာဆူကီအိအား ဂျပန်ဘာသာဖြင့် မေတ္တာစာတစ်စောင်ရေးခိုင်းခဲ့သည်။

ထိုစာ၌ ...

ချစ်နှမ ... အေအီကောစံ

မောင်သည် ဝေးလံသော ပင်လယ်ရပ်ခြားတိုင်းတပါးက နီပွန်ပြည်ကြီးသို့ ရောက်ခဲ့ရပါသည်။ ချစ်နှမအား စွဲလမ်းသောအာရုံကို မောင်သည် ဘယ်သောအခါမှ ဖျောက်ဖျက် ပစ်နိုင်လိမ့်မည်မဟုတ်ပါ။

မောင့်ကိုစောင့်မျှော်၍ နေလင့်ပါမည်လား။

အိုမိုတာမွန်ချိ

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍လက်မှတ်ထိုးထားသည်။ သို့သော်ထိုရည်းစားစာကလေးမှာ အေအီကောစံ၏လက်ဝယ်သို့ မရောက်ဖြစ်ပါ။ ဗိုလ်ချုပ်အောင်ဆန်း၏ အင်္ကျီအိတ်ကပ်ထဲ၌သာ အိပ်မောကျလျက်ရှိနေတော့သည်။ နောက်ဆုံးဟိုင်နန်ကျွန်းရောက်သည့်တိုင် မပေးဖြစ်ဘဲရှိနေရသည်။

ဟိုင်နန်ကျွန်းသို့ရောက်သောအခါ ထိုအဖြစ်အပျက်ကို ကိုကြီးတာနီ(ဗိုလ်လကျ်ာ)က ဖောက်သည်ချလိုက်သည်။

ဗိုလ်ချုပ်အောင်ဆန်းက ...

"တာနီ၊ ခင်ဗျားကတော့ တကယ့်ဖော်ကောင်ပါပဲဗျာ။ လူငယ်တွေရှေ့မှာ ဒါတွေပြောပြနေရင် ကောင်းပါ့တော့မလား"

ဟုဆိုလိုက်ရာ ကိုကြီးတာနီက ပြုံးရယ်ပြီးမှပြောသည်။

"ဒါကတော့ လူတိုင်းရဲ့ မလွန်ဆန်နိုင်တဲ့ သဘာဝပဲဟာ၊ ရှက်စရာမှတ်လို့"

ဤသို့ချေပလိုက်သောကြောင့် ဗိုလ်ချုပ်အောင်ဆန်းက ချက်ချင်းပင် ဗိုလ်မင်းခေါင်အား "ဟေ့ - ရာမ၊ ဒီစာ အိတ်ကပ်ထဲမှာရှိအုံးမယ်၊ ရှာကွဲ့"ဟုဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မင်းခေါင်လည်းစာကို ရှာယူခဲ့ပြီး ရဲဘော်များရှေ့တွင် အသံနေအသံထားဖြင့်ဖတ်ပြသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် စာဆုံးလျှင် ရှက်အမ်းအမ်းပြုံးနေရာမှ .....

"မင်းတို့ကော အေအီကောစံကို သဘောမကျဘူးလား"

ဟုမေးလိုက်ရာ အားလုံးကပြုံး၍ ...

"သဘောကျပါတယ်။ ဒါပေမယ့် ကိုကြီးရှိတော့"

ဖြေကြသည်။ ဗိုလ်ချုပ်အောင်ဆန်းက ရယ်လျက်ပြောလိုက်လေသည်။

"ဟော့၊ ကိုကြီးရှိတော့ လုပ်မနေနဲ့ဟော့။ ငယ်သူတွေကို လူကြီးပီပီ ဦးစားပေးလိုက်မယ်။ လွတ်လပ်ရေးရတဲ့အခါ စိတ်ကူးနိုင်သဟော့"

ထိုသည်မှာ ဗိုလ်ချုပ်အောင်ဆန်းသည် အချစ်ရေးထက် တိုင်းပြည်ကို ဦးစားပေးစဉ်းစားထားသည်ကို တွေ့နိုင်ပေသည်။ လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယအဖြစ် ဗိုလ်ချုပ်အောင်ဆန်း၏ ရင်ထဲ၌ အမြဲတိန်းအောင်းလျက်ရှိနေပေသည်တကား။



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းရဲ့
# စောင့်ထိန်းနိုင်ခဲ့တဲ့ ကိုယ်ကျင့်တရား

ဟသ်ာတမြို့တွင်ဖြစ်သည်။ ထိုစဉ်က လူထုအစည်းအဝေး ကြီးရှိသည်။ အစည်းအဝေး၌ ဗိုလ်ချုပ်အောင်ဆန်းဟောပြော မည်ဖြစ်၏။

ဟောပြောပွဲတွင် ဟသ်ာတအရေးပိုင်က ချွင်းချက်ထား၍ ဟောရမည်ဟု ကန့်သတ်ထားလေသည်။ ချင်းတောင်များ အကြောင်းကို တရားဟောရာတွင် ထည့်သွင်းမဟောရဟု အမိန့် ထုတ်သည်။

ပိတ်ပင်ထားသည့်ကြားကပင် ဇွတ်ဟောပြောသည် ထို့ကြောင့် ၁၉၄၀-ပြည့်နှစ်၊ ဇွန်လ၊ ၂၉-ရက်နေ့စွဲဖြင့် လူဖမ်း ဝရမ်းထုတ်လိုက်တော့သည်။ ထိုသတင်းကို ကြားကြားချင်း ဗိုလ်ချုပ်အောင်ဆန်း (ထိုအခါက သခင်အောင်ဆန်း)သည် ရှော တိမ်းနေရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"များမကြာမီ ကျွန်ုပ်ကိုပါ ဗြိတိသျှအစိုးရက ဖမ်းဆီးချုပ်နှောင်တော့မည်ဟု သတင်းကို အတိအကျကြားရလေတော့သည်။ ကျွန်ုပ်အဖို့မှာ အဖမ်းခံပြီးထောင်ထဲသွားနေ၍ အကျိုးရှိနိုင်မည်မဟုတ်ဟု ယူဆလျက် ကိုယ်ရောင်ဖျောက်ကာ 'မြေအောက်'သို့လျှိုးသွားခဲ့ရလေသည်"

ဟုရေးထားခဲ့ပေသည်။ ထိုကဲ့သို့ သခင်အောင်ဆန်းအား အင်္ဂလိပ်အစိုးရက လူဖမ်းဝရမ်းထုတ်ထားစဉ် ဂျပန်တို့က မည်မည်ရရ အကြောင်းပြန်ကြားခြင်းမရှိသေး။

ထိုစဉ် ဗမာပြည်အစိုးရဖြစ်သော အင်္ဂလိပ်အစိုးရတို့က တရုတ်ပြည်သို့စေလွှတ်သောအဖွဲ့၌ ပါဝင်ရောက်ခဲ့ဖူးသော ဒီးဒုတ်ဦးဘချို ဦးနုတို့နှင့် ဆွေးနွေးမိကြသည်။ ၎င်းတို့က တရုတ်ပြည်သို့ တုန်ကြောင်းလမ်းဖြင့် တိတ်တဆိတ်သွားရန်၊ ထိုနောက် တရုတ်ကွန်မြူနစ်နှင့် ဆက်သွယ်ရန်ဖြစ်သည်။

ဤအကြံအစည်ကို အကောင်အထည်ဖော်နိုင်ရန် ဗမာထွက်ရပ်ဂိုဏ်းကြီးတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော ဒေါက်တာဘမော်၊ ဒေါက်တာသိန်းမောင်တို့ကလည်း တကယ်လို့အလိုရှိပါက ကျွန်ုပ်တို့သည် ဂျပန်၏အကူအညီကိုရရှိနိုင်ကြောင်း သတင်းပေးလေသည်။

www.burmeseclassic.com



ချက်ချင်းပင် ဗိုလ်ချုပ်အောင်ဆန်းတို့လည်း လူစုကာ စည်းဝေးဆုံးဖြတ်ကာ ဂျပန်အကူအညီကိစ္စကို ဆွေးနွေးတိုင်ပင်ကြပါသည်။

သို့သော် ထိုစဉ်က တရုတ်ဗမာလမ်းမကြီးကို ဗြိတိသျှအစိုးရက ပိတ်ထားသဖြင့် အခက်ကြုံနေရသည်။ နောက်ဆုံး၌ လမ်းပိတ်ထားလျှင် ပင်လယ်ခရီးဖြင့်သွားရန် လမ်းစဉ်ကို ရွေးချယ်လိုက်တော့၏။ တရုတ်ပြည်ရောက်ပြီးမှ ဂျပန်နှင့်တွေ့ဆုံဆက်သွယ်မိဖို့ဟူသော စိတ်ဖြင့် စဉ်းစားထား၏။

ဗိုလ်ချုပ်အောင်ဆန်း (သခင်အောင်ဆန်း)နှင့် သခင်လှမြိုင်တို့ အမွိုင်သို့ရောက်ခဲ့ကြလေသည်။ အမွိုင်(ကူလန်ဆူကျွန်း)ပေါ် နိုင်ငံခြားသားများ နေထိုင်ရာ ရပ်ကွက်၌ ခေတ္တတည်းခိုနေရသည်။

တရုတ်ပြည်မအတွင်းသို့ဝင်ရောက်ဖို့ ကြံစည်ကြိုးစားနေခိုက်မြန်မာပြည်ရှိ ရဲဘော်များသည် ဂျပန်တို့နှင့် ဒုတိယအကြိမ် လျှို့ဝှက်စွာ ဆက်သွယ်မိကြလေသည်။

ထိုနောက် ဗိုလ်ချုပ်အောင်ဆန်းတို့သည် ဂျပန်ပြည်တိုကျိုမြို့တော်သို့ ချောမောစွာရောက်ရှိသွားတော့သည်။

ဂျပန်ပြည်သို့ရောက်လျှင် ဗိုလ်ချုပ်အောင်ဆန်းအား ပေါက်ခဲ

www.burmeseclassic.com

www.burmeseclassic.com



ကြိုဆိုသူမှာ ကာနယ်ဆူဇူကီး (ဗိုလ်မိုးကြိုး)ဖြစ်သည်။ တိုကျိုလေဆိပ်၌ သူနှင့်တွေ့ဆုံ စဉ်က သူ့အားဂျပန်၊ မြန်မာအသင်း၏အတွင်းရေးမှူး မွေ့တာမိနာမဟု အရပ်သားတစ်ယောက်အဖြစ်သာ မိတ်ဆက်ပေးခဲ့ လေသည်။

မြို့ပြင်ဟိုတယ်သို့ရောက်လျှင် ကာနယ်ဆူဇူကီးက ဗိုလ်ချုပ် အောင်ဆန်းအား ပျော်ပါးဖို့ မိန်းမယူမလားဟုမေးသည်။

ထိုအချိန်က ဗိုလ်ချုပ်အောင်ဆန်းမှာလူပျိုဖြစ်သည်။ မိန်းမ နှင့်ပတ်သက်၍ အရိုင်းသက်သက်ဖြစ်သည်။

ကာနယ်ဆူဇူကီး၏မေးခွန်းကို ကြားရသောအခါ၌ ဗိုလ်ချုပ် အောင်ဆန်းမှာ အလွန်ရှက်သွားသည်။ ချက်ချင်းပင် လက်ကာ၍ "မလိုချင်ပါဘူး၊ နေပါစေ"ဟုငြင်းလိုက်သည်။

ထိုအခါ ကာနယ် ဆူဇူကီးက ...

"ဒါရှက်စရာကိစ္စမဟုတ်ပါဘူး။ မိတ်ဆွေတို့ခင်ဗျားတို့ ကျုပ်တို့ ရေချိုးသလို သာမန်အလုပ်တစ်ခုပါပဲ"

ဟုဆိုသည်။

ဗိုလ်ချုပ်အောင်ဆန်းကလည်း ကျေးဇူးတင်ကြောင်း၊ ...နှင့်ပျော်ပါးရန် အလိုမရှိကြောင်း ပြောလိုက်သည်။ တစ်ဆက်



www.burmeseclassic.com

www.burmeseclassic.com


တည်းမှာပင် ဗိုလ်ချုပ်အောင်ဆန်းတွေးမိသည်မှာ "အင်း ... ဒီဂျပန်တွေက ငါတို့ကို ပထမအဆင့်အနေနဲ့ ကိုယ်ကျင့်တရားနဲ့စိတ်ဓာတ်ပျက်ပြားအောင်လုပ်တာပါပဲကလား"ဟူ၍ တွေးမိလေသည်။

ဤမျှနှင့်ပင် ကာနယ်ဆူဇူကီးမှာ လက်လျှော့မသွား။ တိုကျိုမြို့သို့ ပြန်ရောက်သောအခါ၌လည်း ဗိုလ်ချုပ်အောင်ဆန်းအား ပြည့်တန်ဆာအိမ်သို့ခေါ်သွားပြန်၏။ ဗိုလ်ချုပ်အောင်ဆန်းကို ပျော်ပါးရန် မြူဆွယ်ပြန်သည်။

ဤအကြိမ်၌လည်း ဗိုလ်ချုပ်အောင်ဆန်းသည် ခါးခါးသီးသီးပင် 'ခရီးပန်းလာပါတယ်၊ မပျော်ပါးလိုပါ၊ ဟိုတယ်ပြန်ပြီး အိပ်ချင်ပါတယ်' ဟုဇွတ်အတင်းငြင်းခဲ့ရလေသည်။

ထိုအချက်များကို ကြည့်ချင်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်သည် ခန့်သည်၊ သန့်သည်၊ ပြတ်သားသည်ကို တွေ့ရမည်တည်း။

www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်အောင်ဆန်း
## မလိုလားတဲ့မင်းခွဲရိုက်

ကာနယ်ဆူဇူကီးသည် ပထမကမ္ဘာစစ်ကြီးအတွင်းက ဗလာဒီဗော့စတော့ (ရုရှားပြည်)မြို့၌ အမှုထမ်းခဲ့ဖူးလေသည်။ ထိုအချိန်က သူသည် ရန်သူရုရှားအိမ်တစ်အိမ်သို့သွားသည်။

အိမ်သို့ ရောက်လျှင် ရုရှားမိသားစုတစ်အိမ်လုံးရှိ မိန်းမနှင့်ကလေးပါမကျန် သတ်ပစ်ခဲ့ဖူးသည်ဟု ဗိုလ်ချုပ်အောင်ဆန်းအား ထုတ်ဖော်ပြောပြလေသည်။

ထို့နောက်ဆက်၍ .....

"အဲဒီလိုပဲ၊ ခင်ဗျားတို့ကလည်း အင်္ဂလိပ်မှန်သမျှ ယောကျ်ား၊ မိန်းမ၊ ကလေးပါမကျန် ကိုစွတ်ုံးသတ်ပစ်ကြရမယ်"

ဟုရိုက်သွင်း၏။

www.burmeseclassic.com

www.burmeseclassic.com


ထိုကာလအတွင်းက ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှဆန့်ကျင်ရေးစိတ်ဓာတ်၊ မြန်မာ့လွတ်လပ်ရေးဆန္ဒသာရှိလေသည်။ ကာနယ်ဆူဇူကီးသိမ်းသွင်းသလို လက်မခံ။

ဗြိတိသျှဆန့်ကျင်ရေး၊ မြန်မာ့လွတ်လပ်ရေးသည် လူမျိုးမုန်းတီးရေးမဟုတ်။ လူသတ်ဝါဒမဟုတ်။

နယ်ချဲ့ဝါဒ ကျွန်ပြုရေးစနစ်ကိုမုန်း၍ လူ့အခွင့်အရေးကို တိုက်ပွဲဝင်နေခြင်းသာဖြစ်သည်။

ထိုအချက်ကို ထောက်ရှုခြင်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် မင်းမဲ့စရိုက်ကို ရစ်ထဲကပင် ခွဲခွဲခြားခြား ဆန့်ကျင်ထားပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်အောင်ဆန်း၏ သူတစ်ပါးအပေါ်အခွင့်အရေးမယူတတ်မှု

ဗိုလ်ချုပ်အောင်ဆန်းသည် 'ဘုရင်ခံ၏ အမှုဆောင်ကောင်စီ' ဟုခေါ်သော အစိုးရအဖွဲ့တွင် ဝန်ကြီးဖြစ်ခဲ့သည်။ ထိုအချိန်က ဝန်ကြီးစီးဖို့ ကားပေးထား၏။

ကားမှာ အင်္ဂလန်ပြည်လုပ် 'ဝူစလီ' အမျိုးအစား အနက်ရောင်ဖြစ်သည်။ စလွန်းကားအမှတ် အာအေ/ ၂၈၇၄ ဖြစ်လေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏အိမ်၌ ထိုကားတစ်စီးမှလွဲ၍ အခြားကားမရှိ။ ထိုစဉ်ကသူ့မှာ အလုပ်များသည်။ အစိုးရအဖွဲ့၏ တာဝန်အပြင် နိုင်ငံရေးအဖွဲ့အစည်းဖြစ်သော ဖဆပလအဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူထားရလေသည်။

အလုပ်ကိစ္စများလွန်းလှသဖြင့် သွားလာလှုပ်ရှားရာတွင် ထိုကားကိုသာ သုံးနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကတော်ဒေါ်ခင်ကြည်နှင့် သားသမီးများပင် မစီးရရှာပေ။ ရုံးပိတ်ရက်နေ့များလောက်သာလျှင် ကန်တော်ကြီးတစ်ပတ်ကားပတ်စီးခွင့်ရသည်။

ဤသည်မှာလည်း ရံဖန်ရံခါမျှသာဖြစ်လေသည်။

တစ်နေ့တွင် ကားမောင်းသမားရဲဘော်ကျော်စိန်က ...

"ဗိုလ်ကြီး၊ ကားဘာဖြစ်တယ်မသိဘူး။ စက်နှိုးလို့ မရဘူး။ ကျွန်တော်လည်း တတ်သလောက်မှတ်သလောက်အမျိုးမျိုးကြိုးစားပြင်ကြည့်တာပဲ။ ဘယ်လိုမှ နှိုးလို့မရဖြစ်နေတယ်"

ဟုတင်ပြလိုက်သည်။

ရဲဘော်ကျော်စိန်မှာ ကားနှင့်ပတ်သက်၍ ခေသူမဟုတ်။ မောင်းတတ်ရုံမျှမဟုတ်ဘဲ ကားစက်ပြင်အတတ်ပညာပါ အသင့်အတင့်တတ်ထားပေသည်။

ယခုနှိုးလို့မရဟုဆိုတော့ ဗိုလ်ထွန်းလှ အံ့ဩသွားသည်။ ပေါ ... ဟုတ်လား။ မင်း သေသေချာချာလုပ်ကြည့်ပြီးပြီလား ဟုမေးသည်။ ရဲဘော်ကျော်စိန်ကလည်း အစွမ်းကုန်ကြိုးစားကြည့်ပြီဖြစ်ကြောင်း ၊ လုံးဝစက်နှိုး၍မရကြောင်း ရှင်းပြသည်။

ထိုအချိန်က နံနက် ၉နာရီခွဲကျော်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



နံနက် ၁၀နာရီတွင် အတွင်းဝန်ရုံး၌ အစရေးပေါ် အစည်းအဝေးရှိသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဝန်ကြီးအဖွဲ့ အရေးပေါ် အစည်းအဝေးသို့ အချိန်မီရောက်ပါမှဖြစ်မည်။

ထို့ကြောင့် ဗိုလ်ထွန်းလှသည် ချက်ချင်းပင် ဗိုလ်ချုပ်အောင်ဆန်းအား သွားရောက်သတင်းပို့သည်။ ကားစက်နိုးမရကြောင်း သတင်းပို့လိုက်သောအခါ ဗိုလ်ချုပ်အောင်ဆန်းက "ဟုတ်လား၊ အားက လုံးဝမောင်းလို့မရဘူးလားကွ" ဟု တစ်ခွန်းမေးသည်။

မောင်း၍မရတော့ကြောင်းကို ဗိုလ်ထွန်းလှကဖြေရင်းရုံးကို အချိန်မီအကြောင်းကြားပြီး ကားတစ်စီးတောင်းဖို့ ဖုန်းဆီသို့ လျှောက်သွားသည်။

ချက်ချင်းလှမ်းခေါ်သည်။ ဖုန်းနှင့်ကားတောင်းမလို့မဟုတ်လားဟု၍မေးသည်။ ဗိုလ်ထွန်းလှက ဟုတ်ကြောင်းဖြေလျှင် ...

"မင်းဟာ တော်တော်ညံ့သေးတာပဲ။ တယ်လီဖုန်းဆက်ပြီး မော်တော်ကားတောင်းဖို့တစ်ခုတည်းပဲ မင်းတွေးမိတာကိုး။ မင်းတို့ ငါတို့အနေနဲ့အခုနေအခါ မော်တော်ကားလှမ်းတောင်းလိုက်ရင် တစ်စီးမဟုတ်ဘူး။ ဆယ်စီးလည်းရနိုင်တယ်။ အဲဒါဆက်စပ်ပြီး စဉ်းစားကြည့်မှပေါ့။ စီးပွားရေး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းရှင်တွေဟာ ငါတို့ကို မော်တော်ကားပေး ကူညီတာကို အကြောင်းပြုပြီး သူတို့ ငါတို့ဆီက မတရား အခွင့်အရေးတွေ တောင်းလာမှာကိုတော့ မင်းမတွေးမိဘူး မဟုတ်လား။ မင်းကိုငါအစောကြီးကတည်းက ကြိုပြော ခဲ့တယ် မဟုတ်လား။ မင်းတို့ငါတို့အနေနဲ့ ဘယ်သူ့ဆီက မှ ဘာအကူအညီမှ မယူရဘူး။ အခုမင်းကမော်တော်ကား လှမ်းတောင်းတာဟာလည်း အခွင့်အရေးယူတာပဲ။ ဒါကြောင့် မင်းစောစောက စိတ်ကူးသလို တယ်လီဖုန်းဆက်ပြီး မော်တော်ကား မတောင်းရဘူး"

ဟူ၍ပိတ်လိုက်၏။

ထိုအခါ၌ ဗိုလ်ထွန်းလှက "ကျွန်တော် တို့ဘာလုပ်ရမလဲ ဗိုလ်ချုပ်" ဟု ဆိုလိုက်သည်။

ဗိုလ်ချုပ်အောင်ဆန်းဗွာလည်း ချက်ချင်းပြောချလိုက်၏။

"ဘာမှလုပ်မနေနဲ့။ ငါတို့ကားပျက်နေတယ်မဟုတ်လား။ ဒီတော့မင်းနဲ့ငါ ရုံးကို လမ်းလျှောက်သွားကြမယ်။ ရုံး ရောက်တော့မှ သယ်ယူပို့ဆောင်ရေးဌာနကို ဖုန်းဆက်ပြီး ငါတို့ကားကို စက်ပြင်သမားတွေလာဆွဲယူသွားပြီး ပြင်ပေး



www.burmeseclassic.com

www.burmeseclassic.com



ဗို့ပြောပေါ့။ ကဲ ပြောနေကြာတယ်ကွာ၊ သွားကြစို့”

ထိုသို့ပြောပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းသည် ရှေ့မှ လျှင်မြန်စွာထွက်ခွာသွားတော့သည်။

× × ×

ဆရာတပည့်နှစ်ယောက်သည် တာဝါလိန်းလမ်းမှ ထွက်ခဲ့ကြသည်။ ထို့နောက်နတ်မောက်လမ်း၊ ဗဟန်းလမ်းအတိုင်း။ ထို့နောက် ဗဟန်းအဝိုင်းကိုကျော်ခဲ့ပြီး တိရစ္ဆာန်ရုံဘေးရှိ ပလက်ဆောင်းသို့ပင်ရောက်ခဲ့လေပြီ။

ဗိုလ်ချုပ်အောင်ဆန်းသည်ရှေ့မှ ခြေလှမ်းသွက်သွက်သွားနေသလို ဗိုလ်ထွန်းလှမှာ နောက်ကအမှီလိုက်နေသည်။ ဗိုလ်ထွန်းလှသည် ဗိုလ်ချုပ်အောင်ဆန်းနောက်မှ လိုက်နေစဉ် သူ့အနီးသို့ ကားကလေးတစ်စီးထိုးရပ်သည်။

အော်စတင်အမျိုးအစား မော်တော်ကားငယ်ဖြစ်သည်။ ကားပေါ်တွင်မူ မြန်မာ့ရုပ်ရှင် စတင်တီထွင်သူ ရုပ်ရှင်ဖခင်ကြီး ဆန်းဒန်အတ်ဦးအုန်းမောင်ဖြစ်သည်။

ထိုစဉ်က ဦးအုန်းမောင်သည် ဗဟန်းဝက်ဘာလမ်းတွင်နေထိုင်သည်။ ထိုမှဆူးလေဘုရားလမ်းရှိ ၄င်း၏လန်းဒန်အတ်

www.burmeseclassic.com

www.burmeseclassic.com



ခတ်ပုံတိုက်နှင့် ရုပ်ရှင်ကုမ္ပဏီရှိရာသို့ ကိုယ်တိုင်မောင်း၍ သွားနေခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်ဗိုလ်ထွန်းလှတို့ ဆရာတပည့်နှစ်ဦး ပလက်ဖောင်းပေါ်တွင် ခပ်သုတ်သုတ်လျှောက်နေသည်ကို တွေ့မြင်သဖြင့် ကားရပ်လိုက်ခြင်း ဖြစ်ပါသည်။

ဗိုလ်ထွန်းလှအား လှမ်းခေါ်၍ ဘာ့ကြောင့်ဆရာတပည့်နှစ်ယောက် ပလက်ဖောင်းပေါ်မှာ လျှောက်နေရတာလဲဟုမေးသည်။

ဗိုလ်ထွန်းလှက အမှန်အတိုင်းပြောပြလိုက်၏။ ကားပျက်၍ အိမ်မှာထားခဲ့ကြောင်း၊ စက်နိုး၍မရတော့ကြောင်းကိုပါရှင်းပြလိုက်လျှင် ဦးအုန်းမောင်ကလည်း ဖြစ်မှဖြစ်ရလေ၊ ကားစက်နိုးလို့ မရရင် တစ်ယောက်ယောက်ထံမှ ကားတစ်စီးလောက် ခဏတောင်းပြီး စီးသွားသင့်ကြောင်း ဗိုလ်ချုပ်လိုပုဂ္ဂိုလ်က ခုလိုလမ်းပေါ်တွင် မလျှောက်သင့်ကြောင်း ပြောဆိုလေသည်။

ဗိုလ်ထွန်းလှကလည်း ...

"... ဦးလေးပြောသလိုပဲ မော်တော်ကားတစ်စီး ဖုန်းဆက်တောင်းမလို့ပါပဲ။ ဒါပေမယ့် ဗိုလ်ချုပ်က မတောင်းရဘူးတဲ့။ ဗိုလ်ချုပ်စီးဖို့မော်တော်ကား ကူညီရတာကို အကြောင်းပြုပြီး နောက်ပိုင်းကျရင် မတရားအခွင့်အရေးတွေ တောင်း

www.burmeseclassic.com

www.burmeseclassic.com



လာလိမ့်မယ်။ စီးပွားရေးသမားတွေဟာ အဲဒီလိုလုပ်တတ်တယ်လို့ဆိုပြီး အတွင်းဝန်ရုံးရောက်အောင် ခြေကျင်လျှောက်ကြမယ်လို့ပြောပါတယ်"

ဟုရှင်းပြသည်။

လန်ဒန်အတ်ဦးအုန်းမောင်ကလည်း နားလည်သဘောပေါက်စွာဖြင့် ဗိုလ်ချုပ်ပြောသည်ကို ဦးအနေဖြင့် သဘောပေါက်ကြောင်း၊ ဦးအနေဖြင့် မြို့ထဲကိုသွားရင်း လမ်းကြုံသောကြောင့် ပါတင်သွားတာဖြစ်ကြောင်း၊ ဗိုလ်ချုပ်အား အတွင်းဝန်ရုံးအထိ ပို့ပေးလိုကြောင်း၊ ဦးမှာရုပ်ရှင်သမားမို့ စီးပွားရေးသမားများလို ကုန်သည်ကြီးတွေလို ဘာအခွင့်အရေးမှ မတောင်းပါကြောင်း၊ နိုင်ငံ့ခေါင်းဆောင်တစ်ဦးအနေဖြင့် လမ်းပေါ်၌ခြေကျင် လျှောက်နေသည်မှာ မသင့်လျော်ကြောင်း စသည်တို့ကိုပြောလျှက် အဓေါ်ခိုင်း နေတော့သည်။

ဗိုလ်ထွန်းလှသည်လည်း ဗိုလ်ချုပ်အောင်ဆန်းအား ဦးအုန်းမောင်ပြောသည့်အတိုင်း သွားပြောပြသည်။ ထို့ပြင် လန်ဒန်အတ်ဦးအုန်းမောင်မှာ တခြားလူမဟုတ်။ ဒီးဒုတ်ဦးဘချို၏ တပည့်တွေဖြစ်ပြီး ဗိုလ်ချုပ်တို့၏ တို့ဗမာအစည်းအရုံးကိုပါ လှုံ့ဆော်ကူညီနေသည့်ပုဂ္ဂိုလ်ကြီးဖြစ်ကြောင်းကိုပါ ထည့်ပြောပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းသည်လည်း ဗိုလ်ထွန်းလှပြောပြ နေသည်ကို အစအဆုံး နားထောင်နေရင်း ဦးအုန်းမောင်အား အကဲခတ်ကြည့်နေသည်။

ဦးအုန်းမောင်မှာလည်း ဦးဘချိုကဲ့သို့ပင် သျှောင်တစ်ထုံး နှင့်ခေါင်းပေါင်းဝါဘက်ပေါင်းထားသဖြင့် မြန်မာဆန်သောလူကြီး တစ်ဦးဖြစ်၍ လေးစားယုံကြည်သွားသည်။

ထိုနောက်ကားဆီသို့လျှောက်သွားပြီးနောက် ပြုံး၍နှုတ် ဆက်သည်။ ပြီးမှ ကားကြုံဖြင့် လိုက်ပို့သည်ကို လက်ခံလေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အမြဲတစေ သတိချပ်နေတတ်သလို မိမိကိုယ်နှိုက်က ဝန်ကြီးဖြစ်နေသော်လည်း ထိုဂုဏ်ပါဝါဖြင့် သူတစ်ပါး အပေါ်တွင် အခွင့်အရေးမယူမိရန် အမြဲစောင့်စည်းသည်ကို တွေ့ရ လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်အောင်ဆန်းရဲ့ အင်္ဂလိပ်ဘာသာစကားပေါ်သဘောထား

ဗိုလ်ချုပ်အောင်ဆန်းသည် တက္ကသိုလ်ကျောင်းသား သမဂ္ဂခေါင်းဆောင်ဘဝကပင် အင်္ဂလိပ်စာကို အထူးလေ့လာကြိုးစားခဲ့သည်။ မိန့်ခွန်းများကို အင်္ဂလိပ်ဘာသာဖြင့်ရေးသည်။ အင်္ဂလိပ်ထိုင် ပြောလေ့ရှိသည်။

၂၀-၁-၄၆ နေ့ကလည်း ရွှေတိဂုံအလယ်ပစ္စယံညီလာခံ၌ ဗိုလ်ချုပ်အောင်ဆန်းသည် သဘာပတိမိန့်ခွန်းပြောသည်။ ထိုမိန့်ခွန်းကိုလည်း အင်္ဂလိပ်လိုရေးသားလေသည်။ ၁၉၄၆-ခုနှစ် ဖဆပလအဖွဲ့ချုပ်ဦးစီးကောင်စီ (Supreme Cownic) အစည်းအဝေး၌လည်း ဗိုလ်ချုပ်အောင်ဆန်းသည် သဘာပတိမိန့်ခွန်းကို အင်္ဂလိပ်ဘာသာဖြင့်ရေး၍ပြောသည်။ အင်္ဂလိပ်စာနှင့်ပတ်သက်၍ ဝေါဟာရကြွယ်ပုံ၊ ဝါကျတည်ဆောက်ပုံ၊ 'အိဒီယမ်' ခေါ်နိုင်းယှဉ်တင်စားရေးသားပုံမှာ ထူးခြားအောင် စကားလုံးကျစ်လစ်လှပေသည်။

အမေရိကန်ကျောင်းသားပင် အံ့ဩလောက်အောင်တော်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ဦးမှာမူ လုပ်သားပြည်သူ့နေ့စဉ် (အင်္ဂလိပ်) သတင်းစာအယ်ဒီချုပ်ဦးခင်မောင်လတ် (ဒေါ်ခင်မျိုးချစ်၏ခင်ပွန်း)ကပင် ဗိုလ်ချုပ်အောင်ဆန်းရေးသားသည့် အင်္ဂလိပ်စာကို ဘာသာပြန်ကူးခဲ့ရသည်။

ဗိုလ်ထွန်းလှအား ဦးခင်မောင်လတ်က ၁၉၆၅-ခုနှစ်၊ မတ်လ ၂၅-ရက်နေ့ကျရောက်မည့် တပ်မတော်နေ့ (တော်လှန်ရေးနေ့) အတွက် လုပ်သားနေ့စဉ် (အင်္ဂလိပ်)သတင်းစာတွင် ထည့်သွင်း ဖော်ပြဖို့ ဆောင်းပါးတစ်ပုဒ်တောင်းသည်။

ဗိုလ်ထွန်းလှက ၎င်း၏ဆောင်းပါး၌ ၁၉၄၅-ခုနှစ်ဖက်ဆစ် တော်လှန်ရေးအတွင်းက ဗိုလ်ချုပ်အောင်ဆန်း၏ အခန်းကဏ္ဍကို အခြေပြုရေးခဲ့သည်။ ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ သရက်ခရိုင် ကျေးလက်ဒေသတွင် နေထိုင်ခဲ့ရဖူးသည်။

ထိုအတွေ့အကြုံများကို အကြောင်းခံ၍ ဖက်ဆစ်တော်လှန် ရေးနှင့်စပ်လျဉ်းပြီးအကြောင်း ဂျပန်ကိုတော်လှန်ရကြောင်း ဗိုလ်ချုပ် အောင်ဆန်း ရှင်းလင်းထားသော အင်္ဂလိပ်ဘာသာစာတမ်း(၁၉၄၅- ခုနှစ်၊ ဩဂုတ်လက ရန်ကုန်မြို့တော်ခန်းမတွင် ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်နိုင်ငံခြားသတင်းစာဆရာများ၊ မဟာမိတ်စစ်သည်တော် များ၏ ရှေ့၌ဖတ်ခဲ့သောစာတမ်း)များမှ အာဘော်တစ်စိတ်တစ်ဒေသ ကို ထုတ်နုတ်၍ရေးသားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးခင်မောင်လတ်သည် ဗိုလ်ချုပ်အောင်ဆန်းရေးသော အင်္ဂလိပ်စာ တစ်စိတ်တစ်ဒေသကို ဖတ်ရှုံမျှနှင့်ပင် အံ့ဩချီးကျူး ခဲ့ရလေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလိပ်စာ ဦးစားပေးသင်ပြသော ခရစ်ယာန်သာသနာပြုကျောင်းထွက်မဟုတ်။ ရေနံချောင်း နေရှင်နယ်ကျောင်းထွက်ဖြစ်သည်။ သို့သော် အင်္ဂလိပ်စာ အရေးအသားကျွမ်းပုံ၊ အဆင့်အတန်းမြင့်ပုံမှာ မအံ့ဩဘဲ မနေနိုင်အောင် ဖြစ်ရလေ၏။

စင်စစ်သော် ဗိုလ်ချုပ်အောင်ဆန်းသည် သူကိုယ်တိုင် ရေနံချောင်းမြို့ နေရှင်နယ်(အမျိုးသားကျောင်း)မှ ဆယ်တန်းအောင် ခဲ့သည်ဖြစ်လင့်ကစား အင်္ဂလိပ်စာကို ရန်ကုန်တက္ကသိုလ်သို့ရောက်ပြီး အထူးကျွမ်းကျင်အောင် လေ့လာခဲ့သည်။

ဗိုတော်အောင်လည်း အထူးကြိုးစားခဲ့လေသည်။ သူ့ သဘောထားအမြင်ကိုလည်း ပွင့်လင်းစွာပြောခဲ့လေသည်။

ထိုသဘောထားအမြင်ကို ဖက်ဆစ်တော်လှန်ရေးကာလ အတွင်း ရောဝတီမြစ် အနောက်ဘက်ကမ်း သရက်ခရိုင်ကျေးလက် ဒေသတွင် တပ်မတော်ရှေ့တန်းစစ်ဌာနချုပ် ယာယီစခန်းချထား ဆော်တာဟု သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့က နယ်ချဲ့သမားဆီက လွတ်လပ်ရေး မရ,ရအောင် ယူရမှာမို့ နယ်ချဲ့သမားရဲ့ဘာသာကို ကျွမ်းကျင်အောင် လေ့လာထားရမယ်။ အင်္ဂလိပ်စာတော်အောင် ကြိုးစားရမယ်။ ဒါမှလည်း ငါတို့ဟာ နယ်ချဲ့သမားကို အရေးဆိုနိုင်မယ်၊ ငြင်းခုံနိုင်မယ်၊ လွတ်လပ်ရေး မပေး,ပေးအောင် တောင်းနိုင်မယ်။ ကုန်ကုန်ပြောမယ်ကွာ။ လိုအပ်လာရင် နယ်ချဲ့သမားကို သူတို့ဘာသာစကားနဲ့ အင်္ဂလိပ်လို ရေရေလည်လည် ဆဲနိုင်မယ်ကွ"

ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလိပ်စာ၊ အင်္ဂလိပ်ဘာသာစကားဖြင့် ပတ်သက်၍ ဤသို့ဤနှယ်ခံယူချက်ကြီးမားခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဘဝယုံကြည်ချက်နဲ့အတွေးအခေါ်အမြင်များ

ဗိုလ်ချုပ်အောင်ဆန်းသည် တက္ကသိုလ်သမဂ္ဂ၏ ကြွေးကြေ
သံဖြစ်သော 'အိုးဝေ' မဂ္ဂဇင်းတွင်တာဝန်ခံလုပ်ခဲ့သည်။ သူ အယ်ဒီတာ
ဘဝ၌ သူ၏ ယုံကြည်ချက်နှင့် အတွေးအခေါ်ဒဿနများကို
လေးနက်စွာ ထုတ်ဖော်ရေးသားခဲ့ပူး၏။

သူ ဤသို့ရေးခဲ့ပါသည်။

'ငါ့အား .....

ဖုံးလွှမ်းထားသော လကွယ်သန်းခေါင်ယံ၊
ယင်းမှောင်မိုက် အတွင်းမှနေ၍ အနိုင်မခံ၊
အရှုံးမပေးလိုသော ငါ့စိတ်ကို
ပန်ဆင်းပေးသူ နတ်၊ သိကြားတို့အား
ငါသည် ကျေးဇူးစကားဆိုပါ၏။'

ဟူ၍လည်းကောင်း၊ ထို့နောက်ဆက်၍ ...

www.burmeseclassic.com

www.burmeseclassic.com



'လောကဓံတရား၏ လက်ခုပ်တွင်းသို့
ဘယ်လိုပင်ကျရောက်စေကာမူ
ငါကား မတုန်လှုပ်၊ မပိုကြွေး၊
ကံတရား၏၊ ရိုက်ပုတ်ခြင်းဒဏ်ချက်ကြောင့်
ငါ၏ ဦးခေါင်းသည်
သွေးသံတို့ဖြင့် ရဲရဲနီနေ၏။
သို့သော် ညွတ်ကား၊ မညွတ်။'

လောကဓံတရား၏ လက်ခုပ်တွင်းသို့ ကျရောက်နေပေသည့် သူသည် မည်သည့်အချိန်မျှ လက်မြှောက်အူးထောက် လိမ့်မည်မဟုတ်။ တုန်လှုပ်နေမည်မဟုတ်၊ ပိုကြွေးနေမည်မဟုတ်။ ကံတရား၏ ရိုက်ပုတ်ဒဏ်ကြောင့် သူ့ဦးခေါင်းထက်၌ သွေးများချင်းချင်းနီရဲနေသော်လည်း ဦးညွတ်မည်မထင်လိုက်နှင့်ဟု ကြွေးကြော်လိုက်ပေသည်။

တစ်ဖန်ဆက်၍လည်း ...

'လောဘ၊ ဒေါသတို့၏၊
ကြီးစိုးရာဌာန၏၊ အခြားမဲ့၌ကား
သေခြင်းတရားသည်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်မက်ဖွယ်ရာ ငုံ့လင့်နေ၏။
သို့ပင်မူ ငါ့အား
မတုန်မလှုပ်သည်ကိုသာ တွေ့ရအံ့။
နောင်ကိုလည်း ဘယ်တော့မှ
မကြောက်သည်ကို တွေ့ရပေအံ့။'

ဟုလည်း မကြောက်တရားကိုပင် ရဲရင့်စွာထုတ်ဖော်လိုက်ပြန်သည်။ လောဘ၊ ဒေါသများ ပြွန်းသီးနေသော၊ ကြီးစိုးနေသော အခြားမဲ့၏ နောက်ကွယ်၌ သေခြင်းတရား စစ်တရားမှန်သည် အမှန်ရှိနေကြောင်းကို လှမ်းမြင်နေရပါသည်။

ကြောက်မက်ဖွယ်ကောင်းလှသော သေတွင်းနှုတ်ခမ်းသည် အဆင်သင့်ဟ၍ စောင့်မျှော်နေပါသည်။ သို့သော် ပုထုဇဉ်မှန်သမျှ ဤလမ်းကို မလွဲမသွေရောက်ရမည်ကိုသိနေ၏။ ထို့ကြောင့်သူသည် ကြောက်စရာမလိုတော့ကြောင်း ဖြောင်ကျကျဖွင့်ဟပြောလိုက်ခြင်းဖြစ်သည်။

ထိုပြင်ဘာသာတရား၏အမြင်၌လည်း ဗိုလ်ချုပ်အောင်ဆန်းသည် ဤသို့တွေးခေါ်လျက် မပစ်ပယ်ဘဲ ဝန်ခံထားသည်။

မိမိ၏ လုဂ်ရပ်အကျိုး၌ ကုသိုလ်၊ အကုသိုလ်တို့သည် ရှိမည်ဖြစ်သည်။ သို့သော်ထိုအပြစ်တို့သည် အများကောင်းကျိုး



www.burmeseclassic.com

www.burmeseclassic.com



သယ်ပိုးသည်ဖြစ်သည်မို့ လားရာဂတိမကောင်းသော်လည်း စိတ်မပျက်မိကြောင်းကို ရဲဝံ့စွာသစ္စာဆိုခဲ့သည်။

ထိုစာပိုဒ်တွင် ဤသို့ ဖော်ပြထား၏။

'သုဂတိသွားရာ ...၊
တံခါးဝသည် မည်မျှပင် ကျဉ်းမြောင်းသည်ဖြစ်စေ၊
ယမမင်း၏ ခွေးရေပရပိုက်၌
ငါ၏ အပြစ်တို့ကို
မည်မျှပင် ရေးမှတ်ထားသည်ဖြစ်စေ၊
ငါကား ဂရုမပြု။
ငါသာလျှင် ကံ၏အရှင်သခင်ဖြစ်၍
ငါသာလျှင် စိတ်၏၊ အကြီးအကဲဖြစ်တော့၏။'

× × ×

၁၉၄၀-ပြည့်နှစ်၊ ဖေဖော်ဝါရီလထုတ်, ဒဂုန်မဂ္ဂဇင်းတွင် 'သခင်အောင်ဆန်း'ဟူသော ကလောင်အမည်ဖြင့် ဆောင်းပါးရေးခဲ့သည်။ ဆောင်းပါး၏ခေါင်းစဉ်မှာ "နိုင်ငံရေး အမျိုးမျိုး"ဟု သိရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုဆောင်းပါး၌ ဗိုလ်ချုပ်အောင်ဆန်း၏ ရေးသားတင်ပြပုံ၊ ရေးနည်းရေးဟန်နှင့်အတွေးအခေါ်ကို လေးနက်စွာမြင်ထားသည့် အချက်အလက်များ ပါရှိနေပေသည်။

အနည်းအကျဉ်းမျှ ထုတ်နုတ်ပြရသော ...

"မြန်မာပြည်၏ နိုင်ငံရေးသမိုင်းကို ပြန်ပြောင်း၍ကြည့်လျှင် နိုင်ငံရေးဆိုသည်မှာ ဘယ်လိုဟာမျိုးပါဟု တပ်တပ်အပ်အပ် မရှိသည်ကိုတွေ့ရ၏။ မြန်မာမျိုးအဖို့ ဟုမ္မရူး၊ အင်ဒီပင်ဒင့်၊ ဘုံဝါဒ၊ ဆင်းရဲသားဝါဒ၊ ဝံသာနုစသည်ဖြင့် မီးနိုးမဆုံး၊ မိုးမဆုံးဖြစ်နေခဲ့သည်။"

နိုင်ငံရေးအပေါ်၌ နိုင်ငံရေးသမားတို့သည် ဝိဝါဒအမျိုးမျိုး ကွဲပြားနေပုံကို ကောက်နုတ်ပြလျက် ဗိုလ်ချုပ်အောင်ဆန်းက ခပ်ညည်းညည်းပြောလိုက်ပုံရသည်။

"အထက်တွင်တင်ပြခဲ့သော **နိုင်ငံရေး**၏ သဘောကို အကျယ်ဒီကာဖွင့်ရလျှင် ကုန်နိုင်ဖွယ်ရာမရှိ။ သို့သော် ပိုမိုသဘောပေါက်စေခြင်းငှာ ထပ်မံသရုပ်ဆောင်ပြရဦးအံ့။ နိုင်ငံရေးသည် လူမှုရေးကိစ္စအားလုံးပင်ဖြစ်၏။"

"နောက်တစ်နည်းကား လူသားတို့သည် လူ့ပြီးဘဝမှ



www.burmeseclassic.com

www.burmeseclassic.com


လူယဉ်ခေတ်ရောက်လာသည့်အခါ 'နိုင်ငံရေး'ပေါ်လာသည်ဟု ဆိုကြ၏။"

"ကျွန်တော်၏ အယူအဆတွင်မူ နိုင်ငံရေးကို သိပ္ပံပညာအရ ထင်မြင်သုံးသပ်မှသာ မှန်ကန်သည်ဟု ထင်မိပါ၏"

ဗိုလ်ချုပ်အောင်ဆန်းသည် လူ့မူတာဝနှင့်နိုင်ငံရေးကို ဆက်စပ်တွေးခေါ်မြင်ထားသလို နိုင်ငံရေးကိုလည်း၊ နိုင်ငံရေးသိပ္ပံပညာဖြင့် တွေးခေါ်သုံးသပ်မှ သဘာဝကျမည်ကို ထောက်ပြလိုက်ပုံရှိလေသည်။

ပေါ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းရဲ့
# မွေးရာပါမိဂ

ဗိုလ်ချုပ်အောင်ဆန်းသည် စနေသားဖြစ်သည်။

စနေသားဖြစ်သည်နှင့်အညီ ငယ်နာမည်မှာ 'ထောင်ထိန်လင်း' ဟုတွင်ခဲ့သည်။ မကွေးတိုင်း၊ နတ်မောက်မြို့မှဦးဖာ၊ ဒေါ်စု တို့၏သားဖြစ်သည်။ ထောင်ထိန်လင်းဟုအမည်မှည့်ခဲ့သော်လည်း အစ်ကိုလတ်ထောင်အောင်သန်း၏အမည်နှင့်ကာရန်လိုက်အောင် 'အောင်ဆန်း' ဟူ၍ပြောင်းခဲ့လေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ငယ်စဉ်ကတည်းကပင် ကိုယ်ကျင့်တရားနှင့် အမှန်တရားကို မြတ်နိုးခဲ့သူဖြစ်လေသည်။ ထို့ကြောင့်လည်း ဗိုလ်ချုပ်အောင်ဆန်းတဖွဖွပြောခဲ့သော စကား တစ်ခွန်းရှိခဲ့ရလေသည်။ ထိုစကားမှာ .....

"လူမှာ အရေးကြီးဆုံး ကိုယ်ကျင့်တရားရယ်၊ အမှန်တရား ကိုမြတ်နိုးမှုရယ် ဒါပဲဖြစ်တယ်"

ဟုဆိုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း(ခေါ်)မောင်ထိန်လင်း ငယ်စဉ်ကဖြစ်သည်။ သူ့လေးနှစ်သားအရွယ်က မိခင်ဒေါ်စု(အမေစု)သည် စီးပွားရေးလုပ်ငန်းလုပ်သည်။ အရောင်းအဝယ်ကျွမ်းကျင်သည်။ မိခင်ဒေါ်စုသည် ဆန်စပါးအရောင်းအဝယ်လုပ်သည်။ ငွေချေးသည်။ စပါးပေးပေးသည်။ စပါးဝယ်၍လည်းလှောင်သည်။ လှောင်ထားသည့်စပါးကိုလည်း ကျေးလက်တောရွာမှ လူများကိုတစ်ဆင့်ပြန်ရောင်းချတတ်သည်။

တစ်ခါသော် .....

တောလက်ကျေးရွာမှ စပါးဝယ်သူများရောက်လာကြ၏။ စပါးပေါက်ဈေးစကားပြောနေကြ၏။ ထိုစဉ်က မောင်ထိန်လင်းကလေး အနီးမှာဆော့ကစားလျက်ရှိနေခိုက်ဖြစ်သည်။

စပါးဝယ်ရောက်လာကြသူများက ဈေးဆစ်လေသည်၊ မိခင်ဒေါ်စုကလည်း မှသားမပါ၊ လက်မချောဆိုသည့်အတိုင်း လက်ရှိပေါက်ဈေးနှင့်ဆို ဈေးမကိုက်ကြောင်း၊ ဒါပေမယ့် လိုချင်နေမှတော့ ဆောက်သည်မပျက်အောင် မိမိကပဲလျှော့ပေးလိုက်ပါမည့်ဖြစ်ကြောင်း၊ ဒီစပါးဝယ်တုန်းက ခြောက်ဆယ်ဈေးရှိကြောင်း၊ ယခုငါးဆယ်ဈေးနှင့်ပဲ ပေးလိုက်မည်ဖြစ်ကြောင်း ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကိုကြားလိုက်ရသော မောင်ထိန်လင်းကလေးမှာ ...

"ဟာ ... အစ်မကလဲ၊ မဟုတ်တာပြောရှော့မယ်။ ဒီ စပါး အစ်မကငါးဆယ်ဈေးနဲ့ဝယ်ထားတာ ကျွန်တော် သိတယ်။ ဟုတ်တာပြောမှ ဥစ္စာပေါ်မယ်။ လိမ်ပြောတာ မကောင်းဘူး"

ဟုခပ်တည်တည်ကြီး ဝင်ထောက်လိုက်သည်။ အားလုံးတ ဝိုင်းရယ်ကြလေသည်။ စပါးဝယ်များပြန်သွားလျှင် မိခင်ဒေါ်စုတ အနီးသို့ခေါ်ကာ "ငြိမ်သည်တွေနဲ့ စကားပြောနေတုန်း လူကြီးတွေ ပြောတဲ့စကားကြားမှာ မင်းကဘာဖြစ်လို့ ဝင်ပြောရတာလဲ။ နောက် ကို ဒီလိုဝင်မပြောနဲ့"ဟု ဆုံးမရာ မောင်ထိန်လင်းဒေါ်အောင်ဆန် ကလည်း ပေါင်တွင်းကြောဆွဲလိမ်ခံရပေသည့် တစ်ချက်မငိုဘဲ ...

"အစ်မက လိမ်ပြောတာကိုး"

ဟု ရဲရဲကြီးပြောချလိုက်သည်။ ငယ်စဉ်ကတည်းကပ ဗိုလ်ချုပ်အောင်ဆန်းသည် လိမ်ညာဖြီးဖြန်းပြောသည်ကို လက်မခံ အမှန်တရားကိုသာ မြတ်နိုးသည်မှာ ထင်ရှားပေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်း၏ ဝီရဝတ္တရားကြီးမားမှု

ဗိုလ်ချုပ်အောင်ဆန်းနှင့်သခင်ထွန်းအုပ်တို့သည် မုဒုံမှ တစ်ဆင့် သံဖြူဇရပ်သို့သွားသည်။

ထိုစဉ်က ဗိုလ်ရဲထွဋ်တပ်သည် ၂၀-၂-၄၂ နေ့တွင် ဌာနချုပ်ဗဟိုစစ်ကြောင်းတစ်ခုလုံးကာတိုင်တီသို့ ချီတက်ကြရာတွင် ရှေ့ပြေးတပ်ဖြစ်လေသည်။ ဗိုလ်ရဲထွဋ်တပ်နှင့် ပန်ချာပီတပ် စိပ်တစ်စိပ်တို့တွေ့ဆုံကာ အပြင်းအထန်တိုက်ပွဲဖြစ်ကြသည်။

ဗိုလ်ရဲထွဋ်တပ်သည် ၂၄-၂-၄၂ ရက်နေ့တွင် ဘီးလင်းမြစ် ကိုဖြတ်သည်။ တောတောင်များကိုဖြတ်သည်။ မဲကတကိုဖြတ် ကျော်သည်။ ထိုနောက်စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိ ကွင်းဆိပ် ရွာသို့ ၂၅-၂-၄၂ နေ့တွင် ချောမောစွာရောက်လာသည်။ ထိုနေရာတွင် စခန်းချလျက် ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်ထွန်းအုပ် တို့ကို စောင့်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းနှင့်သခင်ထွန်းအုပ်တို့လည်း မုဒုံမှ တစ်ဆင့် သံဖြူဇရပ်သို့သွား၏။ ထို့နောက် ရန်ကုန်မှရောက်လာကြသော ပြည်သူ့အရေးတော်ပုံကော်မတီကိုယ်စားလှယ်များနှင့် တွေ့ဆုံကြသည်။

ထိုကိုယ်စားလှယ်များမှာ သခင်မြ၊ ဗိုလ်လက်ျာတို့ကို စောင့်၍ ဆွေးနွေးခြင်းဖြစ်သည်။ ဆွေးနွေးပြီးလျှင် ဗိုလ်ဗလ၊ ဗိုလ်မြင့်အောင်တို့၏ တပ်များကို ဖားအံရှိ ဗိုလ်ရန်နိုင်၊ ဗိုလ်တောက်ထိန်၊ ဗိုလ်မင်းခေါင်တို့၏တပ်များကို ကျိုက္ကမီသို့ပြန်စေပြီး မုတ္တမ ပင်လယ်ကိုဖြတ်လျက် မြစ်ဝကျွန်းပေါ်သို့ချီတက်ရန်စီစဉ်ကြသည်။

ထိုစဉ် သထုံသို့ရောက်နှင့်နေကြသည့် ကာဝါရှီမား၊ တာနီဇာကီ၊ ဗိုလ်စံလွင်နှင့် တပ်စိပ်တစ်စိပ်တို့မှ သထုံတွင် သခင်ကိုယ်တော်မှိုင်းသည် လျှို့ဝှက်စွာပုန်းအောင်းနေကြောင်း၊ မင်းတိုင်ပင်အမတ်ဦးစိုးတင်နေအိမ်တွင်ရှိနေကြောင်းသိရှိလိုက်ရသည်။

ဤ သတင်းရလျှင်ရခြင်း ဗိုလ်စံလွင်အား မုဒုံသို့ အမြန်သွားရောက်စေပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်ထွန်းအုပ်တို့အား သတင်းပို့စေသည်။

ချက်ချင်းပင်သတင်းပို့ပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်ထွန်းအုပ်တို့အား သွားရောက်ခေါ်လာခဲ့သည်။ ဗိုလ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



အောင်ဆန်းသည် လိုက်လာပြီးနောက်သခင်ကိုယ်တော်မှိုင်းအား တွေ့ဆုံကြသည်။

တွေ့လျှင်တွေ့ခြင်းပင် ဗိုလ်ချုပ်အောင်ဆန်းသည် ဆွေးနွေးစရာ စစ်ရေးကိစ္စများကို မဆွေးနွေးသေးဘဲ သခင်ကိုယ်တော်မှိုင်းအား ရိုသေလေးစားစွာ ရှိခိုးကန်တော့ပါသည်။ ရှိခိုးကန်တော့ပြီးမှ ဆက်လက်ဆွေးနွေးကြလေသည်။

ထိုစဉ်အင်္ဂလိပ် တိုက်လေယာဉ်များရောက်လာပြီး စက်သေနတ်များဖြင့် ပစ်သော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်မှုမရှိဟု သိရပေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ရိုသေထိုက်သည့်ပုဂ္ဂိုလ်ဆိုလျှင် လေးလေးစားစား၊ ရိုရိုသေသေ နေရာပေးတတ်သောသဘောထားကို တွေ့ရှိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းရဲ့
# လူချစ်လူခင်များတဲ့အရည်အချင်းကောင်း

တစ်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနေထိုင်လျက်ရှိသော ဗဟန်းမြို့နယ် တာဝါလိန်းလမ်း (နတ်မောက်လမ်း)အိမ်သို့ ရှမ်း အမျိုးသားအဘိုးကြီးတစ်ဦးနှင့် အဖော်လူငယ်တစ်ဦးတို့ အတူရောက် လာကြသည်။

ဗိုလ်ထွန်းလှက အိမ်ရှေ့ထွက်လျက် ဘာကိစ္စရှိကြောင်း မေးမြန်းကြည့်သည်။ အဘိုးကြီးက ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ချင် ၍လာကြောင်းပြောသည်။

ထိုအချိန်က ဗိုလ်ချုပ်အောင်ဆန်းမှာ အလွန်အလုပ်များ အိမ်သို့ဧည့်သည်များလာရောက်လျက် ဗိုလ်ချုပ်နှင့်တွေ့လိုခြင်း အနယ်နယ်အရပ်ရပ်မှ နိုင်ငံရေးသမားများကလာ၍တွေ့ရ ကောင်းဆိုခြင်း၊ နိုင်ငံခြားသတင်းထောက်များကလာတွေ့ခြင်း၊ F.S.S ခေါ် ဗြိတိသျှစစ်ထောက်လှမ်းရေးအရာရှိများလာတွေ့ခြင်းစသည် လူပေါင်းစုံနေသည်။

မိတ်ဆွေစာပေ
www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တွေ့သင့်၊ မတွေ့သင့်ကို ဗိုလ်ထွန်းလှမှ စီစဉ်ပေးရသည်။ အသေးစိပ်မေးမြန်းကာတစ်ဆင့် ဗိုလ်ချုပ်အောင်ဆန်းအား တင်ပြနေရသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တွေ့လိုသည့် ရှမ်းအဘိုးကြီးအား မေးကြည့်သောအခါ၌ အဘိုးကြီးက "ဗိုလ်ချုပ်အောင်ဆန်း သုံးစွဲဖို့အတွက် လှူချင်လို့ပါ"ဟုဖြေသည်။ ထိုကိစ္စကို ဗိုလ်ထွန်းလှ ချက်ချင်းဆုံးဖြတ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ပေးဖို့မသင့် တုမြင်သည်။

အဘယ့်ကြောင့်ဆိုသော် ဗိုလ်ချုပ်အောင်ဆန်းသည် ဒီလို ကိစ္စမျိုး၌လုံးဝ ဝါသနာပါသည်မဟုတ်။ မိမိကိုယ်ကျိုးအတွက် အခွင့်အရေးယူတတ်သူမဟုတ်။ လက်ခံမည်မဟုတ်ကြောင်းကို သိသည်။

သို့ဖြင့်ဗိုလ်ထွန်းလှက "ဒီမယ်ဦးကြီး၊ ဗိုလ်ချုပ်သုံးဖို့ လှူချင်တယ်ဆိုလို့ ဦးကြီးရဲ့စေတနာသဒ္ဓါတရားကို လေးစားပါတယ်။ ဒါပေမယ့် ဗိုလ်ချုပ်က ဒီလိုသုံးစွဲဖို့ လှူတာမျိုး လက်မခံပါဘူး။ တစ်နည်းတော့ရှိတယ်။ ဦးကြီးကလှူချင်သပဆိုရင် ဗဟန်း၊ ကိုယ့်မင်း ကိုယ့်ချင်းလမ်း၊ အမှတ်(၈)က ဖ.ဆ.ပ.လ အဖွဲ့ချုပ်ရုံးမှာ သွားလှူလို့ရပါတယ်။ ဒါကြောင့်ဦးကြီးတို့ အဖွဲ့ချုပ်ရုံးကိုပဲ ကြွကြွပါ"ဟု တောင်းပန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရှမ်းအဘိုးကြီးသည် ဗိုလ်ထွန်းလှ၏စကားကို လက်မခံ။ ၎င်း၏ လွယ်အိတ်အတွင်းမှ အထုပ်တစ်ထုပ်ကို နှိုက်ယူကာ ဖြေဖြေလေသည်။ အထုပ်ထဲမှ တဝင်းဝင်း တလက်လက်တောက်ပြောင်ပြီး အရည်အသွေးကောင်းလှသည့် ရွှေချောင်းများ ထွက်လာသည်။

ထိုနောက် အဘိုးကြီးက "ဒီလိုပါ ဗိုလ်ကြီး၊ ကျုပ်က ဗိုလ်ကြီးပြောတဲ့အတိုင်း အဖွဲ့ချုပ်ကိုရောက်ပြီး ရန်ပုံငွေလှူခဲ့ပြီးပါပြီ။ ဒါက ဗိုလ်ချုပ်တို့ လွတ်လပ်ရေးကြိုးပမ်းမှုအတွက် လုပ်ငန်းများမှာ သုံးဖို့လှူတာပါ။ အခုဒီကိုလာတာ နိုင်ငံရေးရန်ပုံငွေနဲ့မဆိုင်ပါဘူး။ ဗိုလ်ချုပ်တို့မိသားစုမှာ ချွေတာခြစ်ချုတ်စားသောက်နေရတယ်လို့ ကြားသိရပါတယ်။ အခုဆိုရင် ဗိုလ်ချုပ်က တပ်ကထွက်လိုက်ပြီမို့ လစာဝင်ငွေဆိုလို့ မရှိဘူးမဟုတ်လား။ ဒါကြောင့် သူလွတ်လပ်ရေးရအောင် ဦးဆောင်ကြိုးစားရာမှာ နောက်ဆံမတင်းဘဲ လုပ်နိုင်အောင်လို့ သူ့မိသားစုသုံးစွဲဖို့ ဒီရွှေတွေကို ကျုပ်လှူချင်ပါတယ်။ အဲဒါတော့ ဗိုလ်ကြီးက ဗိုလ်ချုပ်ကို မေတ္တာရပ်ခံပေးစေချင်ပါတယ်" ဟုစကားဆိုပြန်၏။

ထိုစကားကြားရသော် ဗိုလ်ထွန်းလှသည် အလွန်အံ့သြသွားသည်။ စေတ္တစဉ်းစားပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းရှိနေသည့်



www.burmeseclassic.com

www.burmeseclassic.com


အိမ်အပေါ်ထပ်သို့တက်သည်။ ဗိုလ်ချုပ်အား သတင်းပို့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းအဘိုးကြီးတစ်ဦးမှ ရွှေချောင်းများ လှူချင်နေကြောင်း သတင်းကြားရသောအခါ၌ အလွန်စိတ်ဆိုးစွာဖြင့် .....

"ပော့ကောင်၊ ငါ အမျိုးလက်မခံဘူးဆိုတာ မင်းသိသားနဲ့။ လှူချင်ရင် ဖ.ဆ.ပ.လ အဖွဲ့ချုပ်မှာ သွားလှူလို့သာ ပြောလိုက်"

ဟုဆိုလေသည်။

ဗိုလ်ထွန်းလှသည် ပြဿနာပြေလည်မည့်နည်းလမ်းကို ရှာရတော့သည်။ ဗိုလ်ချုပ်ပြောသလို အဘိုးကြီးအားရှင်းပြပြီးဖြစ်ကြောင်း၊ ဖ.ဆ.ပ.လ အဖွဲ့ချုပ်တွင်လည်း ရန်ပုံငွေအတွက် လှူပြီးပြီဖြစ်ကြောင်း၊ ယခုအလှူက ဗိုလ်ချုပ်၏ နာမည်ကြားတတည်းက ကြည်ညိုလေးစား၍ ကိုယ်တိုင်ကိုယ်ကျတွေ့ဖူးချင်တာကတစ်ကြောင်း၊ ဗိုလ်ချုပ်တို့မိသားစုဆင်းရဲတျပ်တည်းနေချိန်မှာ မိသားစုကောင်းကောင်းမွန်မွန်စားသောက်နေထိုင်ပြီး ဗိုလ်ချုပ်အနေနှင့်လည်း စိတ်အေးလက်အေးလွတ်လပ်ရေးရအောင် လုပ်နိုင်တိုင်နိုင်ဖို့အတွက် လှူတာပါ။ ပြီးတော့ ဒီလိုလှူတဲ့အတွက်ကြောင့်လည်း သူ့အနေဖြင့် ဘာအခွင့်အရေးမှ မမျှော်လင့်ကြောင်း၊ စေတနာ


www.burmeseclassic.com

www.burmeseclassic.com



သန့်သန့်လျှတာဖြစ်ကြောင်းများကို ပြည့်ပြည့်စုံစုံတင်ပြလိုက်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် အတန်ကြာအောင် စဉ်းစားနေသေး၏။ သို့သော်စောစောကလောက် မျက်နှာထားသည် မတင်းမာတော့ပေ။ ခပ်ပြေပြေရှိလာတော့မှ ဗိုလ်ထွန်းလှကဆက်၍ ရှမ်းအဘိုးကြီးလည်း စိတ်ချမ်းသာသွားအောင် ဗိုလ်ချုပ်အနေဖြင့် ခေတ္တဆင်းတွေ့ပေးရန်၊ အဘိုးကြီးပေးလှူသော ရွှေချောင်းထုပ်ကို လက်ခံကျေးဇူးတင်စကားပြောဆိုပေးရန်၊ လက်ခံရရှိကြောင်း ပြေစာလက်မှတ်ထိုးပေးရန်၊ အဘိုးကြီးဝမ်းမြောက်ဝမ်းသာဖြင့် ပြန်သွားပြီးမှ ၎င်းရွှေချောင်းများကို အဖွဲ့ချုပ်၏ ဘဏ္ဍာရေးမှူး မြန်မာ့အလင်း ဦးတင်ထံသွားအပ်ရန် အဖွဲ့ချုပ်၏ ရန်ပုံငွေအဖြစ် အသုံးပြုစေဖို့ ဗိုလ်ချုပ်မှ ပို့ခိုင်းတာမို့ လာမို့တာဆိုရင် ဒီပြဿနာရှင်းလင်းသွားမည်ဖြစ်ကြောင်း တင်ပြလိုက်သည်။

နောက်ဆုံး၌ ဗိုလ်ချုပ်အောင်ဆန်းသည် ဗိုလ်ထွန်းလှစကားကိုလက်ခံသည်။ ညှိသည်ရှမ်းအဘိုးကြီးကို ဆင်းတွေ့သည်။ ရွှေချောင်းများ လက်ခံရရှိကြောင်းကို ဗိုလ်ထွန်းလှ လက်နှိပ်စက်ရိုက်ပေးသည့် စာရွက်ပေါ်တွင် 'အောင်ဆန်း' ဟုလက်မှတ်ထိုးပေးလိုက်သည်။ ပြီးလျှင် ဗိုလ်ချုပ်အောင်ဆန်းက ...

"ကျေးဇူးအများကြီးတင်ပါတယ် ဦးကြီးခင်ဗျား။ ဦးကြီး

www.burmeseclassic.com

www.burmeseclassic.com


တို့ရှမ်းပြည်နယ် အပါအဝင် တစ်နိုင်ငံလုံး လွတ်လပ်ရေး ရအောင် ကျွန်တော်အစွမ်းကုန်ကြိုးစားလုပ်ပါမယ်” ဟုကတိပြုလေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ စကားကိုကြားရလျှင် အဘိုးကြီးမှာ အထူးကြည်ညိုသွားသည်။ မယုံကြည်နိုင်လောက်အောင်လည်း အံ့ဩဟန်ဖြင့် ငေးစိုက်ကြည့်နေပြီးနောက် .....

“ဗိုလ်ချုပ်ဦးအောင်ဆန်းကို နာမည်ကြားတာနဲ့ကြည်ညိုနေမိပါတယ်။ အမှန်တကယ်တွေ့ရတော့ အသက်ငယ်ငယ်လေးရှိသေးပါတကားလို့ အံ့ဩနေမိပါတယ်။ တိုင်းပြည်လွတ်လပ်ရေး အမှန်မုချရအောင် ဗိုလ်ချုပ်စွမ်းဆောင်နိုင်မယ်လို့လည်း ယုံကြည်ပါတယ်”

ဟုပြောရင်းဆိုရင်းပင် ဗိုလ်ချုပ်အောင်ဆန်းအား လက်အုပ်ချီလျက် ကန်တော့ရန် ကြမ်းပြင်ပေါ်သို့ ဒူးတုပ်ထိုင်ချလိုက်လေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည်လည်း ကမန်းကတန်းပင် ထိုင်ရာမှထလျက် ရှမ်းအဘိုးကြီးအား ဖေးမ,ဆွဲထူကာ ဤသို့ တောင်းပန်လေသည်။

“မလုပ်ပါနဲ့ ဦးကြီးရယ်၊ ကျွန်တော်ငရဲကြီးနေပါဦးမယ်။ အခုကျွန်တော်တို့ကို လာလျှာဒါန်းတာကပဲဦးကြီးရဲ့ အလှူ့ဒါနမြတ်



www.burmeseclassic.com

www.burmeseclassic.com


တဲ့ စိတ်ဓာတ်နဲ့ စေတနာဟာ ထင်ရှားနေပါပြီ"

ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းအဘိုးကြီးအား နှစ်သိမ့်စကား ကျေးဇူးစကားဆိုလိုက်သည်။ အဘိုးကြီးသည်လည်း အထူးကျေနပ်သွားသဖြင့် နှုတ်ဆက်ပြီးပြန်သွားတော့သည်။ ထိုမျှမကသေးပါ။ ၁၉၄၆-ခုနှစ်၊ ဒီဇင်ဘာလကဗိုလ်ချုပ်အောင်ဆန်း ညောင်ရွှေမြို့သို့ စည်းရုံးရေးတရားဟောရန်ရောက်သွားသည်။ ညောင်ရွှေစော်ဘွားကြီးကို မြင်သူတိုင်းက မြေပြင်ပေါ်တွင် ဒူးတုပ်ကန်တော့သည်ကိုတွေ့ခဲ့သည်။

သို့အတွက် ဗိုလ်ချုပ်အောင်ဆန်းက ညောင်ရွှေစော်ဘွားကြီးအား ပြောခဲ့သေး၏။

"စော်ဘွားကြီး။ လွတ်လပ်ရေးရပြီးရင်တော့ ဒီအလေ့အထကို ပယ်ပစ်မှဖြစ်မယ်"

[မှတ်ချက် ။ မဟာသရေစည်သူဘွဲ့နှင့် အဂ္ဂမဟာသီရိ သုဓမ္မဘွဲ့ရ စဝ်ရွှေသိုက်နှင့် စဝ်ဖလုံတို့သည် ၁၉၅၉-ခုနှစ်၊ ဧပြီလ၊ ၂၉-ရက်နေ့တွင် အာဏာစွန့်လွှတ်ခဲ့သည်။]


www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်အောင်ဆန်းအပေါ် မြန်မာစာရေးဆရာကြီးတစ်ဦးရဲ့အမြင်

စစ်ကြီးပြီးသလောက် အခြေအနေတွင်ဖြစ်သည်။ အင်္ဂလိပ် အုပ်ချုပ်နေဆဲပင်။ ထိုစဉ်က စစ်ကိုင်းတွင် ဖ.ဆ.ပ.လကို အတည် တကျမဖွဲ့ရသေးပါ။ ဖွဲ့ဖို့စိုင်းပြင်နေဆဲဟုသိရသည်။ အချို့က အင်္ဂလိပ်ကို ကြောက်နေဟန်ရှိသည်။

ထိုကဲ့သို့ ရှိနေစဉ်မှာပင် စစ်ကိုင်းသို့ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးဘဖေ၊ ဟသ်ာတဦးမြ၊ ပျော်ဘွယ်ဦးမြတို့ ရောက်လာကြလေသည်။

အမတ်ဟောင်း ဒေါ်အမာအိမ်တွင် နံနက်စာစားသောက် ကြသည်။ ယင်းသို့စားသောက်ပြီးနောက် လက်ဖက်ရည်သောက် နေကြစဉ်မှာပင် ဆရာကြီးစစ်ကိုင်းဦးဘိုးသင်းနှင့်ဗိုလ်ချုပ်အောင်ဆန်း တို့နှစ်ယောက်တည်းထွက်ဟာကြသည်ဆို၏။ ဗိုလ်ချုပ်အောင်ဆန်း က ဆရာကြီးစစ်ကိုင်းဦးဘိုးသင်းအား ၎င်း၏ ဖခင်ကြီး မိတ်ဆွေမှန်း သိဟန်ရှိလေသည်။

www.burmeseclassic.com



ဆရာကြီးစစ်ကိုင်းဦးဘိုးသင်းမှာမူ ဗိုလ်ချုပ်အောင်ဆန်းအား ဦးဖာ၏သားမှန်း လုံးဝမသိပေ။

လမ်းလျှောက်ရင်းပင် လွတ်လပ်ရေးအတွက် ဆွေးနွေးကြသည်။ ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးနှင့်ပတ်သက်၍ အလွန်ရှုပ်ထွေးနေသဖြင့် ဆရာကြီးစစ်ကိုင်းဦးဘိုးသင်း၏ သဘောထားကို မေးကြည့်သည်။

ဂျပန်များအုပ်ချုပ်နေစဉ်ကပင် မြန်မာပြည်၌ ဗိဇ္ဇါအမျိုးမျိုး ဖြစ်နေခဲ့ဖူးသည်။

ဂျပန်ကိုမောင်းထုတ်ဖို့စိုင်းပြင်နေဆဲမှာပင် အိန္ဒိယရှိပညာရှိတစ်ဦးက ဤသို့လုံ့ဆော်နေ၏။ အာရှလူငယ်တစ်စုအား ဂျပန်ကို မောင်းထုတ်ပြီးနောက် မြန်မာပြည်ကို ကရောင်းကိုလိုနီအဖြစ်နှင့် ပထမအုပ်ချုပ်။ နောက်မှ အင်ဒီပင်းဒင့်၊ ထိုနောက်မှ ပါလီမန်ဒီမို ကရေစီပြီးလျှင် ကွန်မြူနစ်ဆိုရှယ်လစ်နိုင်ငံ တည်ထောင်ရမည်ဟု စာပို့သွေးဆောင်ထားသည်ဟု သိထား၏။

ထိုအချက်ကို ဆရာကြီး စစ်ကိုင်းဦးဘိုးသင်းက လက်မခံနိုင်ပေ။ ချက်ချင်းလွတ်လပ်သော မြန်မာပြည်ထောင်စု သခင်လူမျိုး အဖြစ်ကို အင်္ဂလိပ်ကသဘောတူရမည်ဟု ခံယူထားလေသည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းက "ဘယ့်နှယ့်လဲ



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး”ဟု တီးခေါက်ကြည့်ရာ ဆရာကြီးစစ်ကိုင်းဦးဘိုးသင်းက ချက်ချင်းပင် ......

“ကျုပ်တို့ ကိုယ့်မင်းကိုယ့်ချင်းသခင်လူမျိုးစစ်စစ်ဖြစ်ဖို့ လွတ်လပ်ရေးကို **ရအောင်ယူရမယ်**”

“ဆရာကြီးရယ် ... ကျွန်တော်တို့မှာ ပြာပုံပဲအရင်း ရှိတယ်”

“ဟာ ... နိုဝင်ဘာလကစပြီး ဗမာ (မြန်မာ)ပြည် မြေကြီးက ငွေသီး ရွှေသီးတွေတာ မလိုချင်အောင် ထွက်လာရမယ်။ ဆန်စပါးတစ်ခုတည်းကို အုပ်ချုပ်ရေးဝယ်ရင် တောင်မှ တိုင်းပြည်တည်ထောင်ဖို့ ငွေလိုသလောက်ရနိုင်တယ်။ နိုင်ငံခြားငွေတွေကို ရနိုင်တယ်”

“ဆရာကြီး၊ ကျွန်တော်လပ်မြင်ပြီ။ ဒါပေ့ လက်နက်”

“ဟာ ... လက်နက်ဟာ အမျိုးသားတစ်ခု စည်းလုံးညီညွတ်ခြင်းပဲ။ တပြည်လုံး၊ ရဲဘော်တပ်ဖွဲ့တွေဖွဲ့ထား။ လွတ်လပ်ရေးမရသော် သူပုန်ထမယ်လို့ သတင်းပေးထား။ သူပုန်ထရင် တောင်သူလယ်သမားများ အလုပ်မလုပ်နိုင်။ မလုပ်နိုင်ရင် ဗမာပြည်က ထွက်ကုန်ကို လိုသလောက်မရ။ မရရင် အိန္ဒိယငတ်၊ သီဟိုဠ်ငတ်၊ စင်္ကာပူငတ်



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ဆရာကြီး ... ကျွန်တော်မြင်ပြီ။ ကျွန်တော်တို့ လွတ်လပ်ရေးစစ်စစ်ကိုယ့်မင်းကိုယ့်ချင်း အင်ဒိုပင်းဒင့်ကိုရနိုင်တယ်။ ဒီကနေ့ အစည်းအဝေးမှာ ဒါကို"

"ဖြစ်ပါစေမယ်"

"ဒါကြောင့်အဖေကပြောတာပဲ"

ဟုစကားဆိုသည်ဟုသိရသည်။ ထိုစကားကို ဆရာကြီး စစ်ကိုင်းဦးဘိုးသင်းသည် နားမလည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ဖခင်ကြီးဦးဖာက မည်သို့ပြောထားကြောင်း မသိရှိရချေ။

အစည်းအဝေးကြီးတွင် အတုလဝတီပုံနှိပ်တိုက်ပိုင်ရှင် ဦးကျော်မြင့်က ကိုယ့်မင်းကိုယ်ချင်း အင်ဒိုပင်းဒင့်သခင်လူမျိုးအဖြစ်နှင့် လွတ်လပ်ရေးရအောင် ယူရမည်ဟု အဆိုတင်သွင်းသည်။ စစ်ကိုင်းဦးဘိုးသင်းက အကျယ်တဝင့်ရှင်းပြလျက် ထောက်ခံသွားလေသည်။

ထိုအချိန်မှစ၍ မြန်မာပြည်သည် အင်္ဂလိပ်၏ အင်ပါယာအတွင်းမှလွတ်၍ လွတ်လပ်သောနိုင်ငံတစ်ခုအဖြစ်နှင့် တည်ရမည်ဟု အသံကျယ် လာလေသည်။

ဆရာကြီးစစ်ကိုင်းဦးဘိုးသင်းကိုယ်တိုင်ပင် ဗိုလ်ချုပ်အောင်ဆန်းအပေါ်၌ ဤသို့ရှုမြင်ခဲ့လေသည်။ ဤသို့ရေးခဲ့ဖူး၏။



www.burmeseclassic.com

www.burmeseclassic.com



'ဗိုလ်ချုပ်အောင်ဆန်းသည် လူပင်ငယ်သော်လည်း အမျိုး၏ သစ္စာတည်သော မိကောင်းဖခင်သားဖြစ်သည့်အတိုင်း ဉာဏ်ပညာရှိ၍ ရဲရင့်သည်။ စွမ်းရည်နှင့်ပြည့်စုံသည်။ အပြောအဆိုလိမ္မာသည်။ တိုင်းပြည်ဘခင်ပီသသည်။ ထိုပုဂ္ဂိုလ်မျိုးလွန်ခဲ့သော အနှစ်တစ်ရာအတွင်းမှာမပေါ်ခဲ့။ နောင်ကိုပေါ်ဖို့ရန် အစဉ်ဆုတောင်းပါသည်။ သူသည် ဘိလပ်မျက်နှာစုံညီ အစည်းအဝေးသို့တက်၍ မြန်မာပြည်သည် ဗြိတိသျှ၏ နယ်သဟာယအသင်းထဲတွင်မပါဘဲ လွတ်လပ်ရေးရအောင် ဆောင်ရွက်ခဲ့လေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ စွမ်းရည်ကြောင့် မြန်မာပြည်သည် အိန္ဒိယထက်စောပြီးသော် ကိုယ့်မင်းကိုယ့်ချင်း သခင်အမျိုးအဖြစ်နှင့် လွတ်လပ်ရေးကိုရခဲ့လေသည်' ဟု ဆရာကြီးစစ်ကိုင်းဦးဘိုးသင်း၏စာတွင် ဂုဏ်ပြုခဲ့ရဖူးလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်း၏ မဟာတ်မခံစိတ်ဓာတ်

တစ်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်ဗိုလ်လက်ျာတို့အား ဗိုလ်မိုးကြိုးကဆင့်ခေါ်ခဲ့ပူး၏။ ဗိုလ်ချုပ်အောင်ဆန်းတို့သည် ဗိုလ်မိုးကြိုး၏ စံမြန်းရာအိမ်တော်သို့သွားကြသည်။ ထိုစံအိမ်မှာ ဗြိတိသျှသံရုံး တည်ရာနေအိမ်ဟုဆိုသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်ဗိုလ်လက်ျာတို့နှစ်ဦးသား ဗိုလ်မိုးကြိုး ၏နေထိုင်ရာအိမ်ကြီးသို့ရောက်လျှင် ဗိုလ်မိုးကြိုးသည် ကျယ်လောင်စွာ ကြိမ်းမောင်းရင်း အပေါ်ထပ်မှ ဆင်းလာသည်။ ဗိုလ်ချုပ်တို့ကို ဝေါက်ငမ်းကာ ဂျပန်ဓားလွယ်နှင့်ဗိုလ်ချုပ်အားထိုးမည့်ဟန် တပြင်ပြင်ရှိသည်။

ကြောက်တတ်သူကို ဖြဲချောက်တတ်သည့် ဂျပန်တို့၏ စရိုက်အတိုင်း ချောက်လှန့်သည်။ သို့သော်ဗိုလ်ချုပ်အောင်ဆန်း သည် နည်းနည်းမျှမကြောက်။ မတုန်လှုပ်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မိုးကြိုးသည်ဓားဖြင့် ဟိုရမ်းသည်ရမ်းဖြစ်နေခိုက်တွင် ဗိုလ်ချုပ်အောင်ဆန်းသည်လည်း ၎င်း၏ဓားလွယ်ကို ဆွဲကိုင်လိုက်တော့သည်။

တုတ်တုတ်ချင်း၊ ဓားဓားချင်း၊ ယှဉ်ပြိုင်လိုသည့် သတ္တိ ဗျတ္တိသည် ဗိုလ်ချုပ်အောင်ဆန်း၏ အာဂသတ္တိပင်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

စင်ဘာဦး စုစည်းတင်ပြသည်



မြန်မာနိုင်ငံအတွင်းရှိ ပြည်သူ့အရေးတော်ပုံပါတီဝင်များနှင့် တိုင်ပင်ရန် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ရုပ်ဖျက်တာ ပြန်လည်ဝင်ရောက်လာသည့် သခင်အောင်ဆန်း(ဖေဖော်ဝါရီ ၁၉၄၁)

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းရဲ့ ပီပီရိရိစီမံလှုပ်ဆောင်တတ်မှု

ဗိုလ်ချုပ်အောင်ဆန်းတို့ ဂျပန်တော်လှန်ရေးမစမီက အချိန်တိုစရပေမည်။ ထိုနေ့မတိုင်က ဆရာမောင်ထင်သည် ဗိုလ်ချုပ်အောင်ဆန်း၏အိမ်သို့ရောက်သွားသည်ဆို၏။ ဗိုလ်ချုပ်၏အိမ်မှာ ဒေါက်တာဘမော်နေထိုင်သော ၃၂ပတ်လမ်းနှင့် တစ်အိမ်ခြား။ ထိုစဉ်က ၃၂–ပတ်လမ်းမှာ သတင်းနှင့်ဝါဒဖြန့်ချိရေးဝန်ကြီးဌာနရှိသည်။

ဆရာမောင်ထင်ကား ရုံးနှင့်ကပ်၍တဲထိုးနေသည်။ ဗိုလ်ချုပ်နှင့်နီးသည်။ သို့သော် ၃၂–ပတ်လမ်းနှင့်ဗိုလ်ချုပ်၏နေအိမ်ကြားမှ ဗန်တော်ကြီးရပ်ကွက်ဆိုင်ရာ ဂျပန်ကင်ပေတိုင်ဌာနတည်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အသွားအလာများ၍ ဆင်ခြင်နေရသည်။ မယောင်မလည်ဖြင့် ဆရာမောင်ထင်ရောက်သွားသောအခါ၌ ဗိုလ်ချုပ်၏နေအိမ်မှာ လူသူမရှိသည့်အလား တိတ်ဆိတ်နေသည်ဆို၏။ သို့ရာတွင် အဝင်အထွက်ရှိလာလျှင် ၄င်းတို့တာဝန်ကျများသည် နေရာအသီးသီးမှ ခေါင်းပြူထွက်လာသည်။ မေးမြန်းစစ်ဆေးသည်။ အကျအန ဆောင်ရွက်ပေးကြသည်။

များမကြာမီမှာပင် ဗိုလ်ချုပ်နှင့်တွေ့ရလေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဆရာမောင်ထင်အား ပြုံး၍နှုတ်ဆက်သည်။ နေရာထိုင်ချင်းပေးပြီးနောက် လက်ဖက်ရည်၊ ဆေးပေါ်လိပ်နှင့် မီးခြစ်တို့ဖြင့် ဧည့်ခံသည်။ ထိုနောက် ဣန္ဒြေမပျက်ပင် စကားတွေရှန်းရှန်းဝေအောင် ပြောဖြစ်နေသည်။ ခင်မင်ရင်းနှီးသူများနှင့်တွေ့လျှင် စကားကို အမျှင်မပြတ်အောင်ပြောတတ်သည်ဟုသိရပေသည်။

ဗိုလ်ချုပ်အောင်ဆန်းက ...

"ကျုပ်တော့ ဘာရယ်လို့ဟုတ်ပါဘူးဗျာ။ စွန့်တာပါပဲ။ ကျုပ်တို့အလုပ်လုပ်လာကြပြီးတော့ တိုက်ဖို့ ခိုက်ဖို့ ဘာလက်နက်မှမရှိဘဲ ဘယ်လိုလုပ်လို့မှ မရဘူးဆိုတဲ့ သဘောပေါက်လာတယ်။ လူငယ်စိတ်ဆိုတော့တဇွတ်ထိုးပဲ။ ဒါကြောင့် တရုတ်ပြည်ဘက်ဆိုပြီး ထွက်လာတာ အမှိုက်ကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့တယ်။ နောက်တော့ ဖော်မိုဆာ၊ တိုကျိုပြီးတော့ ဟိုင်နန်ကျွန်း အဲသလိုရောက်ခဲ့တာပဲ” ဟုဆိုသည်။

ထို့နောက် ...

“ဒီအကောင်တွေ (ဂျပန်ကိုဆိုလိုသည်)က အင်မတန်အဆင်းရဲ ခံနိုင်တဲ့လူမျိုးဗျာ။ ကျုပ်ဟာအတော်ပဲ တေတေပေပေ ခံနိုင်ရည် ရှိခဲ့တယ်။ ဒါပေမယ့် သူတို့နဲ့ကျတော့ ကျုပ်က အရှုံးပေးရတယ်ဗျာ၊ ဟဲ ဟဲ ဟဲ”

ဟူ၍ ရယ်ပြောပြောသည်။ ဗြိုလ်ချုပ်ဗိုလ်ချုပ်အောင်ဆန်းက တိုင်နန်နှင့်ဖော်မိုဆာ၌ တွေ့ကြုံခဲ့ရသော ဗဟုသုတများကို ဆက်ပြန်လေသည်။ ဂျပန်ကို စိတ်တိုင်းမကျသည့်လေသံဖြင့် “တယ် မတန်ပါဘူးဗျာ”ဟူ၍ ဆိုလိုက်ပြီးနောက် ...

“ကျုပ်တို့ လုပ်စရာတွေရှိသေးတယ်။ သူတစ်ပါးကို မျှော်ကိုးလို့မရဘူး။ ဘာမှမဟုတ်ဘူး။ ကျုပ်တို့မှာ အခွင့်အလမ်းရယ်လို့ မရရှိခဲ့ဖူးလို့ ကျုပ်တို့ဒီလိုဖြစ်ခဲ့ရတာပဲ။ ကျုပ်တို့ဟာကျုပ်တို့ အလုပ်လုပ်ကြဖို့ အခွင့်အလမ်းရရင် ရှေ့ရောက်ပြီး ဘာမျှကြောက်ဖို့မရှိပါဘူး။ အဲ ... တစ်ခုတော့ရှိတယ်။ ကျုပ်တော့ တရုတ်ခေါင်းဆောင်တွေနဲ့ တွေ့ခဲ့ဖူးပါတယ်။ သူတို့နဲ့လည်း အများကြီး ဆွေးနွေးခဲ့

www.burmeseclassic.com



ဖူးပါတယ်။ ဗဟုသုတ အတော်ရလိုက်တယ်။ လွတ်လပ်ရေးဆိုတာ မလွယ်ဘူးဗျာ့။ အတော်တိုက်ယူကြရဦးမယ်။ ဂျပန် ဆင်းရဲခံသလို ခံနိုင်မှ တန်ရာကျမယ်"

ဟုယတိပြတ်ဆိုသည်။ ဆရာမောင်ထင်က တရုတ်ခေါင်းဆောင်များ၏ အာသီသနှင့်ကြိုးပမ်းချက်တို့ မည်သို့မည်ပုံရှိနေသည်ကို မေးကြည့်သောအခါ၌ ဗိုလ်ချုပ်အောင်ဆန်းက ဤသို့ဆိုလေသည်။

"ဒါတွေနောက်မှပြောမယ်ဗျာ။ အရေးကြီးတဲ့အချက်က ကျုပ်တို့လူငယ်တွေ နိုင်ငံခြားများများရောက်ပြီး ဗဟုသုတပိုစုကြဖြစ်တယ်၊ သိပ်လဲ အထင်ကြီးစရာမရှိပါဘူး။ အရှေ့တလွှားမှာတော့ အားလုံးဟာ သူလိုငါလိုပါပဲ။ ယိုးဒယားဆိုရင် ကျုပ်တို့ထက်တောင် ချာသေးတယ်။ အများနဲ့စာလိုက်တော့ ကျုပ်တို့ဟာ မညံ့ပါဘူးဗျာ။ အလုပ်မလုပ်ဘဲ ပါးစပ်က ကြွားနေတာလေးကိုပဲ အပြစ်ဆိုဖို့ဖြစ်နေတယ်"

ထိုနေ့က ထိုကဲ့သို့ ဆရာမောင်ထင်နှင့်ဗိုလ်ချုပ်အောင်ဆန်းတို့သည် နှစ်ဦးသားစကားစမြည်ပြောဆိုခဲ့ကြသေးသည်။

နောက် တစ်နေ့နံနက်ခင်းတွင်မူ ဗိုလ်ချုပ်အောင်ဆန်း၏



www.burmeseclassic.com

www.burmeseclassic.com


နေအိမ်သို့ ဝင်ရောက်ကြည့်ရှုရာ အံ့ဩလောက်အောင်ပင်တွေ့ရ လေတော့သည်။

စားပွဲကုလားထိုင်၊ မီးဖိုချောင်ပစ္စည်းဟူသမျှမှာ ခြေရာ လက်ရာမပျက်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဗိုလ်ချုပ် အောင်ဆန်းကတော် ဒေါ်ခင်ကြည်သည်လည်းကောင်း၊ သူ့တပည့် ရဲဘော်များသည်လည်းကောင်း ညတွင်းချင်းပင်ကြက်ပျောက် ငှက်ပျောက် ပျောက်သွားခဲ့လေပြီ။

ဗိုလ်ချုပ်အောင်ဆန်း၏အိမ်ဘေးမှကင်ပေတိုင်တို့ပင်လျှင် ကျိုးကန်းတောင်းမှောက်ဆိုသလို ပျောက်ချင်းမလှ ပျောင်သွားသည့် အတွက် အံ့ဩမဆုံးဖြစ်ရကုန်လေသတည်း။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် တော်လှန်ရေး အတွက်ဆိုလျှင် ပိပိရိရိ သိုသိုသိပ်သိပ်ဖြင့် ဆောင်ရွက်တတ်ပေ သည်တကား ...။


www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်း
# ကြိုတင်သတိပေးခဲ့တဲ့ "ဗျာဒိတ်" များ

ဗိုလ်ချုပ်အောင်ဆန်းက ဆရာမောင်ထင်အား လက်တို့၍ စကားတစ်ခွန်းပြောခဲ့ဖူးပါသည်။ ထိုစဉ်က နေတာဂျီဘို့စ်မြန်မာပြည်သို့ရောက်လာလေသည်။ သို့အတွက် နိုင်ငံခြားရေးရုံး၌ ကျင်းပသောညစာစားပွဲပြုလုပ်သည်။ ဗိုလ်ချုပ်အောင်ဆန်းလည်း အဆိုပါကျင်းပသည့်ညစာစားပွဲသို့ရောက်လာသည်ဟုသိရသည်။

ထိုပွဲတွင် ယူနီဖောင်းအပြာဝတ်မိန်းကလေးတို့ကိုတွေ့သည်။ ထိုကလေးမကလေးများသည် ညစာစားပွဲ၌ စားပွဲထိုးအဖြစ်ကူညီဆောင်ရွက်ကြရမည်ဖြစ်လေသည်။

ညစာစားပွဲမစမီကပင် ဗိုလ်ချုပ်အောင်ဆန်းသည် အခန်းအနားသို့အစောဆုံးရောက်နေပေသည်။ နေရာထိုင်ခင်းပေးသော်လည်း ဗိုလ်ချုပ်အောင်ဆန်းသည် မထိုင်သေးဘဲ ရှေ့သို့တစ်လှမ်းနှစ်လှမ်းတိုးသွားသည်။ ၎င်း၏ခါးတွင်ချိတ်ထားသော ဓားလွယ်ကို မ,၍ မ,ကာဖြင့် ရှေ့တိုးသွားရင်း မိန်းကလေးများကို စိုက်ကြည့်နေ၏



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် 'ဟဲ ... ဟဲ ... ဟဲ ...' ဟုရယ်သည်။ ဆရာမောင်ထင်က ဗိုလ်ချုပ်အောင်ဆန်း၏အနီးသို့ တိုးသွားသော အခါ၌ ...

"ခင်ဗျားတို့ဆီမှာလဲ 'ဂျပန်စာ'တွေရှိပါကလား"

ဟုပြောပြီး အများကြားလောက်အောင် တဟားဟား ရယ်သည်။ ထို့နောက် ဆရာမောင်ထင်အား လက်ကုပ်၍ ဤသို့ ပြောလေသည်။

"သတိထားဗျာ။ ခွေးမသားတွေကြောင့် ကျုပ်တို့ တစ်မျိုးလုံး 'ဂျပန်စာ' ဖြစ်တော့မယ်"

ထိုအမိပ္ပာယ်ကို ဆရာမောင်ထင်ကောင်းစွာနားလည်လိုက် ပါသည်။ ဂျပန်စာဟူသည်မှာ အ,အိ,အု,အဲ,အော မဟုတ်။ ဂျပန် ခေတ်၏ အရိပ်သင်္ကေတန်အတိုင်း မြန်မာအမျိုးသမီးများ ဂျပန်တို့ ရင်ခွင်ထဲ အရောက်မခံရအောင် သတိပေးခြင်းဖြစ်လေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် အခြေအနေအရ ဂျပန်နှင့် ပူးပေါင်းနေရသော်ငြားလည်း အမျိုး၊ ဘာသာ၊ သာသနာအတွက်မူ အထိမခံနိုင်သော စိတ်ဆန္ဒမှာ သူ့ရင်ခွင်ထဲ၌ အစွဲအမြဲရှိနေပေသည် တကား။



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းရဲ့
# အမျက်ပြေစေတတ်မှုစိတ်ဓာတ်

သခင်နုနှင့်ဗိုလ်ချုပ်အောင်ဆန်းတို့သည် တိုင်းပြည်လွတ်လပ်ရေးရရှိရန်အတွက် လက်တွဲ၍ အတူတိုက်ပွဲဝင်ခဲ့ကြသော ရဲဘော်ရဲဘက်များဖြစ်သည်။ တစ်ခါတစ်ရံ၌ တစ်ယောက်နှင့် တစ်ယောက် နိုင်ငံရေးအရ အယူအဆခြင်း၊ အမြင်ခြင်း ကွဲတတ်သည်လည်းရှိတတ်ပေ၏။

တစ်ခါသော် ဗိုလ်ချုပ်အောင်ဆန်းနှင့်သခင်နုတို့ ဘာအဆင်မပြေသည်မပြောတတ်။ သခင်နုသည် ဗိုလ်ချုပ်အောင်ဆန်းအား စကားမပြောဘဲနေသည်ဟုသိရသည်။

ထိုစဉ်က သခင်နုသည် လွန်စွာချို့တဲ့လှသည်။ စွပ်ကျယ်အင်္ကျီပင်ထည်လဲမရှိ။ နောက်ကျော၌ ချွေးစားထားသဖြင့် ဇာပေါက်များကဲ့သို့ ပွဂျဲနေသည်။ ဆရာမောင်ထင်က ထိုစွပ်ကျယ်



www.burmeseclassic.com

www.burmeseclassic.com



အကျႌကိုမြင်တိုင်း သခင်နု၏ဇနီးဒေါ်မြရီဝတ်သော ဇာဘော်လီအကျႌနှင့် မခြားဟုမြင်သည်။ ဒေါ်မြရီ၏ ဇာဘော်လီမှာ တကဲ်တင်းထိုးဇာပေါက် ဖြစ်သည်။

ကုက္ကိုင်းလမ်းရှိ သခင်နုနေသော နောက်ဖေးတွင် ဆရာ မောင်ထင်နေသည်။ ရခိုင်ပြည်နယ်တော်လှန်ရေးခေါင်းဆောင် ဦးညိုထွန်း(ပြန်ကြားရေးဝန်ကြီး)၏ တဲဖြစ်သည်ဆို၏။ ထိုတဲတွင် ဘဝတူများဖြစ်သည့် ဦးညာဏနှင့် ကိုမျိုးမင်းလည်းရှိသည်။ ထို့ အပြင် သခင်ဗဟိန်းနှင့် သူ့ဇနီးမခင်ကြီးတို့လည်း သခင်နုနှင့်အတူ နေဖြစ်ပါသည်။

ထိုကဲ့သို့ မှီခိုသူအားလုံးကိုလည်း ဒေါ်မြရီကပင် ကျွေးမွေး ထားသည်။ ထမင်းစားချိန်တန်လျှင် ဒေါ်မြရီက တကျော်ကျော်ခေါ်၍ ကျွေးမြဲဖြစ်သည်။

တစ်ခါသော် သခင်ဗဟိန်းသည် အထုပ်ကလေးတစ်ထုပ်ကို ချိုင်းကြားညှပ်လျက် ထမင်းစားခန်းထဲသို့ ဝင်လာပါသည်။ ထိုအချက်ကို သခင်နုက ကြိုသိထားပုံရသည်။ မျက်နှာထား တင်းထားသည်။

သို့သော် သခင်ဗဟိန်းကား ပြုံးချိုသောမျက်နှာဖြင့် ...

"ကိုကြီးနု၊ စွပ်ကျယ်အကျႌကို ချုတ်ပါကော့ဗျာ"

www.burmeseclassic.com



ဟုခရီးရောက်မဆိုက်ပြောသည်။ မီးဖိုချောင်ထဲမှ ပဲပြုတ်ပန်းကန်ကိုင်ရင်း ဝင်လာသောဒေါ်မြရီက သခင်ဗဟိန်းစကားကို ကြားလိုက်သည်။ ချက်ချင်းဝင်ထောက်သည်။

"အမလေးတော်၊ ရှိဘာဝတ်တာ ဘာလုပ်ဖို့ ရှုတ်ချနေတာတုန်း"

သခင်ဗဟိန်းကလည်း ပြုံးရင်းပြော၏။

"စွပ်ကျယ်အကျီတွေ ပေါလွန်းလွန်းလို့ဗျာ"

"ရှင်တို့သာ ပေါတာပါတော်"

"အော် ... မမရီတို့က အကြောင့်စက်တာ။ ဘယ်နှစ်ထည် လိုချင်သလဲ"

"အောင်မယ်။ ခုမှ လောကွတ်မချော်ပါနဲ့။ မောင်တို့ရှိလျက်နဲ့ ကျုပ်လင်မှာ စွပ်ကျယ်ဇာပေါက်ပဲ ဝတ်နေရတာယ်"

"ကျွန်တော်တို့ရှိလို့ ဟောဒီလိုစွပ်ကျယ်တွေ ဝတ်နေရတာပေါ့ဗျာ"

ဟုပြောပြောဆိုဆိုပင် သခင်ဗဟိန်းသည် အထုပ်ကိုဖြေကာ တယောတံဆိပ်စွပ်ကျယ်သုံးလေးထည်ကို ဒေါ်မြရီ၏ လက်ထဲသို့ ပေးလိုက်လေသည်။

ဒေါ်မြရီမှာ စွပ်ကျယ်အကျီများကို ဖြန့်ကြည့်ရင်း ဆဲ့အား

www.burmeseclassic.com

www.burmeseclassic.com



သင့်သော၊ ကျေနပ်သော၊ ပီတိဖြစ်သော၊ ကျေးဇူးတင်သော လေသံဖြင့်မေး၏။

"ဘယ်ကရတာလဲ"

"ကိုကြီးနုက ဗိုလ်ချုပ်ကိုစိတ်ကောက်ပြီး စကားမပြောလို့ ဗိုလ်ချုပ်က ချော့တဲ့ဖွပ်ကျယ်အကျႌ။ မမရီယူထားပြီး ကိုကြီးနုကို ဆင်ပေးလိုက်ပါဗျာ"

"အောင်မယ်ဆရာ။ ဒီလောက်နဲ့ချော့လို့ မပျော့ဘူးမောင်ရေ။ တစ်ခါဖင်မှ တစ်ခါဖင်"

ဟူ၍ ဒေါ်မြရီက နောက်သံဖြင့်ဆိုသည်။ စစ်စစ်သော် ဗိုလ်ချုပ်အောင်ဆန်းသည် သူ့အပေါ်၌ အမြင်များ၊ အထင်များ၊ အငြင်းပွားများရှိလာလျှင်လည်း အစ်ကိုကြီးကို ညီငယ်ကချော့သလို ချော့ရမှာကျေနပ်သူဖြစ်သည်။ ထိုည၌ပင် သခင်နုအိမ်သို့ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ရောက်လာသည်။ ထိုနောက် သခင်မြ၊ ဗိုလ်လက်ျာ၊ သခင်နုတို့နှင့်အတူ အိမ်ရှေ့မြက်ခင်းပေါ်တွင် ကုလားထိုင်များခင်းကာ စကားပြောကြသည်။ သခင်နုသည်လည်း ထိုစကားဝိုင်းထဲသို့ ဝင်လာပြီး ဗိုလ်ချုပ်အောင်ဆန်းအပေါ်တွင် စိတ်ကောက်ပြေသွားသည်ဟုသိရပေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့ လွတ်လပ်ရေးအရသာ

ဂျပန်ကမြန်မာကို လွတ်လပ်ရေးပေးသည်။ ထိုလွတ်လပ်ရေး ပေးပြီး တစ်နှစ်ပြည့်ကာဖြစ်မည်။ ဂျူဘီလီဟောတွင် ဟောပြောပွဲ လုပ်ခဲ့ဖူးပါသည်။ နိုင်ငံခြားအတွက် ဝါဒဖြန့်ချိရေးလုပ်ငန်းတွင် ဦးခင်မောင်လတ်၊ ဦးတင်မောင်(ဆရာထင်ကြီး)၊ ဦးဘာတုတ်၊ ဦးထင်ဖတ်(ဆရာမောင်ထင်)တို့လည်း တာဝန်အရ တက်ရောက်ရသည်ဟုသိရပါသည်။

ဂျပန်သည်လွတ်လပ်ရေးကို မပေးချင်ပေးချင်ဖြင့် ပေးထားရသောကြောင့် မြန်မာကိုလုံးဝမယုံ။ ထို့ကြောင့် ထိုအခမ်းအနားသို့ မြန်မာနိုင်ငံအစိုးရ၏ ခေါင်းဆောင်များနှင့်ဂျပန်အစိုးရ၏ ထိပ်သီး များတက်ရောက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com


ဂျပန်သံအမတ်ကြီး ရင်ဒိုဆာဝါဒါ၊ ဂျပန်သေနာပတိချုပ် ဂျင်နရယ်ကာဝါဘီ၊ အဓိပတိအရှင်မင်းကြီး ဒေါက်တာဘမော်အပြင် ညှော်သည်တော်အဖြစ် နေတာဂျီဘို့စ်ကိုလည်း ဖိတ်ထားပါသည်။

အခမ်းအနားအစီအစဉ်၌ ဂျပန်၏အလိုတော်ကျသာဖြစ်ရသည်ကများသည်။ အစီအစဉ်အရ အဓိပတိ၏လက်ယာဘက်တွင် ဗိုလ်ချုပ်အောင်ဆန်း၊ နေတာဂျီဘို့စ်၊ ရင်ဒိုဆာဝါဒါ၊ ဂျင်နရယ်ကာဝါဘီ၊ ဝန်ကြီးချုပ်သခင်မြစသည်တို့ဖြစ်ရန်ဖြစ်သည်။

ထိုနေ့ကနိုင်ငံခြားရေးဌာနတွင် အလုပ်လုပ်နေသော ဦးမောင်မောင်ကြီးအပို အစက်တွေ့နေသည်ဟု သိရပေသည်။ ကာဝါဘီကို အဓိပတိ၏ လက်ဝဲဘက်တွင် နေရာချထားသည်ကို ဂျပန်တို့မကြိုက်။ ကန့်ကွက်သည်။ သို့ရာတွင်ဘာမျှမတတ်နိုင်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် နေတာဂျီဘို့စ်တို့အား အဓိပတိ၏ လက်ယာဘက်တွင် နေရာချဖို့သာ ကြည့်စီမံရတော့သည်။

မိန့်ခွန်းပြောကြသူများမှာ အဓိပတိ၊ ဂျပန်သံအမတ်၊ ဂျပန်စစ်သေနာပတိနှင့် ဗမာ့တပ်မတော် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းတို့ အလှည့်ကျမိန့်ခွန်းပြောကြလေသည်။

မိန့်ခွန်းပြောကြမည့် ပုဂ္ဂိုလ်များသည် ၎င်းတို့ပြောမည့် မိန့်ခွန်းကို နိုင်ငံခြားရေးဌာနသို့ မိန့်ခွန်းစာမူကိုပေးထားရသည်


www.burmeseclassic.com

www.burmeseclassic.com



ဆို၏။ သို့သော်ဗိုလ်ချုပ်အောင်ဆန်းသည် ၎င်းကိုယ်တိုင်ရေးခဲ့သော မိန့်ခွန်းကို မည်သူ့ကိုမျှမပေး။ မိန့်ခွန်းနှင့်ပတ်သက်၍ ဂျပန်တို့ မသိစေလိုသောကြောင့်တစ်ကြောင်း၊ အပေါင်းအဖော်ဝန်ကြီးများအား သတိပေးစေလိုသောကြောင့်တစ်ကြောင်း၊ နောက်လိုက်သားမယား တပည့်တပန်းများ သတိထားစေလိုသောကြောင့်တစ်ကြောင်းဖြင့် ဤမိန့်ခွန်းကို ဘွင်းဘွင်းကြီး ပြောချလိုက်ခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းပြောသည့်မိန့်ခွန်းထဲ၌ ...

"ကျုပ်တို့အခု လွတ်လပ်ရေးရပြီလို့ဆိုသည်။ ဒါပေမယ့် လွတ်လပ်ရေးကို ဘယ်သူတွေခံစားနေသလဲ။ ကျုပ်ရှင်းရှင်း ပြောမယ်။ ကျုပ်နဲ့တကွ ကျုပ်တို့ရဲ့ အပေါင်းအဖော်ဝန်ကြီး တွေ သူတို့ရဲ့ သားမယားတွေ၊ အခြွေအရံတွေ၊ ကျုပ်တို့ကို ကပ္ပားရပ်စားလုပ်နေတဲ့လူတွေ၊ အဲသလောက်ပဲ လွပ်လပ်ရေးရဲ့ အရသာကို ခံစားနေကြတယ်"

ဟုဖွင့်ချလိုက်သည်။ စကားကိုကွယ်မပြောတတ်သော ဗိုလ်ချုပ်အောင်ဆန်း၏ စကားအဓိပ္ပာယ်ကို တိုင်းပြည်လူထုက နားလည်မည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်အောင်ဆန်း
## လျှောက်ထားသတိပေးခဲ့တဲ့
## နိုင်ငံရေးတာလိမ်ကာကျစ်နည်းလမ်း

ဗိုလ်ချုပ်အောင်ဆန်းသည် ဟန်ပန်မလုပ်၊ ဟိတ်ဟန်မထုတ်တတ်။ သူ့စရိုက်အတိုင်း မရယ်ချင်ဘဲနှင့် ရယ်ချင်လေဟန်၊ မသိဘဲနှင့်သိလေဟန်၊ နှုတ်မဆက်ချင်ဘဲလျက်နှင့် နှုတ်ဆက်ချင်လေဟန် လောကွတ်ပျူငှာ လုပ်လေ့လုပ်ထမရှိဟုဆိုသည်။ မြို့တော်ခန်းမကြီး၌ကျင်းပသော ပဋ္ဌမပြန်စာမေးပွဲအောင် ပုဂ္ဂိုလ်များအား ဆက်ကပ်လှူဒါန်းသော ဘွဲ့နှင်းသဘင် အခမ်းအနား၌ ဆရာတော်၊ သံဃာတော်အရှင်မြတ်များအား ဗိုလ်ချုပ်အောင်ဆန်းသည် ရှင်းရှင်းကြီးပင် ဤသို့လျှောက်ထားခဲ့ပူး၏။

"ယခု ဗမာပြည် ရွေးကောက်ပွဲနီးကပ်လာတာနဲ့ အချို့ နိုင်ငံရေးသမားတွေဟာ ဘုန်းတော်ကြီးများ၏အနားကို ကပ်ချင်ကြတယ်။ တပည့်တော်ကတော့မကပ်ဘူး။ ရှင်းရှင်း

www.burmeseclassic.com



ဘဲ။ နိုင်ငံခြားသွားခါနီးတဲ့အခါ ရွှေတိဂုံဘုရားကြီးဖူးပြီ။ နိုင်ငံခြားက ပြန်လာတဲ့ အခါကျပြန်တော့လည်း ဘုန်းတော်ကြီးများကိုဖူးပြီ၊ လူကြားကောင်းအောင် သက်သတ်လွတ်စားရန်ဆိုပြီး သတင်းစာထဲကနေပြီး ဘိတ်ခေါ်ဒီလို 'ဟန်ပြ' အလုပ်မျိုးတွေကို နိုင်ငံရေးသမားများ လုပ်တတ်ကြပါတယ်။ တပည့်တော်ကတော့ ဒီလိုဟန်ပြအလုပ်မျိုးတွေကို မလုပ်တတ်ဘူး။ 'ရိုးရိုးနေတဲ့အခါမှာ ဘုရားတရား မအောက်မေ့ဘဲ၊ ဒုက္ခရောက်နေတဲ့အခါ၊ မကျန်းမာနေတဲ့အခါ၊ ချမ်းသာသုခလိုတဲ့အခါ အောက်မေ့လေ့ရှိကြတာကို၊ 'နိုင်ငံရေးသမားတွေလည်း ရွေးကောက်ပွဲနီးကပ်လာတဲ့အတွက် ဘုန်းတော်ကြီးများကို သတိရလာကြပြီ"

ဟူ၍ပြောင်ကျကျဖွင့်ချပြောတတ်သည်။ ဤသည်မှာလည်း သူ့စိတ်ရင်းအမှန်ပင်ဖြစ်ပါသည်။ အလိမ်အညာ အကွေ့အကောက်များသောနိုင်ငံရေး ကလိန်ကကျစ်များ၏၊ လုပ်လေ့လုပ်ထရှိသော ဉာဏ်ဆိုး၊ အကျင့်ဆိုးများကို မသွယ်ဝိုက်ဘဲ ဖွင့်ချလျှောက်ထားခဲ့လေသည်။

www.burmeseclassic.com

မိုးကောင်းစာပေ

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းရဲ့ စစ်မှန်သောသူရသတ္တိ

၁၉၄၆–ခုနှစ်၊ နိုဝင်ဘာလ ...

ထိုလ၏ ၁၄–ရက်၊ ၁၅–ရက်နေ့များတွင် ဗိုလ်ချုပ်အောင်ဆန်းသည် နယ်များသို့ ခရီးထွက်လျက်တရားဟောပွဲများ ပြုလုပ်နေဆဲဖြစ်သည်။ ထိုရက်ကာလည်း တောင်ငူမြို့၌ မြန်မာပြည် ကွန်မြူနစ်ပါတီအား ဖဆပလ အဖွဲ့မှ အဘယ်ကြောင့် ထုတ်ပစ်ခဲ့ရသည့် ပြဿနာတစ်ရပ်ကိုဟောပြီး ခရီးထွက်ရန်ပြင်ဆင်နေစဉ်ဖြစ်သည်။

ယင်းသို့ခရီးထွက်မည့်ဆဲဆဲတွင် ကိုယ်ရံတော် ဗိုလ်မင်းလွင်က ဗိုလ်ချုပ်အောင်ဆန်းကို သတိပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ချုပ်၊ ပျဉ်းမနားနယ်ဘက်မှာ ဗိုလ်တာရာ ကွင်းဆင်းပြီး အလုပ်လုပ်နေပါပြီ။ သွားတာလာတာ သတိရှိသင့်ပါတယ်"

ဟုတင်ပြလိုက်ရာ ဗိုလ်ချုပ်အောင်ဆန်းက ...

"တာရာအကြောင်း ငါသိပါတယ်။ ဒီအကောင်ဘာမှ သတ္တိရှိတာမဟုတ်ဘူး။ ဒီလောက်လည်း အထင်ကြီးမနေပါနဲ့။ သွားမှာသွားပါ။ ဒီလက်နက်ကိုင် ဒီပလိပ်တွေတောင် မလိုပါ။ ကဲ ... ကဲ ... သွား"

ဟု ဂရုမထားသလိုဆိုလိုက်လေသည်။ သို့နှင့်ခရီးထွက်လာခဲ့ကြပြီး ရေတာရှည်မြို့ အလွန်ရောက်လျှင် ဗိုလ်ချုပ်အောင်ဆန်းက သတင်းစာဆရာဦးပုကလေးဘက်သို့လှည့်ကာ ...

"ဦးပုကလေး။ လူအများဟာ သွေးပူနေတုန်း သေရဲပေမယ့် သွေးအေးနေတဲ့အခါ မသေရဲဘူး။ ကျွန်တော်တော့ဖြင့် သွေးပူနေတဲ့အခါလည်း သေရဲတယ်။ သွေးအေးနေတဲ့အခါ လည်း သေရဲတယ်။ သွေးအေးနေတဲ့အခါ သေရဲအောင် အတော်ကျင့်ခဲ့ရတယ်။ နိုင်ငံရေးနယ်ထဲ မဝင်ရောက်ဦး ၂-နှစ်လုံးလုံးကျင့်ပြီး နိုင်ငံရေးနယ်ထဲ ဝင်ခဲ့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောခဲ့လေသည်။ ၁၉၄၂-ခုနှစ်တွင် မြန်မာပြည်မှ အင်္ဂလိပ်များ ထွက်ပြေးစဉ် ဗိုလ်ချုပ်အောင်ဆန်း မေမြို့ (ယခု ပြင်ဦးလွင်)ရောက်လာသည်။ သတင်းစာဆရာဦးပုကလေးက သွားရောက်တွေ့ဆုံသည်။ ထိုစဉ်ကလည်း ဗိုလ်ချုပ်အောင်ဆန်းက ဤသို့ပြောလေသည်။

"လူအများဟာ သူတစ်ပါးကို သတ်ဖို့တော့ရဲတယ်။ ကိုယ်သေဖို့ကျတော့ မသေရဲကြဘူး။ သတ်ရဲရင် သေရဲဖို့ အရေးကြီးတယ်"

မှန်ပါသည်။ အာဇာနည်သူရဲကောင်းတို့၏ သူရသတ္တိ ဝုဏ်သည် ဤကဲ့သို့ရှိနေရမည်တည်း။

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်း၏ သီဂီရအာမွန်အကျင့်

၁၉၄၆-ခုနှစ်၊ ဒီဇင်ဘာလကဖြစ်သည်။

ထိုရက်အတွင်းက ဗိုလ်ချုပ်အောင်ဆန်းသည် နေထိုင်မကောင်းဖြစ်နေသည်။ သို့သော်ခရီးထွက်ဖို့ကလည်းရှိသည်။ ဗိုလ်ချုပ်အောင်ဆန်းအား ကရင်နီနယ် လွိုင်ကော်မြို့၌ ကျင်းပမည့် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်သို့ ဗိုလ်ချုပ်ကြွရောက်ပါရန် ကရင်အမျိုးသား ခေါင်းဆောင်များက ဖိတ်ကြားထား၏။

ဗိုလ်ချုပ်အောင်ဆန်းကလည်း ထိုဖိတ်ကြားချက်ကို လက်ခံထားပြီးဖြစ်လေသည်။ အစီအစဉ်ကို မဖျက်လိုချေ။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းမှ နေလည်းမကောင်း၊ ချောင်းကလည်း တဟွတ်ဟွတ်ဆိုးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းသည် နေမကောင်းသော်လည်း ခရီးထွက်ရန် ပြင်ဆင်သည်။

လမ်း၌ပြုစုဖို့အတွက်လည်း ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်ပါ အပါခေါ်လာခဲ့သည်။ ထို့ပြင် ထိုခရီးတွင် ဗိုလ်ထွန်းလှ၊ ဗိုလ်မင်းလွင်၊ သတင်းစာဆရာ ဦးပုကလေးအပြင် ဖ.ဆ.ပ.လ အတွင်းရေးမှူး ဦးဖေခင်တို့ပါ လိုက်ပါလာကြသည်။

လမ်းခရီးကားကြမ်းသည်။ တောင်ဆင်းတောင်တက်များသည်။ ထို့ကြောင့် လမ်းခရီးတွင် ရန်ကုန်မှ ဒရိုက်ဘာများသည် ခရီးမကျွမ်း၊ စိတ်မချရ။ စိတ်ချရသော ကားမောင်းကျွမ်းကျင်သော ဦးဖေခင်ကိုယ်တိုင် ဗိုလ်ချုပ်အောင်ဆန်း၏ကားကိုမောင်းသည်။

ဒီဇင်ဘာလ ၂၃-ရက်နေ့၊ နံနက် ၁၀နာရီအချိန်လောက် မိတ္ထီလာလေယာဉ်ကွင်းမှ လွိုင်ကော်သို့ ဖနေ့ချင်းပေါက်ရောက်လိုသည်ဟု ဗိုလ်ချုပ်ကပြောသည်။

ဦးဖေခင်သည်လည်း ဗိုလ်ချုပ်ပြောထားသည့်အတိုင်း တစ်နာရီ မိုင် ၄၀-၅၀ နှင့် တွင်တွင်ကြီးမောင်းနှင်သည်။

ကလောမြို့ရောက်လျှင် လူထုက ဆီးထားသဖြင့် ၁၅-မိနစ် ရပ်တန့်ရပြန်သည်။ ဟောပြောရသေးသည်။ တောင်ကြီးမြို့



www.burmeseclassic.com

www.burmeseclassic.com



သို့ဆက်ထွက်လာရာ တောင်ကြီး၌လည်း လူထုတစ်သောင်းကျော်က စောင့်ကြိုနေသည်။

တောင်ကြီးတွင်ပင် နံနက်စာစားပြီးနောက် ခရီးဆက်ထွက်လာခဲ့ကြသည်။

လမ်းမှာမကောင်းလှ။ သို့သော် တွင်တွင်ကြီး မောင်းလာသောကားမှာ ကသောင်းကနင်းဖြစ်ကာ ဆောင့်လိုက်မြောက်လိုက်ဖြင့်ပင် ည-၇ နာရီခွဲလောက်တွင် လွိုင်ကော်မြို့သို့ ဆိုက်ရောက်လာနိုင်တော့သည်။

တောင်းဆင်း တောင်တက်၊ အကွေ့အကောက်များကြောင့် ဗိုလ်ချုပ်အောင်ဆန်း၏ကတော် ဒေါ်ခင်ကြည်မှာ မော်တော်ကားတောက်ပြီး မူးဝေအော့အန်တော့သည်။

ထိုအခါ၌ နေမကောင်းလျက်ရှိသော ဗိုလ်ချုပ်အောင်ဆန်းသည် ချစ်ဇနီးဒေါ်ခင်ကြည်၏ကျောကို နှိပ်ပေးလျက်မှ ...

"ကိုယ်နေမကောင်းလို့ပြုစုဖို့ခေါ်လာမှ ကိုယ်ကသူ့ကိုပြုစုနေရပြီ"

ဟုဟာက်ဟာက်ပက်ပက်ရယ်မောကာဆိုသည်။ ဗိုလ်ချုပ်မှာ နေမကောင်းလျက်ရှိသော်လည်း လွိုင်ကော်မြို့ရှိ ကရင်နီခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com


များ၊ စော်ဘွားများနှင့်ကောင်းစွာဆွေးနွေးသည်။ ဈေးအနီး ဓမ္မာရုံကြီးတွင်လည်း လူထုတရားပွဲ ဟောခဲ့ရသေးသည်။

လမ်းခရီး မော်တော်ကားရပ်နားစဉ်၌ ဗိုလ်မင်းလွင်က ...

"မည်သူဟာ မည်သူနဲ့လက်ထပ်သွားပြီ၊ ပိုးနေတာတော့ ဖြင့် ကြာလှပြီ"

ဟုစကားစပ်မိစပ်ရာ ပြောလိုက်သောအခါ၌ ဗိုလ်ချုပ်အောင်ဆန်းကလည်း ...

"ကြာကြာကြီး ပိုးနေစရာလိုပါဘူး။ နည်းရှိပါတယ်။ ကျုပ်တို့တော့ ကြာကြာကြီး ပိုးမနေပါဘူး"

ဟုပြောလိုက်ရာ ဗိုလ်ချုပ်ကတော်ဒေါ်ခင်ကြည်က ဤသို့ဆိုလိုက်သည်။

"မောင်ကပြောတော့မယ်။ ပြောပြပါ"

ထိုစကားကြောင့် အားလုံးပင် မရယ်ဘဲ မနေနိုင်အောင် ရှိသွားလေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်း
# လိုလားတဲ့မှုတစ်ရာမှားမှားရှာမှု

၁၉၃၆–ခုနှစ်၊ နိုဝင်ဘာလ

ထိုအတွင်းက မေမြို့(ယခုပြင်ဦးလွင်)သို့ ဗိုလ်ချုပ်အောင်ဆန်းရောက်ခဲ့သည်။ ဖ.ဆ.ပ.လ လူကြီးများနှင့်တကွ လူမျိုးပေါင်းစုံက ဗိုလ်ချုပ်အား ဧည့်ခံပွဲကျင်းပကြသည်။

မူဆလင်စာသင်ကျောင်း၌ဖြစ်ပါသည်။ ထိုပွဲသို့အထက်တန်းစား လူကြီးလူကောင်းတို့ တက်ရောက်လာကြ၏။ ထုံးစံအတိုင်း ဩဘာစာဖတ်သည်။ ပြီးလျှင် ဗိုလ်ချုပ်သည် မည်သည့်မြို့တွင်မှ မပြောကြားသေးသော ဘုကျကျတရားကိုဟောသည်။

www.burmeseclassic.com

www.burmeseclassic.com


ဗိုလ်ချုပ်အောင်ဆန်းက ဤသို့အစချီကာပြောသည်။

"ထုံးစံအတိုင်း ဆိုရင်တော့ ယခုလိုညှော်ခံကျွေးမွေးကြတဲ့ အတွက် အထူးကျေးဇူးတင်ပါတယ်လို့ ပြောရုံရှိတာပဲ။ ကျွန်တော်က ဒီလိုဝတ်ကျေတန်းကျေစကားမျိုးလောက် မပြောလိုဘူး ...။ ကနေ့တော့ ဘောက်တာရေးပေါ့မှာပဲ" ဟုပေါ့ပေါ့ဒိုင်းဒိုင်းပြောချပြီးမှ ...

"ဝန်ကြီးတစ်ယောက်လာလျှင် ဝိုင်းပြီးညှော်ခံ၊ ကျွေးမွေး လိုက်ကြ။ ဒီဝန်ကြီးထံကပ်ပြီး နှူးလိုက်နှပ်လိုက်ကြ၊ ကိုယ်ကျိုးရှိရာကို ဆွယ်လိုက်ကြဆိုတဲ့ အလုပ်တွေကို လုပ်တတ်ကြတယ်။ ရှေးခေတ်ဝန်ကြီးများကိုသာ လုပ်လို့ရ မယ်။ ကျွန်တော့်ကိုတော့ လုပ်လို့မရဘူး။ ရှင်းရှင်းပဲ။ ခင်ဗျားတို့ဟာ ကျွန်တော့်ကို ယုံကြည်တယ်ဆိုရင်၊ ဖ.ဆ.ပ.လကို အားထားတယ်ဆိုရင် ကျွန်တော် ဆောင်ရွက်နေတဲ့ လွတ်လပ်ရေးရုံပုံငွေထဲ ငွေများများ ထည့်ကြပါ။ ဖ.ဆ.ပ.လရဲ့ ညွှန်ကြားချက်လုပ်ငန်းစဉ် အတိုင်း ဆောင်ရွက်ကြပါလို့ တိုက်တွန်းလိုပါတယ်။ ဆင်းရဲသားများ ခေါင်းပေါ်နင်းပြီး စီးပွားရှာသူများကိုလည်း ကျွန်တော်တို့က လျစ်လျူရှုမယ်မဟုတ်ဘူး။ တရားသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မျှတစွာ စီးပွားရှာမှုကို လိုလားပါတယ်”

ဟုဖွင့်ချလိုက်၏။

တစ်ကြိမ်တစ်ခါမျှ ပရိသတ်က မကြားဘူးသော မိန့်ခွန်းကြောင့် အံ့ဩသွားကြသည်။ နှစ်လည်းနှစ်သက်ကြသည့်အပြင် “ဗိုလ်ချုပ်ကတယ်ဆော်ပါကလား”ဟူ၍လည်းကောင်း၊ “ဒါမှ ကြိုက်တယ်။ ရှင်းရှင်းပဲ”ဟူ၍လည်းကောင်း၊ အချင်းချင်း တီးတိုးဆိုကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်အောင်ဆန်း သို့မဟုတ် အရိုင်းထဲကအယဉ်



မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းတင်ပြခဲ့တဲ့ စစ်မှန်သော တိုင်းရင်းသားစည်းလုံးရေးစကား

တောင်ကြီးမြို့ ညောင်ရွှေဟော်၌ စော်ဘွားများနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ ပထမအကြိမ်တွေ့ဆုံဆွေးနွေးကြပါသည်။ ထိုဆွေးနွေးပွဲတွင် ညောင်ရွှေ၊ မိုင်းပွန်၊ သာမခမ်းစသော စော်ဘွားများ၊ ကိုယ်စားလှယ်တော်များ စုံစုံလင်လင်တက်ရောက်ကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်းက ထိုတွေ့ဆုံဆွေးနွေးပွဲ၌ မိန့်ခွန်းပြောလေသည်။

"ကျွန်တော်တို့ ဗမာပြည်လွတ်လပ်ရေးအတွက် အားတိုက်အင်တိုက်ဆောင်ရွက်ကြပါသည်။ ကမ္ဘာ့အခြေအနေကိုလည်းကောင်း၊ ဗမာပြည်၏ အခြေအနေကိုလည်းကောင်း ဟူ၍အစချီလိုက်သည်။ ထိုနောက်ဆက်၍ ...



www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော်တို့ ဗမာပြည်လွတ်လပ်တဲ့အခါ ရှမ်းပြည်ဟာ ဗမာပြည်နဲ့အတူ လွတ်လပ်စေလိုပါတယ်။ ဗမာနဲ့ပူးပေါင်းတဲ့ နေရာမှာလည်း ရှမ်းပြည် ပြည်တွင်းရေးကိစ္စများကိုတော့ ရှမ်းလူမျိုးများရဲ့ သဘောအတိုင်းဖြစ်စေမှာပဲ။ ဗမာပြည်တစ်ဝှမ်းလုံးနှင့် သက်ဆိုင်တာကိုတော့ ရှမ်းဝန်ကြီးများပါဝင်သော အစိုးရအဖွဲ့က စဉ်းစားဆုံးဖြတ်နိုင်ခွင့်ရှိပါလိမ့်မည်။ ထိုအခါမှာ မည်သည့်အင်္ဂလိပ် တစ်စုံတစ်ယောက်မျှ စော်ဘွားများအပေါ်၌ ချယ်လှယ်နိုင်ခွင့်ရှိမည်မဟုတ်ပါ။ စော်ဘွားများကသာ သူတို့အပေါ်မှာ ချယ်လှယ်နိုင်ခွင့် ရှိပါမည်။ ဥပမာစတီဗင်ဆင်လိုလူက စော်ဘွားများအပေါ်မှာ ချယ်လှယ်နေတယ်။ ထိုအခါကျရင် သူလိုလူမျိုးကို စော်ဘွားများက ပြန်လည် စေခိုင်းချယ်လှယ်နိုင်ခွင့်ရှိလာမယ်။ ဘိလပ်အစိုးရက ဗမာပြည်ရေး ကိစ္စဆွေးနွေးရန် ကျွန်တော်တို့ကို ဖိတ်ကြားသဖြင့် ဇန်နဝါရီလ ၂-ရက်နေ့တွင် ဘိလပ်သွားရပါလိမ့်မယ် ..."

"ဒီအခါမှာ ရှမ်းပြည်နှင့်ဗမာပြည်ပူးပေါင်းရေး ပြောရပါလိမ့်မယ်။ ဘာကြောင့်စော်ဘွားများ၏ သဘောတူညီချက်ကို အလိုရှိပါတယ်။ အကြမ်းမူကို ရေးဆွဲပေးခဲ့ပါမည်။


www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ထိုးပြီးတစ်ပါတည်း ယူသွားနိုင်ပါက သာ၍ ကောင်းပါမည်။ ယခုလို ကျွန်တော်အကြံပေးသည်ကိုမှ သဘောမတူဘဲ အင်္ဂလိပ်လက်အောက်မှာဘဲ နေချင်သေးတယ်။ သူတို့ပြုသမျှဘဲ ခံချင်သေးတယ်ဆိုရင်တော့ ခင်ဗျားရဲ့သဘောအတိုင်းပဲ။ သို့သော် နောင်ကို ကျွန်တော်ကိုအဆိုးမဆိုပါနှင့်။ ကျွန်တော်တို့က နယ်ချဲ့သမားများကို အပြင်းအထန်ချရတော့မှာဖြစ်လို့ နယ်ချဲ့သမားနဲ့ ပူးနေတဲ့သူများကိုလည်း ချမှာပဲ"

ထိုကဲ့သို့ ရှင်းရှင်းလင်းလင်းကြီး ပြောချခဲ့သည်။ တိုင်းပြည်၏ လွတ်လပ်ရေးကြိုးပမ်းနေချိန်၌ ဗိုလ်ချုပ်အောင်ဆန်းသည်မည်သူ့မျက်နှာကိုမှမထောက်ဘဲ တိုင်းပြည်၏လူထုမျက်နှာကိုသာထောက်သည်။ ဘယ်အဖွဲ့အစည်း၊ ဘယ်အရာခံ၊ ဘယ်ပုဂ္ဂိုလ်ကိုမှ ဝဲဝဲညာညာ ချော့မော့ပြောဆိုနေသည်မဟုတ်။ ဒဲ့ဒိုးကြီးပင် သူ့ရင်ထဲ၊ သူ့နှလုံးသားထဲမှလာသော စေတနာအရင်းခံအတိုင်း ပြောသည်မှာ သူ၏ပင်ကိုယ်စရိုက်ပင်ဟု ဆိုရမည်တည်း။



www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်တောင့်တတဲ့
## ဆိုးတူကောင်းဘက်၊နေထိုင်စေလိုမှု

ဗိုလ်ချုပ်အောင်ဆန်း မြစ်ကြီးနားသို့ရောက်ခဲ့သည်။

ထိုစဉ်က တိုင်းရင်းသား ကချင်စစ်တပ်ကို စစ်ဆေးရန် သွားခြင်းဖြစ်၏။ ဂျင်နရယ်သောမတ်စ်လည်းပါသည်။ ဗိုလ်ချုပ်အောင်ဆန်း မလာမီကတည်းကပင် လောလောဆယ်၌ ကချင်ခေါင်းဆောင်လူကြီးများမှာ စိတ်မချမ်းမြေ့ဖွယ်ကိစ္စတစ်ခုနှင့်ကြုံနေကြသည်။ ဗိုလ်ချုပ်အောင်ဆန်းကိုလည်း အထူးမျှော်လင့်လျက်ရှိလေ၏။

မြစ်ကြီးနားရှိ ကချင်ခေါင်းဆောင်များ၏ ဖိတ်ကြားချက်အရလာခဲ့ရာ ဒူးဝါးတော်ဘွားများ၊ စစ်ဗိုလ်ဟောင်းများ၊ ကချင်အမျိုးသားခေါင်းဆောင်များဖြင့် ဆွေးနွေးခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ အစည်းအဝေးမှာ ပထမဦးဆုံးလည်းဖြစ် အရေးပါ အရာအရောက်ဆုံးလည်း ဖြစ်၏။

ဗိုလ်ချုပ်အောင်ဆန်းရောက်လျှင်ရောက်ချင်းပင် ဘီအိုင်အေ လက်ထက်က ဗမာများက ကချင်များအပေါ်၌ မုန်းတီးရက်စက်ပုံ အကြောင်းများ၊ မြစ်ကြီးနားမြို့ ဆေးရုံဟောင်းနေရာကို ကချင် လူမျိုးများသဘောရှိ အသုံးပြုရန် အင်္ဂလိပ်များပေးထားသဖြင့် သမဝါယမကုန်စုံဆိုင် အဆောက်အဦ ပြုလုပ်ရောင်းချနေသောအခါမှ အရေးပိုင်က အတင်းနှင်ထုတ်နေကြောင်း၊ အင်္ဂလိပ်များပေးထား သည့်ကတိ ဘာတစ်ခုမှ မတည်ကြောင်းကို ထည့်ပြောကြလေသည်။

ထိုစကားကြားလျှင် ဗိုလ်ချုပ်အောင်ဆန်းက .....

"ဂျပန်ခေတ် ဘီအိုင်အေ စစ်တပ်က ဗိုလ်လုပ်သူ တစ်ယောက်က ကချင်အမျိုးသားအပေါ် မတရားပြုလုပ် တာ ကျွန်တော်ဝမ်းနည်းပါတယ်။ ဒီအကြောင်းကို ကျွန်တော်ကြားလျှင်ကြားချင်း ဒီစစ်ဗိုလ်ကိုခေါ်ယူပြီး ကျွန်တော်ကိုယ်တိုင် ကွပ်မျက်လိုက်ပါတယ်။ နောင်တို့ အခုလို မဖြစ်စေရပါဘူး။ အခုလောလောဆယ် အရေးပိုင် က နှင်နေတယ်ဆိုတဲ့မြေဟာ ဘယ်သူပိုင်တဲ့မြေလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုချက်ချင်းမေးသည်။

"အစိုးရပိုင်မြေဖြစ်ပါတယ်"

ဟုဖြေရာ ဗိုလ်ချုပ်အောင်ဆန်းကလည်း "သေချာရဲ့လား" မေးပြီးနောက် ခိုင်လုံသေချာမှ ...

"အစိုးရမြေဖြစ်ကြောင်းသေချာရင် မပြောင်းပါနဲ့။ ယခု ကျွန်တော်တို့အစိုးရဖြစ်တယ်။ ဒီကိစ္စရပ်ထားဖို့ အရေးပိုင်ကို တားခဲ့ပါမယ်။ ရန်ကုန်ပြန်ရောက်မှ အစိုးရအဖွဲ့နဲ့ တိုင်ပင်ပြီး အမိန့်ချပေးပါမယ်"

ဟူ၍ ဆုံးဖြတ်ပေးသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ပြတ်သားသောစကားကို ကြားလိုက်ရသဖြင့် အားလုံးကသဘောကျသွားကြလေသည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းက ဆက်လက်၍ပြောသည်မှာ ...

"ဗမာပြည်ကို လွတ်လပ်တဲ့တိုင်းပြည်ဖြစ်အောင် ကျွန်တော်တို့ကြိုးစားနေပါတယ်။ လွတ်လပ်တော့မှာတော့ အနေးနှင့်အမြန်ပဲ။ သေချာနေပါတယ်။ ကချင်အမျိုးသားများဟာလည်း ကျွန်တော်တို့ရဲ့ သွေးရင်းသားရင်းများဖြစ်သည့်အတွက် ဗမာများနဲ့ ဆိုးတူကောင်းဘက် ပူးပေါင်းဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com



သွားကြစေချင်တယ်။ ဒါ့မှလည်း ခေတ်ကြီးပြောင်းလဲနေသည့် အလျောက် ကချင်အမျိုးသားများလည်း တိုးတက်နိုင်ပါတယ်။ ကချင်များဟာ ရိုင်းသေးတယ်ဆိုပြီး ခွဲခြားထားတာဟာ နှစ်ပေါင်း ၆၀-ကျော်သော်လည်း ဘာများတိုးတက်ခြင်း ရှိပါသေးသလဲ။ ဗမာပြည်နှင့်ပူးပေါင်းလိုက်လျှင် ဗမာများ နှင့်အတူ ရင်ဘောင်တန်းလိုက်နိုင်ကြမည်။ ဗမာပြည်နှင့်ပေါင်း လိုက်လျှင် ခင်ဗျားတို့အပေါ်မှာ အင်္ဂလိပ်များ မအုပ်ချုပ် ရတော့ဘူး။ ခင်ဗျားတို့နယ်ကို ခင်ဗျားတို့ပဲ အုပ်ချုပ် ရမယ်။ ဥပမာ-စဝ်ကီဗင်ဆင်လို အင်္ဂလိပ်အရာရှိက ယခု ခင်ဗျားတို့ကို အုပ်ချုပ်စေခိုင်းနေတယ်။ ဟိုအခါကျရင် သူ့ကို ခင်ဗျားတို့က အုပ်ချုပ်စေခိုင်းနိုင်တယ်။ ဗမာများက ကချင်များအပေါ်မှာ စိုးမိုးအုပ်ချုပ်မှာလဲမဟုတ်ဘူး။ ကချင် တောင်တန်းနယ်ကို ကချင်များသဘောကျအုပ်ချုပ်ရမယ်။ သို့ရာတွင် တပြည်လုံးနှင့် သက်ဆိုင်တဲ့ ဘဏ္ဍာရေး၊ ကာကွယ်ရေး၊ စီးပွားရေးစသည်တို့ကိုတော့ ကချင်ဝန်ကြီး များပါဝင်သော အစိုးရအဖွဲ့က တိုင်ပင်ဆောင်ရွက်သွား မှာပဲ။ ဘာသာရေးဆိုတာမှာလည်း လွတ်လပ်စွာ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ်ချင်တာကို ကိုးကွယ်နိုင်တယ်”

ဟု ရှင်းလင်းပြတ်သားစွာပြောဆိုခဲ့ပေသည်။

ဗိုလ်ချုပ် အောင်ဆန်း၏ ပြတ်သားသော မိန့်ခွန်းကြောင့် မြစ်ကြီးနားသို့ တစ်ခေါက်တည်းနှင့်ပင် လာရကျိုးနပ်ခဲ့သည်ဟု သိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းရရှိခဲ့တဲ့ တိုင်းရင်းသားစစ်တပ်ရဲ့ယုံကြည်မှု

တောင်ငူ၊ ပျဉ်းမနား၊ မိတ္ထီလာ၊ မေမြို့(ပြင်ဦးလွင်)နှင့် မြစ်ကြီးနားစသည်တို့၌ရှိသော တိုင်းရင်းသားစစ်တပ်များသို့ ဗိုလ်ချုပ်အောင်ဆန်း သွားရောက်စစ်ဆေးသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ဂျင်နရယ်သောမတ်စ်လည်း လိုက်ပါလေသည်။ စစ်တပ်များသို့ရောက်လျှင် ဂျင်နရယ်သောမတ် နှင့်အတူ အင်္ဂလိပ်စစ်ဗိုလ်ကြီးငယ်တို့က ဗိုလ်ချုပ်အောင်ဆန်းအား အရိုအသေပေးကြသည်။ လေးလေးစားစားရှိကြသည်။

ဤကဲ့သို့ မြင်တွေ့ရသောအခါ၌ တိုင်းရင်းသားစစ်သားတို့ အဖို့ ထူးခြားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာလူမျိုးတစ်ဦးအား ယခုကဲ့သို့သော ရာထူးကြီးဖြင့် စစ်တပ်များကို လိုက်လံစစ်ဆေးသည်ဟူ၍ မရှိခဲ့ပေ။ ထို့အပြင် အင်္ဂလိပ်စစ်ဗိုလ်များကပါ လေးစားပုံကိုလည်း မတွေ့မမြင်ဘူးခဲ့ကြရသဖြင့် ကရင်၊ ကချင်၊ ချင်း စစ်သားများအံ့သြထူးခြားနေကြရသည်။

စစ်သားရဲဘော်များကို ဗိုလ်ချုပ်အောင်ဆန်းက တရားဟော ပြောသောအခါ၌လည်း ဤသို့ရှင်းရှင်းပင်ဟောကြား၏။

"ရဲဘော်တို့ ...။ ကမ္ဘာကြီးဟာ ပြောင်းလဲလျက်ရှိနေတယ်။ ဗမာပြည်ဟာလည်း ပြောင်းလဲလျက်ရှိနေတယ်။ ဗမာပြည်ဟာလည်း လွတ်လပ်ရေးရတော့မယ်။ အနေးနဲ့အမြန်ပဲ။ ဒါကြောင့် ဗမာပြည်ကာကွယ်ဖို့ တာဝန်သည် ရဲဘော်တို့အပေါ်သို့ ကျရောက်လာပြီ။ မိမိတို့ကိုယ်ကို ကြေးစားသဘောမျိုးမထားကြနဲ့တော့။ ဗမာပြည်တွင် တိုင်းရင်းသား စစ်တပ်နှင့်တိုင်းရင်းသားစစ်ဗိုလ်များ ဖြစ်ရမည်ဟု အရှေ့အာရှတောင်ပိုင်း စစ်ဗိုလ်ကြီး မောင့်ဘက်တန်နှင့် ငါတို့ကန္ဒီမှာ စာချုပ်ခဲ့ပြီးဖြစ်တယ်"

"ယခုသင်တို့အပေါ်မှာ အင်္ဂလိပ်စစ်ဗိုလ်များရှိကြသော်လည်း ခေတ္တခဏမျှသာဖြစ်တယ်။ မကြာမီသူတို့သွားကြရတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်။ ဒါကြောင့် ရဲဘော်တို့ဟာ စစ်အတတ်ပညာကို
အမြန်ဆုံးတတ်မြောက်အောင် ကြိုးစားကြပါ”
ဟုရှုံ၍ပေဟာပြောသည်။

ထိုစကား၏ အဓိပ္ပာယ်ကိုလည်း တိုင်းရင်းသား ဘာသာ အသီးသီးဖြင့် ပြန်ဆိုရှင်းလင်းပြရာ ကြားနာရသောရဲဘော်အပေါင်း၏ စိတ်၌ ‘သြော် ... ဒီလိုဖြစ်လာပြီကိုး’ ဟုနားလည်သဘောပေါက် ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းတဲ့ နိုင်ငံတကာနဲ့ချစ်ကြည်ဆက်ဆံရေး

ပင်လုံညီလာခံညစာထမင်းပွဲကြီး၌ မိန့်ခွန်းစကားပြောကြားဖို့တောင်းပန်သည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် မိန့်ခွန်းပြောခဲ့ရလေသည်။

"ယခုအစည်းအဝေးကြီးမှာ ရာထူးအားဖြင့် ကျွန်တော်အကြီးဆုံးဖြစ်သော်လည်း အသက်အားဖြင့် အငယ်ဆုံးဖြစ်ပါတယ်။ ကျွန်တော်ဒီကိုရောက်လာတဲ့ကိစ္စ နားလည်တာတစ်ခုပဲရှိပါတယ်။ ဘာလဲဆိုရင် ဗမာပြည်လွတ်လပ်စေချင်တယ်။ ညီညွတ်စေချင်တယ်။ ကြီးပွားစေချင်တယ်။ ဒီဟာဘာလဲ။ တိုင်းပြည်လွတ်လပ်အောင်၊ ညီညွတ်အောင်၊ ကြီးပွားအောင်ဘယ်လိုလုပ်ရမလဲဆိုတာကို လွန်ခဲ့တဲ့ ၁၀–နှစ်လောက်ကစပြီး ကြိုးစားလာခဲ့ပါတယ်၊ နောက်လည်း ကြိုးစားပါအုံးမယ်။ လုံးလုံးလွတ်လပ်တဲ့ကိစ္စပြီးပြတ်သည့်အထိ ကြိုးစားပါတယ်။ ..."

www.burmeseclassic.com

www.burmeseclassic.com


"တစ်ခုနားလည်ထားဖို့အချက်က ယခုခေတ် ကမ္ဘာကြီး အခြေအနေမှာ ဘယ်တိုင်းပြည်မဆို ကိုယ့်တိုင်းပြည် တစ်ပြည်တည်း အထီးထီးနေနိုင်တဲ့ အခြေမျိုးမရနိုင် ကြဘူး။ တစ်ပြည်နဲ့တစ်ပြည် ပေါင်းစပ်အမှီသဟဲရှိမှ နေနိုင်ကြမယ်ဆိုတဲ့ အချက်ပါပဲ။ ..."

"နောက်တချက်က လူမျိုးရေးအကြောင်းကို ပြောလို ပါတယ်။ လူမျိုးရေးဆိုတာမှာလဲ ရှေးခေတ်က ဟစ်အော် လာကြတဲ့ (အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ)ဆိုတဲ့ စကားမျိုးကို လက်ကိုင် အသုံးပြုလို့ မလုံလောက် တော့ဘူး။ အမျိုးဆိုရာမှာ ဘယ်လိုအမျိုးကိုတည်ရမလဲ။ ဗမာ, ကရင်, ကချင်, ချင်းနှင့် အခြားအမျိုးများလည်းရှိ သေးတယ်။ အခြားနိုင်ငံများကိုကြည့်လိုက်ရင် ဗမာပြည် မှာလို တိုင်းရင်းသားအများရှိတာကို တွေ့နိုင်ပါတယ်။ တရုတ်ပြည်, ဂျပန်ပြည်နှင့်ရုရှားပြည်တို့မှာလည်း ဒီအတိုင်း ပါပဲ။ အမေရိကန်ပြည်မှာ အင်္ဂလိပ်စကားကို ပြောကြ သော်လည်း အင်္ဂလိပ်၊ အီတလီစတဲ့ လူအမျိုးမျိုးတို့ စုပေါင်းပြီး လူမျိုးတစ်မျိုးဖြစ်အောင် ထူထောင်လျှက် သူတို့ကိုယ်ကို အမေရိကန်လို့ ဆိုကြတာပဲ။ ဒီကြောင့်


www.burmeseclassic.com

www.burmeseclassic.com



လူမျိုးရေးအားဖြင့်ကြည့်လျှင် အမျိုးတစ်မျိုးထဲကို လိပ်ခဲတင်းလင်းစွဲပြီး ယူဆလို့ မဖြစ်နိုင်တော့ဘူး။ ဘာသာစကားပင်တူသော်လည်း လူမျိုးခြားနားမျိုးရိုးလည်းရှိပါတယ်။ ဘာသာမတူသော်လည်း လူမျိုးသီးခြားဖြစ်နေတာလည်း ရှိပါတယ်။ ဥပမာ ... အမေရိကန်ကို ကြည့်လျှင် လူတစ်မျိုးဖြစ်သော်လည်း ဘာသာစကားတူပါတယ်။ ရုရှားပြည်မှာဆိုရင် ဘာသာစကားအမျိုးပေါင်းများစွာ ကွဲပြားသော်လည်း လူမျိုးကတော့ တစ်မျိုးတည်းဖြစ်ပါတယ်။ သာသနာဆိုတာကတော့ ကိုးကွယ်ချင်တဲ့ဘာသာသာသနာကို ကိုးကွယ်နိုင်ကြတာပဲ။ ဗမာပြည်မှာလူအများစုကဗုဒ္ဓဘာသာဖြစ်ပေမယ့် ခရစ်ယာန်ဘာသာကိုးကွယ်သူ၊ မဟာဗေဒင်ဘာသာ ကိုးကွယ်သူနှင့် နတ်ကိုးကွယ်သူအမျိုးမျိုးရှိတာပဲ။ သည်တော့ ဒါတွေကိုစွဲပြီး လူမျိုးရေးတရားလုပ်လို့ မဖြစ်နိုင်ဘူး။ ..."

"စစ်ကြီးအတွင်းက ကျွန်တော်စစ်ဝန်ကြီးလုပ်တုန်းမှာ ကရင်အများသား။ တပ်ရင်းစွဲဖွဲ့တဲ့အခါမှာ ထမင်းစားပွဲတစ်ခုမှာ ကရင်စစ်သားတစ်ဦးက လူမျိုးအချင်းချင်း ညီညွတ်ဖို့ ပြောတဲ့အခါမှာ 'ဗမာက ဖဲရိုက် ကရင်က



www.burmeseclassic.com

www.burmeseclassic.com



ငါးမျှား’ ဆိုတာလို အတူတူပါပဲလို့ ပြောတာကို သတိရမိပါတယ်။ ကိုယ့်ဒေသအလိုက် ကိုယ်ယုံကြည်တာကို ကိုယ်ကိုးကွယ်နေထိုင်ကြပြီး တစ်တိုင်းပြည်လုံးနဲ့ သက်ဆိုင်တဲ့ကိစ္စကြီးမျိုးမှာ ညီညီညွတ်ညွတ်လုပ်ကြရင် ဒါဟာ တစ်မျိုးထဲလို့ ယူဆရမှာပဲ။ အချင်းချင်းသဘောကွဲလွဲမှုမျိုးဆိုတာကတော့ နည်းနည်းပါးပါးတော့ရှိမှာပဲ။ ဒါပေမယ့် သူတစ်ပါးနိုင်ငံက ကိုယ့်နိုင်ငံကို လာရောက်စော်ကားလို့ အသက်စွန့်ပြီး မလျှော့တမ်း ကာကွယ်တိုက်ခိုက်ကြတာမျိုးကတော့ အားလုံးနဲ့သက်ဆိုင်တဲ့အလုပ်မျိုးဖြစ်တာပဲ။ တိုက်ခိုက်ကြတဲ့အခါမှာလည်း စစ်သေနာပတိဟာ ကရင်ဖြစ်ချင်လည်းဖြစ်မယ်။ ချင်း, ကချင်ဖြစ်ချင်လည်းဖြစ်မယ်။ ဘယ်သူပဲဖြစ်ဖြစ် တမိန့်တည်းလိုက်နာကြရမှာပဲ ...”

“တစ်တိုင်းပြည်လုံးကြီးပွားစေချင်ရင် လူအားငွေအားပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှအကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း,ကချင်,ချင်း တို့ကတခြား အကွဲကွဲအပြားပြားလုပ်နေကြရင်ဖြင့် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြ



www.burmeseclassic.com

www.burmeseclassic.com



မှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်းသိနိုင်မယ်။ ပထမတော့ ကျုပ်တို့အဆင်းရဲခံရမယ်။ ယခုအခါ အင်္ဂလန်ပြည်မှာ အစားအသောက်အဝတ်အထည်များမှစလို့ အတော်ချွေတာပြီး အဆင်းရဲခံနေကြတယ်။ ဒါဘာလဲဆိုရင် တစ်ပြည်လုံးအတွက် အကျိုးရှိအောင် လုပ်နေကြတာဖြစ်တယ်။ ဒီထက်ပိုပြီး ခရီးရောက်အောင် ဆောင်ရွက်ချက်တစ်ခုထားဖို့ နားလည်စေချင်တာက အင်ဒိုချိုင်းနား၊ အင်ဒိုနေးရှားစတဲ့ အရှေ့ဘက်နိုင်ငံများစုပေါင်းဆောင်ရွက်နိုင်တဲ့ အားဖြစ်တယ်။ အဲဒီအားမျိုးရှိရင်တော့ ကမ္ဘာ့ထိပ်တန်းအခြေဆိုက်ရောက်နိုင်မှာပဲ။ ...”

“နောက်ဆုံး ကျုပ်ပြောချင်တာက အင်္ဂလိပ်နဲ့ကျုပ်တို့ဟာ ‘ကျွန်နှင့်သခင်’ ဘဝမျိုးတွင် မတွဲနိုင်ကြပေမယ့် လွတ်လပ်တဲ့ ဘဝမျိုးဖြစ်ရင် မိတ်ဆွေအဖြစ် ချစ်ခင်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းလမ်းညွှန်ခဲ့တဲ့ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး

၁၉၄၆–ခုနှစ်၊ နိုဝင်ဘာလအတွင်းကဖြစ်၏။

ဗိုလ်ချုပ်အောင်ဆန်းသည် မြစ်ကြီးနားမြို့သို့ရောက်ရှိသွားသည်။ ထိုသို့ရောက်သွားရာ၌ ဂျင်းဖော၊ မြန်မာချစ်ကြည်ရေးကိုကောင်းစွာဆောင်ရွက်နိုင်ခဲ့သည်။

မြစ်ကြီးနား၊ ဗန်းမော် နှင့် ကသာနယ်ရှိ ရဲဘော်တပ်ဖွဲ့၊ ဖ.ဆ.ပ.လ ဝင်များတို့အား မြန်မာအမျိုးသားတို့က ဂျင်းဖောများ၏အပေါ်၌ မည်သို့မည်ပုံ သဘောထားရမည်။ မည်ကဲ့သို့ပေါင်းသင်းဆက်ဆံရမည်စသည်တို့ကို ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် လမ်းညွှန်မိန့်ကြားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရဲဘော်တို့၊ ဂျင်းဖောများနဲ့ အထူးချစ်ခင်ရင်းနှီးအောင် ဆောင်ရွက်ကြရမယ်။ ဂျင်းဖောဗမာချစ်ကြည်ရေးဟာ ငါတို့၏ အရေးကြီးသော လုပ်ငန်းတရပ်လို့သဘောထားကြရမယ်။ တောင်တန်းဒေသ သူတို့ရဲ့ဌာနရွာများကို ရောက်အောင်သွားကြရမယ်။ အတူနေ အတူစားဖြစ်အောင် ကြိုးစားကြရမယ်။ သူတို့အမှုအရေး အကြောင်းကိစ္စများ ရှိလျှင် အမြန်ဆုံး ကူညီဆောင်ရွက်ပေးကြရမယ်။ မြစ်ကြီးနားမှာ ဆောင်ရွက်လို့မပြီးတဲ့ကိစ္စများကို မန္တလေးဖြစ်စေ၊ ရန်ကုန်ဖြစ်စေ အမြန်ဆုံးတိုင်ကြားဆောင်ရွက်ပေးကြရမယ်။ သူတို့ရဲ့လိုလားချက်များကို ရန်ကုန်ဌာနချုပ်ကသိအောင် အမြန်ဆုံးဆောင်ရွက်ပေးရမယ်။ ယခုအခါမှာ ဗမာပြည်တွင်းမှာရှိတဲ့ တိုင်းရင်းသားအားလုံးတစ်မျိုးထဲ တစ်တန်းထဲဖြစ်အောင် လုပ်ပေးကြရမယ့်အခါကြီး ဖြစ်တယ် ...

"လူမျိုးရေးကိစ္စကိုကြည့်လိုက်လျှင် ဗမာပြည်တွင်းရှိ လူမျိုးတွေဟာ အစကတစ်အိမ်ထောင်ထဲမှ ပေါက်ပွားလာတာဖြစ်တယ်။ ရေမြေခြားပြီး ဥတုရာသီအလိုက် စတင်ကွဲပြားပြီး တစ်ခုစီတစ်ခုစီဖြစ်လာကြတယ်။ နောက်တော့



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးတစ်မျိုးရယ်လို့ ဖြစ်လာတာဘဲ။ တစ်ပိုးနဲ့တစ်ပိုး တစ်မျိုးနဲ့တစ်မျိုး မတူတဲ့အခြေမျိုးရောက်လာတာဘဲ။ ဒါကြောင့် သူတို့ရဲ့ ထုံးစံဓလေ့များကို သွားကဲ့ရဲ့လို့ မဖြစ်ဘူး။ မသင့်သော ထုံးစံဓလေ့များဖြစ်စေကာမူ သူတို့အချင်းချင်း အသိဉာဏ်ပွင့်လင်းပြီး ပြုပြင်လာမှ ဖြစ်မယ်။ 'ရောမရောက်လျှင် ရောမလိုကျင့်ရမယ်' ဆိုတဲ့ စကားပုံရှိတယ်။ ဂျင်းဖောနှင့်ချစ်ကြည်လိုလျှင် ဂျင်းဖောနှင့်အတူနေ အတူစားနိုင်အောင် ကြိုးစားရမယ်။ အထင်မသေးရဘူး။ လေးစားရမယ်။ ပေါင်းတတ်ဖို့လည်းလိုတယ်။ သူတို့ဟာ လူနည်းစုတွေပဲ။ အသိဉာဏ်နဲ့သူတွေပဲဆိုပြီး လှည့်စားဖို့မရည်ရွယ်ရဘူး။ မရည်ရွယ်ကြောင်းကိုလည်း လက်တွေ့လုပ်ပြကြရမယ်။ သူတို့ လူမျိုးအချင်းချင်း အုပ်ချုပ်လိုတာကို ခွင့်ပြုကြရမယ်။ ကိုယ့်အရေးထက် သူ့အရေးကို ပိုမိုဂရုစိုက်ပေးရမယ် ...

"ခရစ်ယာန်သာသနာပြုဆရာများ ဆောင်ရွက်ပုံ အတုယူစရာတွေ အများကြီးရှိတယ်။ ပညာသင်ပေးခြင်း၊ ဆေးဝါးကုသပေးခြင်း၊ နားမလည်တာများကို နားလည်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပြသပေးခြင်းအားဖြင့် ယုံကြည်ချစ်ခင်မှုကို ရနိုင်တယ်။ ဂွင်းဖောစတဲ့ လူနည်းစုများအပေါ်မှာ ဗမာများက ညီကလေးများလို သဘောထားကြရမယ်။ ညီကလေးများ မှားယွင်းတာရှိရင်လဲ သည်းခံကြရမယ်”

ဤသို့ပင် ထိထိရောက်ရောက် ပြောဆိုမိန့်ခွဲလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်း အလေးအနက်ပြုခဲ့တဲ့စည်းလုံးညီညွတ်မှု

၁၉၄၇-ခုနှစ်၊ ဖေဖော်ဝါရီလ ၁-ရက်ကဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဖ.ဆ.ပ.လ အဖွဲ့ချုပ်က ငှားထားသည့် လေယာဉ်ပျံအသေးစားကလေးဖြင့် ရခိုင်ပြည် စစ်တွေမြို့သို့ ခရီးထွက်ခဲ့သည်။ ၎င်းလေယာဉ်နှင့်အတူ လိုက်ပါလာသူများမှာ ဗိုလ်လှထွန်း၊ ဗိုလ်မင်းလွင်၊ သတင်းစာဆရာ ဦးပုကလေးနှင့် ဖ.ဆ.ပလ အထွေထွေအတွင်းရေးမှူးဦးဗဆွေ တို့ဖြစ်သည်။

စစ်တွေလေယာဉ်ကွင်းသို့ရောက်လျှင် ဝန်ကြီးဦးအောင်ဇံဝေ၊ စစ်တွေအရေးပိုင်နှင့်တကွ အရာရှိကြီးငယ်များ၊ ဒေါ်စောမြမှူးရှိသော အမျိုးသမီးအသင်းသူများ၊ ပြည်သူ့ရဲဘော်တပ်ဖွဲ့၊ ပုလိပ်အဖွဲ့နှင့် လူထုက ကြိုဆိုကြသည်။ သို့သော် ထိုနေ့ညနေတွင် ကျောက်ဖြူမြို့သို့ အရောက်သွားရမည့် အစီအစဉ်က အရေးကြီးနေသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဗမာ့ရေတပ်မတော်က စက်သင်္ဘောကလေးဖြင့် ၁၁နာရီခွဲတွင် ထွက်ခဲ့ကြသည်။ ထမင်း၊ ဟင်းစားသောက်ဖွယ်များနောက်ကျနေသည်ကိုပင် မစောင့်ကြတော့ဘဲ လမ်းခရီး၌သင်္ဘောကလေးပေါ်မှ ဖြစ်သလိုချက်ကျွေးသည်ကိုစားခဲ့ရလေသည်။ နေ့လယ် ၁–နာရီမှ စားရသည်ဖြစ်သည်။

ညနေ ၆–နာရီ အချိန်လောက်မှ ကျောက်ဖြူခရိုင် မြေပုံမြို့သို့ ရောက်ကြရသည်။ ရောက်ရောက်ချင်းပင် ဆိပ်ကမ်း၌ မြို့ပိုင်နှင့်အဖော်များကလွဲ၍ ကြိုဆိုသူများမတွေ့ရချေ။ အားလုံးကပင် တစ်ခုခုတော့ တစ်ခုခုပဲဟု တွေးမိကြသည်။ မြို့ပိုင်ကလည်း ခရီးဦးကြိုဆိုပြီး ဗိုလ်တဲဟုခေါ်သော ဝါးတဲကလေးရှိရာသို့ ပို့သည်။ ထို့နောက် စုံစမ်းကြည့်ရာ အစည်းအဝေးကျင်းပမည့်နေရာဌာနမှာ မြေပုံမြို့၏ အပြင်ဘက်တစ်ဖာလုံခန့်ရှိ လယ်ကွင်းထဲ၌ရှိကြောင်း သိရပြန်၏။

ဗိုလ်မင်းလွင်က ထိုနေရာသို့ အမြန်လိုက်သွားသည်။ ဦးဆောင်သော ဦးစိန္တာနှင့်တွေ့သည်။ ဗိုလ်ချုပ်ရောက်လာပြီဖြစ်ကြောင်း အကြောင်းကြားသည်။ ည ၇–နာရီလောက်မှာမှ တရားဟောမည်ဟူသော အကြောင်းပြန်လိုက်၏။ သို့ရာတွင် တာဝန်ခံ တစ်စုံတစ်ယောက်မျှ လိုက်လာခြင်းမရှိ။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်သည် အစီအစဉ်မည်သို့ရှိကြောင်းလည်းမသိ၊ ညီညွှတ်ရေးအတွက် ဖိတ်ကြားထားသော်လည်း ဘယ်ပုံဘယ်နည်း ညီညွတ်ရေးလုပ်ရမည်ကိုလည်း မသိသဖြင့် မကျေမနပ်ရှိနေမိကြ သည်။ ဦးအောင်ဇံဝေအား မေးကြည့်သော်လည်း ၎င်းကိုယ်တိုင် မသိဖြစ်နေလေသည်။ ယင်းသို့ဖြင့် ဗိုလ်တဲပေါ်တွင် စေတ္တနားနေစဉ် မှာပင် လူတစ်ထောင်ခန့်ရှိလူထုသည် မြေပုံမြို့ပေါ်၌ စီတန်းလှည့် လည်သွားလာကြသည်။ သူပုန်ထထ၊ ရွေးကောက်ပွဲအလိုမရှိ ဟူသော ကြွေးကြော်သံများဖြင့် အော်ဟစ်လာကြသည်။ အလံနီ ကွန်မြူနစ်များ လွှမ်းမိုးထားသဖြင့် ဖ.ဆ.ပ.လအဖွဲ့ဝင်များနှင့် ပြည်သူ့ရဲဘော်များမှာ မလှုပ်ရှားဝံ့ဘဲ ငြိမ်ဝပ်နေရသည်ဟု သိလိုက်ကြရသည်။

ည–၇ နာရီလောက်တွင် ဗိုလ်ချုပ်အောင်ဆန်းတို့သည် တရားဟောမည့်စင်ရှိရာသို့ ရောက်ခဲ့သည်။ ဗိုလ်ချုပ်က ဦးစိန္တာအား မည်သို့စီမံထားကြောင်းကို လျှောက်ထားသည်။ ဦးစိန္တာကလည်း လွတ်လပ်ရေးအတွက် တရားဟောရုံပဲဟုဆိုသည်။

ထိုနောက် ဦးစိန္တာသည် ပထမဦးစွာ တရားဟောရန် စင်မြင့်ပေါ်သို့တက်လာသည်။ စင်ပေါ်သို့တက်လိုက်သည်နှင့် ချက်ချင်း တည်းပင် 'သူပုန်သူပုန်ထထ၊ လွတ်လပ်ရေးကို ဘယ်နည်း ယူမယ်၊



www.burmeseclassic.com

www.burmeseclassic.com



တိုက်လို့ယူမယ်' ဟူသော အသံများထွက်လာပြန်လေသည်။

ထိုနောက်မှ ဦးစိန္တာက ရခိုင်သံဖြင့်ပောာသည်။

"ဗမာ–ရခိုင် လွတ်လပ်ရေးဟာ ဓာနည်းဇာပုံလုပ်မည်လဲ။ ငါတို့လိုလားတဲ့ လွတ်လပ်ရေးဟာ ပါချီပါချ လွတ်လပ်ရေး မဟုတ်။ လွတ်လပ်ရေးပေးဖို့ဆိုတာ အဓိပ္ပာယ်မရှိ။ လွတ်လပ်ရေးဆိုတာ တိုက်ယူရမှုရပါယ်။ ယခုဗမာပြည်မှာ ဘုရင်ခံတကောင်နဲ့ ဗြိတိသျှစနေ့ရှင်တွေရှိနေတာ လွတ်လပ် ရေးမပေးဘူးဆိုတာ သေချာတယ်မဟုတ်လား။ ဒီစကားကို အက်တလီအစိုးရမဖယ်နိုင်"

ဟူ၍မိန့်ကြားလေသည်။

ဦးစိန္တာပောာကြားနေစဉ်မှာပင် ကြားဖြတ်လျက် 'သူပုန် သူပုန်ထထ၊ ရွေးကောက်ပွဲအလိုမရှိ'ဟု ဟစ်ကြလေသည်။ ဦးစိန္တာ ပောာပြီးမှ ဗိုလ်ချုပ်အောင်ဆန်းပောာရပါသည်။ ဗိုလ်ချုပ်အောင်ဆန်း ကလည်း မရှုံ့မကြောက်ရဲရဲတောက်ပင် ဤသို့ပောာပြောခဲ့သည်။ ယခုကျွန်တော်လာရတာဟာ ဦးစိန္တာက ဖိတ်လို့လာတာဟု အစချီ လိုက်ပြီးနောက် ...

"ဒီညီလာခံမှာ ကွဲနေကြတာကို စေ့စပ်ညီညွတ်အောင် လုပ်ဖို့ဆိုပြီး ဖိတ်တဲ့အတွက် တခြားအရေးကြီးတာ



www.burmeseclassic.com

www.burmeseclassic.com


တွေကို ရွေ့ဆိုင်းပြီး လာခဲ့ရတယ်။ ဒီကျတော့မှ တရားဟောခုံလောက် ရှိတယ်ဆိုတာ သိရတယ်။ လွတ်လပ်ရေးအတွက်တော့ အရင်ကလဲ တိုက်ခဲ့တယ်။ နောက်လဲတိုက်မှာဘဲ။ ဒီလာတာဟာ ညီညွတ်အောင်လုပ်ဖို့လာတာ။ မညီညွတ်ရင် အလကားပဲ ...

"မညီညွတ်ရင် လွတ်လပ်ရေးမရနိုင်ဘူး။ လွတ်လပ်ရေးအဓိပ္ပာယ်ကိုလည်း နားလည်ဖို့လိုတယ်။ လွတ်လပ်ရေးကို တောင်းယူလို့မရ၊ တိုက်ယူရမယ်ဆိုတာ သဘောတူတယ်။ ဒါပေမယ့် လွတ်လပ်အောင်လုပ်နည်းလိုတယ်။ လွတ်လပ်ရေးဆိုတာ ညီညီညွတ်ညွတ်နဲ့ အင်အားရှိမှရနိုင်တယ်။ သူပုန်သူပုန်ထထ–အော်နေရုံနဲ့ လွတ်လပ်ရေးမရနိုင်ဘူး။ အလုပ်လုပ်တဲ့နေရာမှာ နားလည်ဖို့လိုတယ်။ ...

"တကယ်နားလည်ပြီးလုပ်ရင်၊ လုပ်တတ်ရင် တစ်နှစ်အတွင်း လွတ်လပ်ရေးရနိုင်တယ်။ ယခုတော့ နယ်ချဲ့သမားကို ညီညွတ်စွာပေါင်းပြီး တိုက်ရမဲ့အစား ဗမာအချင်းချင်း တိုက်နေကြတာက ခက်တယ်။ အချို့လူတွေက ပြည်သူ့ရဲဘော်တပ်ဖွဲ့ခေါင်းဆောင်ကိုသတ်။ ဖ.ဆ.ပ.လ အဖွဲ့ခေါင်းဆောင်ကိုသတ်၊ မီးရထားကို ဖျက်အောင်လုပ်၊


www.burmeseclassic.com

www.burmeseclassic.com


ဒီလိုလုပ်နေတာဟာ သေတော့ ဘယ်သူတွေသေသလဲ။ ဗမာတွေသေတာဘဲမဟုတ်လား။ နယ်ချဲ့သမားကတော့ လက်ပိုက်ပြီး ကြည့်ရယ်နေတာဘဲ။ ဒီလိုဆိုရင် ဘယ်တော့မှ လွတ်လပ်ရေးရမှာ မဟုတ်ဘူး"

ဟူ၍ ပြောကြားသည်။ ဆက်၍လည်း တော်လှန်ရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ လူမျိုးရေးညီညွတ်မှုအကြောင်းများကိုလည်းကောင်း၊ တိုင်းပြုပြည်ပြုလွတ်တော်ဖန်တီးပြီး မည်သို့ဆောင်ရွက်ရမည့်အကြောင်းများကိုလည်းကောင်း၊ ရွေးကောက်ပွဲသပိတ်မှောက်မှုဟာ မှားယွင်းကြောင်းများကိုလည်းကောင်း ဟောပြောခဲ့လေသည်။

ဗိုလ်ချုပ်အောင်ဆန်း ဟောပြီးနောက် ဦးဗဆွေကလည်း ဖ.ဆ.ပ.လ၏ ဆောင်ရွက်ပုံသဘောတရားများ၊ တော်လှန်ရေးသဘောတရားများ နောက်ဆုံးမိမိတို့၏ လွတ်လပ်ရေးအတွက် ပြင်ဆင်မှုအကြောင်းများကိုပါ ဟောပြောခဲ့သည်ဟူ၍ သိရပါသေးသည်။

ပိတောက်ဆွေစာပေ
www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ပြီး မြန်မာ့စီးပွားရေးအမြင်

မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေး ဗိမာန်ကို မနားမနေတည်ဆောက်ပေးခဲ့သူဖြစ်ပါသည်။

ထိုသို့လွတ်လပ်ရေးဗိမာန်ကို တည်ဆောက်မွမ်းမံပေးခဲ့ရုံမျှမက ထိုဗိမာန်ကြီး အစွန့်ရှည်ကြာစွာ တည်မြဲစေဖို့ အနာဂတ်ကိုပါ မျှော်မှန်းခဲ့လေသည်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးစနစ် အမြင်များကိုပါ ချမှတ်ပေးခဲ့သူလည်းဖြစ်သည်။

၁၉၄၇–ခုနှစ်၊ ဇွန်လ ၆–ရက်နေ့တွင် ပြည်လမ်းရှိ စာပေဗိမာန်တည်ရှိရာ ဆိုရန်တိုဗီလာ၌ ဗိုလ်ချုပ်အောင်ဆန်းသည် အစိုးရအရာရှိများနှင့် လူထုခေါင်းဆောင်များကိုဖိတ်၍ အစည်းအဝေးကြီး တစ်ခုလုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နိမ့်ကျနေသော စီးပွားရေးကို မည်သို့မည်ပုံဖြင့် ပြန်လည်ဦးမော့လာစေရန် ဆွေးနွေးစဉ်းစားခြင်းဖြစ်သည်။ မြန်မာနိုင်ငံစီးပွားရေးအခြေအနေကို တိတိကျကျ သိရှိရလေအောင် စာရင်းအင်းအချက်အလက်များရှာဖွေရန်၊ ထိုအချက်အလက်ကိုပင် မှီ၍ အကြံဉာဏ်ပေးသော စီးပွားရေးစီမံကိန်းများ ရေးဆွဲရန်၊ စီမံကိန်းဖြစ်မြောက်ဖို့ နည်းလမ်းများကို ရှာဖွေရန်၊ စီမံကိန်းများတွင်သုံးစွဲဖို့ ဘဏ္ဍာငွေကြေးရှာဖွေရန်၊ စီမံကိန်းများကို စုပေါင်းစစ်ဆေးညှိနှိုင်း၍ အတည်ပြုဆုံးဖြတ်ရန် ဆိုင်ရာဆိုင်ရာတို့ပါလေသည်။ အဖွဲ့များလည်း ဖွဲ့စည်းပေးခဲ့ပါသည်။

ထိုကဲ့သို့ လွတ်လပ်ရေးရသည်နှင့်အမျှ မြန်မာ့စီးပွားရေးအပေါ်၌လည်း ခိုင်မာတောင့်တင်းစေလိုသော စေတနာသည် ဗိုလ်ချုပ်၏ရင်ထဲတွင် အပြည့်ရှိနေပုံရှိသည်။

ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ကပင်လျှင် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် နိုင်ငံရေးလောကထဲက အနားယူမည်။ မိသားစုနှင့်အေးအေးချမ်းချမ်း အနားယူမည်။ စာပေရေးသားမည်ဟု တွေးထားသည်။

သို့သော် သူကိုယ်တိုင်ပင် အနားယူဖို့မစဉ်းစားသေးရဲ။ သူကဲ့သို့ပင် အနားယူကြမည်ဟု စိတ်ဆန္ဒရှိထားကြသော ရဲဘော်



www.burmeseclassic.com

www.burmeseclassic.com


ရဲဘက်များ၊ လုပ်ဖော်လုပ်ဖက်များအား အနားယူဖို့ကိစ္စကို မေတ္တာရပ်ခံလိုက်သေးသည်။

ဦးစားပေးလုပ်မည့် အလုပ်တွေကို ပြီးဆုံးအောင် လုပ်ကြရဦးမည်ဟု မီးမောင်းထိုးပြရင်း နှစ်နှစ်စီမံကိန်းကို ဤသို့ချပြသည်။

ဗိုလ်ချုပ်အောင်ဆန်းက .....

"ဤစီမံကိန်းသည် ခါချဉ်ကောင်မာန်ကြီးလို့ တောင်ကြီးဖြိုမယ့်ကြံ ခါးကမသန်ဆိုသလို လောဘကြီးစိတ်ကူးယဉ်ပြီး ရေးဆွဲထားသော စီမံကိန်းမဟုတ်။ မြန်မာပြည်၌ရှိသော လူ့အင်အား၊ မြေ၊ လယ်ယာ၊ သတ္တုပစ္စည်းအင်အားတို့ကို သူ့အိုးနှင့်သူ့ဆန် တန်ရုံနိုင်းချိန်ပြီး ရေးဆွဲထားသည်" ဟုဆို၏။ ဆက်လက်၍လည်း .....

"လွတ်လပ်ရေးရပြီးနောက် ၂–နှစ်အတွင်းတွင် အကျိုးဖြစ်ထွန်းနိုင်သမျှဖြစ်ထွန်းစေမည့်အပြင် နောင်အရှည်လူမွဲများ ကောင်းစားဖို့ မြန်မာပြည်၏ စီးပွားရေးအခြေအနေကို အမြန်ဆုံး ပြောင်းလဲပစ်ရန်လည်း ကြံရွယ်ထားသည်" ဟူသော စကားကို အသားပါပါပြောခဲ့သည်။

မြန်မာပြည်သည် နှစ်ပေါင်းတစ်ရာကျော်ခန့် နယ်ချဲ့သမား၏


www.burmeseclassic.com

www.burmeseclassic.com



လက်အောက်ခံဘဝ၌ နင်းပြားအဖြစ် နစ်မွန်းခဲ့ရသည်ကို ဗိုလ်ချုပ် အောင်ဆန်း ရင်နာခဲ့ရသည်။

ကိုယ့်မိသားစု၊ ကိုယ့်ဆွေမျိုး၊ ကိုယ့်မိတ်သင်္ဂဟလောက်သာ ကောင်းစားပြီး အလုပ်သမား၊ လယ်သမား၊ ခေါင်းရွက်ဗျတ်ထိုးလူထုလူတန်းစားများ အများစုသည် စီးပွားရေးနိမ့်ကျလျက်ရှိနေသည်ကို ဗိုလ်ချုပ်အောင်ဆန်းသည် ထဲထဲဝင်ဝင်မြင်တွေ့ကြားသိနေရလေသည်။

ထို့ကြောင့် စီးပွားရေးနှင့်ပတ်သက်၍ မိန့်ကြားသည်မှာ

.....

"မြန်မာပြည်စီးပွားရေးအတွက် စီမံကိန်းများကို တစ်ခုမကျန်အားလုံးထည့်သွင်းပြီး စေ့စေ့စပ်စပ် အပြီးသတ်ထားသည်ဟုလည်း မဆိုသာပေ။ ကွင်းကျန်ချက်များအများပင်ရှိပါသေးသည်။ ဤကွင်းကျန်ချက်များမှာ ပြဆိုခဲ့သော လူအင်အား၊ ပစ္စည်းအင်အား ချို့တဲ့ခြင်းနှင့် မြန်မာနိုင်ငံစီးပွားရေးနှင့် ပတ်သက်သော အကြောင်းအရာများ၊ အချက်အလက်များကို ဂဃနဏ ရှာဖွေစုံစမ်းသော သုတေသနလုပ်ငန်းများကို ယခုမှစ၍ လုပ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



ရသောကြောင့်ဖြစ်သည်။ ဤသုတေသနလုပ်ငန်းများ ကျကျနနပြီးဆုံးနိုင်ရန်လုပ်ဖို့ အချိန်အတော်ကြာပေဦးမည်။ သို့သော် လွတ်လပ်သော မြန်မာနိုင်ငံကြီးသည် အားကြိုးမာန်တက်နှင့် လက်ထိလက်ရောက် လုပ်ဖို့အားခဲနေစဉ် ဤမျှလောက် အချိန်ကြာကြာကြီး မစောင့်နိုင်။ လက်ရှိလူ၊ ပစ္စည်း၊ ပညာအင်အားများနှင့် ဖြစ်နိုင်သမျှဖြစ်အောင် လောလောဆယ်လုပ်မည်"

ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံပြန်လည်ထူထောင်ရာ၌ မိမိ၏ ကိုယ်ရေးကိုယ်တာကိစ္စများ၊ အိမ်ထောင့်ကိစ္စများအား ဘေးဖယ်ထားခဲ့လေသည်။ နိုင်ငံအရေး၊ တိုင်းရင်းသားအရေးကို ရှေ့ရှုပြီး စီးပွားတိုးတက်ရေးတို့ကို အထူးမျှော်လင့်ထားသည်။ လုပ်ဖော်ကိုင်ဖက်များကိုပင် သူ့စေတနာ၊ သူ့မေတ္တာ၊ သူ့အတွေးအခေါ်များအတိုင်း လက်တွဲလျက် ညီညီညာညာ ဆောင်ရွက်ကြဖို့ပင် ဆော်ဩခဲ့ပေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်အောင်ဆန်း၏ တာဝန်ထမ်းဆောင်မှုသဘောထား

၁၉၄၇–ခုနှစ်၊ မေလ ၃၀–ရက်နေ့တွင် သတင်းစာဆရာများအစည်းအဝေး၌ ဗိုလ်ချုပ်အောင်ဆန်းက မကျေနပ်ရင် ထွက်ပေးမယ်ဟု ပွင့်ပွင့်လင်းလင်း ပြောခဲ့ပါသည်။ ထိုရှင်းလင်းပွဲတွင် မြန်လည်ထူထောင်ရေး၊ ဝန်ကြီးလခလျှော့ရေးကိစ္စစသော အကြောင်းများပြောရင်းဆိုရင်း ဦးကျော်ငြိမ်းကိစ္စကိုထည့်သွင်းပြောခဲ့လေသည်။

ပြောရာ၌ ...

"နောက်ပြီး ပြည်ထဲရေးဌာနနှင့် ပတ်သက်လို့ ကျွန်တော်တို့က ဦးကျော်ငြိမ်းကို တာဝန်အကုန်လွှဲထားတယ်။ အဲဒီတော့ ဦးကျော်ငြိမ်းလုပ်တာဟာလဲ ကျွန်တော်တို့လုပ်တာဘဲ။ ...



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုခဲ့သည်။ ထိုစဉ်က ဦးကျော်ငြိမ်းကို ပြည်ထဲရေးနှင့် စပ်လျဉ်း၍ အကုန်တာဝန်လွှဲထားသည်။ ဦးကျော်ငြိမ်းဆောင်ရွက်သမျှ ကိစ္စအဝဝနှင့် ဆက်နွယ်လာလျှင် ကောင်းတာပဲဖြစ်ဖြစ်၊ ဆိုးတာပဲဖြစ်ဖြစ်ဝင်၍ စွက်ဖက်သည်မရှိ။ လုပ်ပိုင်ခွင့်အပြည့်ရှိသည်။ သို့သော် သည်အပေါ်၌ အမှားအမှန်ရှိလာပါက အားလုံး၏တာဝန်ဟု ဗိုလ်ချုပ်က ခံယူထားသည်။

ဗိုလ်ချုပ်အောင်ဆန်းက ဆက်၍ပြောသည်။

"ဦးကျော်ငြိမ်း လုပ်တာကိုမကြိုက်ယင် ကျွန်တော်တို့လုပ်တာကို မကြိုက်တာနှင့် အတူတူဘဲ။ အခုဦးကျော်ငြိမ်းလုပ်သမျှဟာ မှန်တယ်လို့ ယူဆတယ်။ မှားတာလဲ နည်းနည်းပါးပါးတော့ ပါတာဘဲ။ ဒါပေမယ့် ယခု ဦးကျော်ငြိမ်းလုပ်တာဟာ ကျွန်တော့်သဘောဖြင့် မျှော်သေးတယ်။ ဒီထက်မာပို့ကောင်းတယ်။ ဘာကြောင့်လဲဆိုလျှင် ကျွန်တော်တို့က ဘယ်သူဘာလုပ်မယ်ဆိုတာ ကြိုတင်သိရတဲ့အတွက် အတွင်းရေးတွေ အကုန်ထုတ်ပြောလို့လဲ မသင့်ဘူး။ သိတာတွေမှာလဲ တချို့ကို မသိချင်ယောင်ဆောင်နေရတယ်။ အရေးမယူတဲ့ နေရာမှာလဲ အရေးမယူဘဲ နေခဲ့ရတယ်။ ယခုဦးကျော်ငြိမ်း ပုလိပ်

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကိုလုပ်တာ ကျွန်တော်တို့က လုံးဝသဘောတူတယ်။ ဦးကျော်ငြိမ်းကို ခင်ဗျားတို့ အပြုတ်လုပ်လဲ နောက်ဆုံး ဌာနပြောင်းရုံဘဲရှိတယ်။ ဌာနပြောင်းဖို့ဟာလဲ ကျွန်တော်တို့က စိတ်ထဲမှာ ဒီလူဟာ ဌာနပြောင်းသင့်တယ်လို့ သဘောပေါက်လောက်မှ ပြောင်းမှာဘဲ။ ယခုဦးကျော်ငြိမ်း လုပ်သမျှကို ကျွန်တော်တို့ လုံးဝထောက်ခံတယ်။ အဲဒါကို ခင်ဗျားတို့ပြောချင်တာပြော၊ ရေးချင်တာရေး၊ ဦးကျော်ငြိမ်း လုပ်တာကို ကျုပ်လုံးဝထောက်ခံတယ်"

ဗိုလ်ချုပ်အောင်ဆန်းသည် အပြောဆိုးသည်။ ရိုင်းသည်တု ထင်ရသော်လည်း လုပ်ဖော်ကိုင်ဖက်များနှင့် ပတ်သက်၍ကား အမှန်ကို အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ထောက်ခံရဲသည်။ ဘက်လိုက်ဝံ့သည်။ ဤလိုကိစ္စမျိုး၌ ယုံမှားသံသယမရှိအောင် ရပ်တည်ပေးသလို တစ်စက်မှသတင်းစာဆရာများ၏ လွတ်လပ်ခွင့်ကို မထိပါးအောင် ပြောဆိုသွားသည်မှာ နည်းယူဖွယ် မှတ်သားဖွယ် ရှိလှပေသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းရဲ့ ပြောသလိုလုပ်မယ့် ကတိစကား

မျိုးချစ်ဗမာ့တပ်မတော်သည် ဖက်ဆစ်ဂျပန်များကို တော်လှန်ခဲ့၏။ တော်လှန်ပြီးနောက် ဗြိတိသျှနှင့် ဖ.ဆ.ပ.လ အဖွဲ့ချုပ်တို့ 'ကန္ဒီစာချုပ်' ချုပ်ဆိုသည်။ ထို့နောက် စာချုပ်အရ မျိုးချစ်ဗမာ့တပ်မတော်မှ အရာရှိအရာခံတပ်သားများ ငါးထောင်ကျော်အား ထပ်မံဖွဲ့စည်းသည့် ဗမာ့တပ်မတော်ထဲသို့ ပူးပေါင်းလိုက်သည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းသည် ကျန်ရှိနေသော မျိုးချစ်ဗမာ့တပ်မတော်ထဲမှ အရာရှိအကြပ်တပ်သားများကိုလည်း လွတ်လပ်ရေးတိုက်ပွဲ ဆက်လက်ဆင်နွှဲစေချင်သော စေတနာဖြင့် 'ပြည်သူ့ရဲဘော်တပ်ဖွဲ့' အဖြစ်ပြောင်းလဲဖွဲ့စည်းထားသည်။ အဆိုပါ ပြည်သူ့ရဲဘော်တပ်ဖွဲ့သည် ပြည်သူလူထုအကျိုးပြုလုပ်ငန်းများကို ပြည်သူလူထုကြား ရပ်တည်ဆောင်ရွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com


ဤသို့ဆောင်ရွက်နေသည်ကို ဗြိတိသျှတို့အဖို့ အန္တရာယ်တစ်ခုဟုမြင်နေသည်။ ထို့ကြောင့် ဗမာ့ပြည်ကာကွယ်ရေး ဥပဒေအရ 'အစိုးရတပ်ဖွဲ့မှတစ်ပါး မည်သည့်အပျော်တမ်းတပ်ဖွဲ့မျှ ယူနီဖောင်း မဝတ်ရ၊ စစ်ရေးမပြရ၊ အခွင့်မရဘဲ စုဝေးခြင်း စီတန်းလှည့်လည်ခြင်းများ မပြုလုပ်ရ' ဟု အမိန့်ထုတ်တားဆီးလိုက်၏။ ထိုအမိန့်မှာ ပြည်သူလွတ်လပ်ခွင့်ကို တားဆီးရာ ပိတ်ပင်ရာဖြစ်နေတော့သည်။

ယင်းအတွက် ၁၉၄၆–ခုနှစ်၊ မေလ ၁၃–ရက်နေ့တွင် အင်းစိန်ခရိုင် ထန်းတပင်မြို့၌ ပြည်သူ့ရဲဘော်များသည် ပြည်သူ့လွတ်လပ်ခွင့်ချုပ်ချယ်မှု ဥပဒေများကို ဆန့်ကျင်ကန့်ကွက်ခဲ့သည်။ စစ်ယူနီဖောင်းအပြည့်အစုံဖြင့် စစ်လေ့ကျင့်ခဲ့ကြသည်။ ထိုအခါ ထန်းတပင်မြို့ ပုလိပ်အင်စပက်တော် ဦးမောင်ကလေးသည် ပြည်သူ့ရဲဘော်ခေါင်းဆောင်လေးဦးကို ကာကွယ်ရေးပုဒ်မဖြင့်ဖမ်းသည်။ မေလ ၁၅–ရက်တွင် ခုနစ်ဦးကို ထပ်ဖမ်းလေသည်။

ထို့အတွက် လူထုက ဆန္ဒပြကန့်ကွက်ကြသည်။ လူထုပရိသတ် ၁၅၀၀–ခန့် ရှိလေသည်။ အင်စပက်တော်ဦးမောင်ကလေးဦးဆောင်သော ပုလိပ် ၁၈–ဦးတို့က သေနတ်ဖြင့် ပစ်လေသည်။ သုံးဦးသေဆုံး၍ ဆယ့်ရှစ်ဦးဒဏ်ရာရသည်။ လက်နက်မပါ တရားသဖြင့် စီတန်းလှည့်လည် ဆန္ဒပြသူများကို သေနတ်ဖြင့် အခတ်


www.burmeseclassic.com

www.burmeseclassic.com



သည်မှာ လွန်စွာရိုင်းလှပေသည်။

ထန်းတပင်မြို့ လူထုလူတန်းစားနှင့်ဆက်နွယ်လျက် ဗိုလ်ချုပ်အောင်ဆန်းဦးစီးသော ဖ.ဆ.ပ.လ အချုပ်ကြီးသည်လည်း မနေသာတော့ပေ။ ပြည်သူ့လွတ်လပ်ခွင့်များကို ချုပ်ချယ်ခြင်း၊ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းအတွက် ကန့်ကွက်ရှုတ်ချလာရသည်။

၁၉၄၆–ခုနှစ်၊ ဇွန်လ၊ ၇–ရက်နေ့တွင် ကန်တော်မင်ပန်းခြံ၌ လူထုဆန္ဒပြကန့်ကွက်ပွဲ အစည်းအဝေးကြီးကို ကျင်းပခဲ့ရသည်။ ထိုအစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်မိန့်ခွန်း ပြောခဲ့သည်။ ပြည်သူ့လွတ်လပ်မှု ချုပ်ချယ်ခြင်း ကန့်ကွက်ပွဲ မိန့်ခွန်းအစ၌ပင် .....

"ဒီနေ့ကျင်းပရတဲ့ ကန့်ကွက်ပွဲဟာ ပြည်သူ့ရဲ့ဘဝ်ကိစ္စနှင့် ပတ်သက်ပြီး အစိုးရက ပြည်သူ့လွတ်လပ်မှု ချုပ်ချယ်ခြင်းများကို မကျေနပ်ဖြစ်ကြလို့ အင်းစိန်နယ် ထန်းတပင်မြို့တွင် သွေးချင်းသားချင်း လယ်သမားတွေက ချုပ်ချယ်မှုများကို ကန့်ကွက်ရာမှာ သေနတ်ပစ်ခံရခြင်းနှင့် အကြောင်းကြောင်းများကိုထောက်ပြီး ကန့်ကွက်ညီးဝေးတဲ့ပွဲကြီးဖြစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ အစချီခဲ့၏။

မိန့်ခွန်းအဆုံးတွင်မူ သူ့သဘောထားကိုပင် ပွင့်ပွင့်လင်းလင်း ပြောကြားခဲ့လေသည်။

"ကျွန်တော်တစ်ယောက်တည်းအတွက် ပြောရမယ်ဆိုရင် လွတ်လပ်ရေးကို သစ္စာရှိရှိနဲ့ အစအဆုံးအထိရအောင် လုပ်မှာပဲ။ ကိုယ့်နောက်လိုက်လာတဲ့လူကို ထမင်းဝအောင် မကျွေးနိုင်ရင် ဒီခေါင်းဆောင်ဟာ အလကားပဲ။ သခင်စိုးဂိုဏ်းသားများဟာလဲ အခုပိုက်ဆံမရဘဲနဲ့ အစိုးရဒုက္ခလိုဖြစ်နေတယ်။ နယ်ချဲ့သမားတွေထံက ပုန်းရှိုးကွယ်ရှိုး ပိုက်ဆံစားပြီး လုပ်နေတဲ့ သတင်းစာတွေလဲရှိသေးသည်။ ကျုပ်တို့ ခေါင်းဆောင်နေတဲ့အချိန်မှာ ကျုပ်တို့ရဲ့ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ကြပါ။ ဒီမှ မကျေနပ်ရင်ခင်ဗျားတို့ သဘောကျသူကိုတင်ပြီး လုပ်နိုင်ပါ။ ကျုပ်ဖယ်ပေးပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်အောင်ဆန်း၏ မိခင်အမေစုပြောစကား

ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်စဉ် အဘဇာနည်မိခင်ကြီး အမေစု၏ စကားမှာလည်း အလွန်မှတ်သားဖွယ်ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ်အောင်ဆန်း၏အစ်ကို ဦးဘဝင်းတို့ လုပ်ကြံခံလိုက်ရသဖြင့် သားနှစ်ဦး အဆုံးအရှုံးခံလိုက်ရရှာသည့် မိခင်တစ်ဦးအဖို့ အဘယ်မျှ ရင်ကွဲခံစားရမည်ကို စာနာနားလည်မိသည်။

ဤကဲ့သို့ အမေစုအတွက် နစ်နာဆုံးရှုံးရသည်ထက် တိုင်းပြည်အဖို့လည်း ရေတိုမ်နစ်ခဲ့ရသည်ဟု ထင်ပါသည်။ အမေစုသည်လည်း သားနှစ်ယောက်၏ အဖြစ်ဆိုးကို ကြားရသည့်အခါ၌ အံ့ဩလည်း အံ့ဩသွားသည်။ တစ်နိုင်ငံလုံးက လေးစားချစ်ခင်မေတ္တာထားသော ပုဂ္ဂိုလ်တစ်ဦးကို ဤသို့လုပ်ရက်လေခြင်းဟုလည်း ရင်ထုမနာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အမေစုက .....

"ကျုပ်သားဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ ဒီလိုသတ္တိကြောင်တဲ့အမှုမျိုးကို ငယ်ငယ်ရွယ်ရွယ်ကလေးကပင် ရှုတ်ချခဲ့တဲ့ လူဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်က မျိုးချစ်ခေါင်းဆောင်ကြီးဦးစောကို မသမာသူတို့ချောင်းမြောင်းပြီး သေနတ်နဲ့ပစ်စဉ်က ဗိုလ်ချုပ်ကိုယ်တိုင် အများကြီးကဲ့ရဲ့ရှုတ်ချတဲ့စကားတွေကို ပြောခဲ့ပါတယ်။ ဟိုတုန်းက ဗိုလ်ချုပ်ဟာ နယ်လှည့်ရင်း ကျုပ်ထံဝင်ပြီး ကန်တော့သွားတယ်။ အဲ့ဒီတုန်းက ကျုပ်က စိုးရိမ်လွန်းလို့ 'သားရယ်၊ လူဆိုတာ အထက်ရောက်နေရင် သူတစ်ပါးက မနာလိုလို့ မကောင်းကြံစည်တာမျိုးခံရတတ်တယ်။ အစစအရာရာ သတိထားပါကွယ်' လို့ပြောမိပါတယ်။ ဒီတော့ ကျုပ်သားက 'ဗျာ၊ ဒါကတော့ ဘုရားတောင်မှ အတိုက်အခံရှိသေးတာပဲ၊ ကိုယ်ကသာ လမ်းမှန်ကနေပြီး မှန်တဲ့အလုပ်ကို လက်ကိုင်ထားရင် ဘာမှကြောက်စရာ မရှိပါဘူးအမေရယ်၊ မစိုးရိမ်ပါနဲ့၊ ရန်တိုက်နေတုန်းကတောင် မသေခဲ့သေးတာ၊ အခုတိုင်းပြည်နဲ့လူထုဟာ အရင်လို မဟုတ်တော့ပါဘူး။ အကောင်းအဆိုး



www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်တတ်ပါပြီ' လို့ အားရပါးရ ရယ်ရယ်မောမောနဲ့ ပြောသွားခဲ့ပါတယ်။ အခုတော့ ကျုပ်သားအောင်ဆန်းဟာ သူ့အလွန်မုန်းတီးရှုံ့ရှာတဲ့ လုပ်ကြံနည်းကြောင့် ကွယ်လွန်သွားရရှာပြီ။ ကျုပ်မှာရှင်တာကတော့ သူ့ကိုလေးစားကြသလို ခေါင်းဆောင်များရဲ့ညွှန်ကြားချက်ကို ပြည်သူလူထုက ယုံယုံကြည်ကြည် လေးလေးစားစားနဲ့ လိုက်နာပြီး မိမိတို့လိုလားတဲ့ခရီးကိုရောက်အောင် ဆောင်ရွက်ကြဖို့ပါပဲ။ ဒီလိုဆောင်ရွက်လို့ ရည်ရွယ်ချက်ကို ရောက်ကြပြီဆိုရင် အဖျော်မှာ ခံစားရတဲ့ သားနှစ်ယောက်ဆုံးရတဲ့ အပူမီးဟာ ငြိမ်းတန်သလောက် ငြိမ်းပါလိမ့်မယ်" ဟူ၍ ဝမ်းနည်းပက်လက်ဆိုခဲ့ပူးလေ၏။

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းဇနီး ဒေါ်ခင်ကြည်ရဲ့ ရင်နင့်အလွမ်းစကား

မသေမီသူများ၏နောက်ဆုံးစကား ကျန်ရစ်သူများ၏လက်ချက်ကြောင့် ကျဆုံးသွားရှာပြီဟူသော သတင်းကို ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည်ကြားလျှင် ရုတ်တရက် ဆို့မတတ်ခံစားလိုက်ရရှာသည်။

ခင်ပွန်း၏အလောင်းကို အိမ်သို့သယ်ဆောင်လာသောအခါ၌ ဒေါ်ခင်ကြည်သည် အလောင်း၏အနီးတွင်ထိုင်ပြီး ဦးသုံးကြိမ်ချ၍ ကန်တော့သည်။ သောကမီးတောက်လောင်နေဆဲအချိန်ဖြစ်သော်လည်း ဒေါ်ခင်ကြည်သည် စိတ်ကိုတင်းထားသည်ဟု သိရသည်။

မိမိကိုယ်ကို မိမိချုပ်တည်းနိုင်သမျှ ချုပ်တည်းလျက် …

"ကျွန်မရဲ့ခင်ပွန်း ဗိုလ်ချုပ်အောင်ဆန်းဟာ တိုင်းပြည်နဲ့လူမျိုးအတွက် ကြိုးပမ်းရင်း လမ်းခုလပ်မှာ ကျဆုံးခဲ့ရပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး နောက်ဆက်လက်၍ ...

"လူထုကို ကျွန်မပြောလိုတာကတော့ မိမိတို့အားကိုးယုံကြည်လေးစားသော ခေါင်းဆောင်ကြီးကို ရက်ရက်စက်စက် လုပ်ကြံလိုက်ကြတဲ့အတွက်ကြောင့် ဒေါသထွက်ပြီး စိတ်လိုက်မာန်ပါ မလုပ်ကြဖို့ ပြောချင်ပါတယ်။ သူချခဲ့တဲ့လမ်းစဉ်အတိုင်း တစ်သွေမတိမ်း လိုက်နာကျင့်ဆောင်ပြီး သူရည်မှန်းခဲ့တဲ့ လွတ်လပ်ရေးကို မရမနေ ကြိုးပမ်းကြပါ"

ဟူသော မေတ္တာစကား၊ အလွမ်းစကားသာ ပြောခဲ့ရှာပေသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရမှုအပေါ် မဟာတ္တမဂန္ဒီကြီးရဲ့အမြင်

မြန်မာနိုင်ငံရှိ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ သူ၏ အစိုးရအဖွဲ့ဝင်များအား မသမာသူများက လုပ်ကြံခံလိုက်ရခြင်းသတင်းသည် ချက်ချင်းပင် တစ်ကမ္ဘာလုံးသို့ ဂယက်ရိုက်သွားလေတော့သည်။ ထိုသတင်းကို အိန္ဒိယခေါင်းဆောင်ကြီး မဟာတ္တမဂန္ဒီလည်းကြားသည်။ ကြားကြားချင်းပင် ဝမ်းနည်းပက်လက်ဖြင့် အောက်ပါအတိုင်း ဆိုခဲ့သည်ဟုသိရပါသည်။

"မြန်မာ့လွတ်လပ်ရေးကို တိုက်ပြီးလျှင် မြန်မာ့လွတ်လပ်ရေးကို မြန်မာတို့၏ အိမ်တိုင်ယာရောက်ပို့ပေးခဲ့သော အာဇာနည်ပုဂ္ဂိုလ်များကို ယခုကဲ့သို့ သွေးအေးအေးနှင့် လုပ်ကြံသတ်ဖြတ်သည်ဆိုသည်မှာ ယုံကြည်စရာပင်မရှိချေ။ ကျွန်ုပ်သည် လွန်လေပြီးသော ခေါင်းဆောင်များ၏ ဆွေမျိုးညာတိများကိုလည်းကောင်း၊ မြန်မာနိုင်ငံအစိုးရ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်းကောင်း ကရုဏာသက်မိပါသည်။ ယခုဖြစ်ရသည်မှာ သာမညလူသတ်မှုမဟုတ်ချေ။ ဤအမှု၏နောက်တွင် နိုင်ငံရေးလောဘဇောရှိနေလိမ့်မည်။ ယခုအခါ ကမ္ဘာအရပ်ရပ်၌ နိုင်ငံရေးပြိုင်ဆိုင်မှုတို့တွင် ဤလောဘဇောထကြွနေသော အချက်မျိုးကိုတွေ့မြင်နေရသည်။ ဤအချက်သည် လူသားတို့၏ နောင်ရေးအတွက် တိတ်နိမိတ်ကောင်းမဟုတ်ချေ။ ထို့ကြောင့် ဤဝမ်းနည်းဖွယ်ရာ အဖြစ်အပျက်ကိုမူတည်၍ အိန္ဒိယနိုင်ငံသည် သင်ခန်းစာယူရမည်။ ဤအဖြစ်သည် မြန်မာနိုင်ငံအတွက်သာလျှင် ဝမ်းနည်းကြေကွဲစရာမဟုတ်။ အာရှအတွက်လည်း ဝမ်းနည်းကြေကွဲစရာဖြစ်သည်။ ကမ္ဘာတစ်ခုလုံးအတွက်လည်း ဝမ်းနည်းကြေကွဲစရာဖြစ်သည်”

www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်အောင်ဆန်းအပေါ် ရှရီနေရူး၏အမြင်

ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံသတ်ဖြတ်ခံရခြင်းကို အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် ရှရီနေရူးကလည်းကြားသိလျှင်ပင် ဝမ်းနည်းကြေကွဲကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ထုတ်ပြန်ချက်တွင် .....

"ဗိုလ်ချုပ်အောင်ဆန်းသည် ကျွန်ုပ်၏ မိတ်ဆွေလည်းဖြစ်၏။ ရဲဘော်ရဲဘက်လည်းဖြစ်၏။ ဗိုလ်ချုပ်သည် ငယ်ရွယ်စဉ်ကပင်လျှင် မြန်မာ့လွတ်လပ်ရေး၏ ဗိသုကာဖြစ်သည်။ မြန်မာတို့ကလည်း သူ့အားခေါင်းဆောင်ဟူ၍ အသိအမှတ်ပြုကြသည်။ ထို့ကြောင့် ကျွန်ုပ်သည် ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်သည့်အတွက် ဝမ်းနည်းကြေကွဲပါသည်။ ထို့အတူပင် ဗိုလ်ချုပ်အောင်ဆန်း၏ ရဲဘော်ရဲဘက်များအတွက်လည်း ဝမ်းနည်းကြေကွဲရပါသည်။ အာရှတိုက်သည် သတ္တိရှိ၍ အမြော်အမြင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံသော သားကောင်းရတနာတစ်ဦး ဆုံးပါးခဲ့ရသည့် အတွက်လည်း ဝမ်းနည်းကြေကွဲရပါသည်။ လွတ်လပ်ရေးကိုခြိမ်းခြောက်နေသော အကြမ်းဖက်ဝါဒကို အိန္ဒိယမြန်မာနှင့် အာရှတို့က ကျူးလွန်နေပါလျှင် ကျွန်ုပ်တို့မျှော်မှန်းနေသော အရာများလွင့်ပါသွားရပေလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် စည်းမဲ့ကမ်းမဲ့ဟူသော အရာတို့ကို အပြီးတိုင် ချုပ်ငြိမ်းအောင် အဖွဲ့အစည်းနှင့်တကွ ကြိုးပမ်း၍ လူမှုရေးကို အနှောင့်အယှက်ပြုသော အင်အားစုများကို ရင်ဆိုင်၍ တိုက်ခိုက်ဖြိုဖျက်ကြရမည်"

ဟူ၍ဖော်ပြခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်း
# လုပ်ကြံခံရမှုအပေါ်
# ကမ္ဘာ့ခေါင်းဆောင်အသီးသီးရဲ့အမြင်

လွတ်လပ်သော ပါကစ္စတန်နိုင်ငံအတွက် ဘုရင်ခံချုပ်ဖြစ်လာလိမ့်မည်ဟု သတ်မှတ်ထားခြင်းခံရသောသူမှာ မစ္စတာလီယာကွတ်အလီ ဂျင်းနားဟူသည့် ပုဂ္ဂိုလ်ဖြစ်သည်။

မစ္စတာဂျင်းနားကလည်းဤသို့ .....

"ကွယ်လွန်သူ အာဇာနည်ပုဂ္ဂိုလ်များအတွက် အလွန်တရာမှ ဝမ်းနည်းကြေကွဲကြောင်း၊ မြန်မာနိုင်ငံလွတ်လပ်ရေး ရလာသောအခါ လွတ်လပ်သော မြန်မာနိုင်ငံသူ နိုင်ငံသားတို့သည် ယဉ်ကျေးသော နိုင်ငံကြီးများ၏အကျိုးတရားကို ဆန့်ကျင်သော နည်းလမ်းမှန်သမျှကို အလိုမရှိကြောင်း ပြနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း"

ကြေညာချက်ထုတ်ခဲ့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယနိုင်ငံကွန်ဂရက် အလုပ်အမှုဆောင်အဖွဲ့ကလည်း မြန်မာနိုင်ငံလုပ်ကြံမှုနှင့်ပတ်သက်၍ ဤသို့ဆုံးဖြတ်ချက်တစ်ခု ချမှတ်ခဲ့ကြပေသည်။

ထိုဆုံးဖြတ်ချက်၌ကား .....

"ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်ရသည်မှာ မြန်မာပြည်အတွက်သာလျှင် နစ်နာသည်မဟုတ်။ အာရှတိုက်အတွက်လည်း ဆုံးရှုံးမှုတစ်ရပ်ဖြစ်ပေသည်။ ဤလုပ်ကြံသတ်ဖြတ်မှုများသည် ပြည်သူလူထု၏ ဘဝနှင့်ပြည်သူလူထုတို့၏ လူမှုရေးလုပ်ငန်းများကို အဆိပ်ကဲ့သို့ဖျက်ဆီးလျက်ရှိသည်"

ဟူ၍ဖြစ်လေသည်။

× × ×

အင်ဒိုနီးရှားခေါင်းဆောင် ဒေါက်တာရှရီယာကလည်း ...

"ဦးအောင်ဆန်းအား လုပ်ကြံလိုက်ခြင်းမှာ မြန်မာပြည်အတွက်သာမက အာရှအတွက်ပါ ပြင်းထန်သော လက်ချက်ကြီးဖြစ်ပါသည်။ မြန်မာလူမျိုးတို့သည် ဦးအောင်ဆန်းချမှတ်ခဲ့သောလမ်းစဉ်ကို လိုက်၍ရည်ရွယ်ချက်ပြီးသည်

www.burmeseclassic.com

www.burmeseclassic.com



အထိ ပြည့်စွမ်းကြပါ” ဟူ၍လည်းကောင်း ကြေညာချက် ထုတ်ပြန်ခဲ့သည်။

× × ×

ဗြိတိန်နိုင်ငံ၏ ဆဋ္ဌမမြောက် ဂျော့ဘုရင်မင်းမြတ်ကိုယ်တိုင် ပင်လျှင် မြန်မာနိုင်ငံဘုရင်ခံထံသို့ ပေးပို့သောစာလွှာတွင် .....

“၁၉၄၇-ခုနှစ်၊ ဇန်နဝါရီလတွင် ဦးအောင်ဆန်းနှင့်သခင်မြ တို့ကို လူကိုယ်တိုင်တွေ့ဆုံ၍ ယခုထိုပုဂ္ဂိုလ်များ ကွယ်လွန်သည်ဟု ကြားရသောအခါ၌ အလွန်တရာမှ ဝမ်းနည်းကြောင်း၊ ထို့ကြောင့် ကွယ်လွန်သော အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဆွေမျိုးညာတိ များကို ငှင်းတို့နှင့်ထပ်တူဝမ်းနည်းကြောင်း”

ဟု ရေးသားပါရှိသည်။

× × ×

ဗြိတိသျှဘုရင်မင်းမြတ်၏ စာလွှာတွင်မှ .....

လုပ်ကြံခံရသော ပုဂ္ဂိုလ်များထဲက ဆရာဒီးဒုတ်ဦးဘချို ကိုယ်ရုံတော်ကိုတွေ့၊ မိုင်းပွန်စော်ဘွားကြီးတို့သည် လေးတရက် မကွယ်လွန်သေးကြောင်း သိထားသဖြင့် ထိုပုဂ္ဂိုလ်များ၏ အနာတရ

www.burmeseclassic.com



ဒဏ်ရာမှ ထွက်မြောက်လျက် ပျောက်ကင်းပါရန် ဆုတောင်းထားသည်ဟုသိရသည်။ ဤအချက်ကိုထောက်လျှင် လုပ်ကြံခံလိုက်ရသောသတင်းသည် ဗြိတိသျှဘုရင်မင်းမြတ်ထံပို့ရာ၌ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်များလုပ်ကြံခံလိုက်သောသတင်းသည် ပထမဦးဆုံးရောက်ရှိသွားဟန်ရှိလေသည်။

စင်စစ်သော် လုပ်ကြံခံရသော ပုဂ္ဂိုလ်များထဲတွင် ဆရာဒိုက်ဦးဘချိုသည် ထိုနေ့မွန်းလွဲ ၁နာရီ၊ မိနစ် ၄၀တွင်လည်းကောင်း၊ ဝန်ကြီးဦးရာဇတ်၏ ကိုယ်ရံတော်ကိုထွေးမှာ ထိုနေ့မွန်းလွဲ ၂နာရီ၊ ၁၅မိနစ်တွင်လည်းကောင်း၊ မိုင်းပွန်စော်ဘွားကြီးမှာမူ ဇူလိုင်လ ၂၀ရက်နေ့ မွန်းတည့်အချိန်တွင်လည်းကောင်း၊ ကွယ်လွန်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်သုံးဦးမကွယ်လွန်သေးဘဲ အသက်ရှင်လျက်ရှိနေသေးသည်ဟုအထင်ဖြင့် ဘုရင်မင်းမြတ်က မြန်မာနိုင်ငံဘုရင်ခံထံသို့ အမှာစကားဖြင့် မိန့်ကြားခဲ့ခြင်းဖြစ်ပါသည်။

× × ×

ဗြိတိသျှဝန်ကြီးချုပ် အက်တလီကမူ .....

"ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ နှင့် အခြားသုံးဦးတို့



www.burmeseclassic.com

www.burmeseclassic.com



ကွယ်လွန်ကြောင်း ကြားသိရ၍ ဝမ်းနည်းကြောင်း၊ ကြေကွဲကြောင်း ဒဏ်ရာရသူများ သက်သာပါစေကြောင်း" ဆုတောင်းစကားဆိုခဲ့လေ၏။

× × ×

ဗိုလ်ချုပ်အောင်ဆန်း၏ဇနီးဒေါ်ခင်ကြည်ထံသို့လည်း ဝန်ကြီးချုပ်က 'ဝမ်းနည်းကြောင်း' သံကြိုးစာပေးပို့ခဲ့သည်။

တဖန် ......

"ဗိုလ်ချုပ်နှင့်မိတ်ဆွေဖြစ်ခဲ့ရသည်ကို အလွန်မြတ်နိုးမိကြောင်း၊ ဗိုလ်ချုပ်၏ခေါင်းဆောင်မှုကိုလည်း ချီးကျူးကြောင်း'

အလေးအနက် ဖော်ပြထားခဲ့သည်။

× × ×

အိန္ဒိယနိုင်ငံ ဘုရင်ခံဖြစ်သူ လော့ဒ်လူဝီမောင့်ဘက်တန်ကမူ ......

"ကျွန်ုပ်သည် ဆိုးရွားလှသောအဖြစ်ကိုကြားမိ၍ အလွန်တုန်လှုပ်မိပါသည်"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ မြန်မာနိုင်ငံအစိုးရအဖွဲ့သို့ စာလွှာပေးပို့ခဲ့လေသည်။

ဤသို့သော အချက်အလက်များကိုထောက်လျှင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်ဆိုသည်ထက် ဗိုလ်ချုပ်အောင်ဆန်းအပေါ်၌ နိုင်ငံအသီးသီး၊ ပုဂ္ဂိုလ်အသီးသီး၊ လူထုလူတန်းစားအသီးသီးတို့ကပင်လျှင် လေးစားချစ်ခင်ခဲ့သည်မှာ သိသာထင်ရှားလှပါပေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်အောင်ဆန်း သို့မဟုတ် အရှိုင်းထဲကအယဉ်



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်း၏
# ဘဝအစ ... ဘဝအဆုံး

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၁၅-ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၃-ရက် (၁၂၇၆-ခုနှစ်၊ တပေါင်းလဆန်း၊ ၁-ရက်)စနေနေ့တွင် ဖွားမြင်သည်။ မကွေးတိုင်း၊ တောင်တွင်းကြီးခရိုင်၊ နတ်မောက်မြို့နေ ရှေ့နေကြီးဦးဖာ၊ အမိဒေါ်စုတို့၏သားထွေးဖြစ်သည်။

ငယ်မည်မှာ မောင်ထိန်လင်း ဖြစ်သည်။ အစ်ကို 'အောင်သန်း'နှင့် အမည်လိုက်ဖက်စေရန်အတွက် 'အောင်ဆန်း' ဟူ၍ခေါ်တွင် အမည်ပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


အောင်ဆန်း၏ မျိုးရိုးမှာလည်း သူ့ကျွန်မခံတော်လှန်ဝံ့သော အာဇာနည်ပုဂ္ဂိုလ် ဗိုလ်မင်းရောင်အဆက်ဖြစ်သည်။ ဗိုလ်မင်းရောင်၏မြေးဖြစ်သလို ကုံလုံပြည့်စုံသည့် မြေပိုင်ရှင်များဖြစ်ကြ၏။ မျိုးရိုးစိတ်ဓာတ်အရလည်း မျိုးချစ်စိတ် အမျိုးသားရေးစိတ်ဓာတ်များ ပြင်းထန်တက်ကြွသော ဗီဇရှိလေသည်။

အသက်ခုနစ်နှစ်တွင် နတ်မောက်မြို့ ဆရာတော်ဦးသော ဘိတကျောင်း၌ ပညာဆင်ကြား၏။ ၁၉၂၂-ခုနှစ်တွင်ဖြစ်သည်။ ၁၉၂၈-ခုနှစ်၊ အသက်ဆယ့်သုံးနှစ်တွင်မူ ရေနံချောင်းမြို့ နေရှင်နယ်အထက်တန်းကျောင်းသို့ ပြောင်းရွှေ့၍ပညာဆက်လက်သင်ယူသည်။ ၁၉၃၂-ခုနှစ်တွင် ရေနံချောင်းမြို့၊ အမျိုးသားအထက်တန်းကျောင်းမှ ဆယ်တန်းအောင်သည်။

ထိုနောက် ရန်ကုန်တက္ကသိုလ်၌ဆက်၍ ပညာသင်သည်။ ထိုစဉ်က အောင်ဆန်းသည် အင်္ဂလိပ်စာပေရာဇဝင်နှင့် နိုင်ငံရေးသိပ္ပံပညာရပ်ကို အထူးစိတ်ဝင်စားသည်။ ထိုဘာသာရပ်ဖြင့်ပင် ဝိဇ္ဇာ(ဘီအေ)ဘွဲ့ထူးကို ဆွတ်ခူးအောင်မြင်ခဲ့သည်။

ဘီအေအောင်ပြီးနောက် ဘီအယ်လ်(ခေါ်) ဥပဒေဝိဇ္ဇာတန်းသို့လည်း တက်ရောက်ခဲ့သေးသည်။ ငယ်စဉ်ကပင် ညဏ်ထူးချွန်သည့်အလျောက် ကျောင်းကပေးသောဆုများ ရရှိခဲ့ဖူးသည်။


www.burmeseclassic.com

www.burmeseclassic.com



စကောလားရှစ်ပင်ရခဲ့သည်။ ထို့ကြောင့်လည်း အစိုးရအမှုထမ်း (နိုင်ငံပမြိုညာဉ်ခံဝန်ထမ်း)ဘက်တွင် ထူးချွန်တိုးတက်မည့် အရာရှိတစ်ဦးဖြစ်လာနိုင်ဖွယ်ရှိနေ၏။

သို့ရာတွင်အောင်ဆန်းသည် ရန်ကုန်တက္ကသိုလ်ကျောင်းသားများ လှုပ်ရှားမှုအရေးတော်ပုံတွင် ပါဝင်ခဲ့သည်။ ပေါ်လွင်လာသည်။ ထိုမှ အောင်ဆန်း၏ဘဝသည်လည်း တစ်မျိုးတစ်ဖုံပြောင်းလွဲခဲ့ရပေသည်။

စစ်ကြိုခေတ် တက္ကသိုလ်သမဂ္ဂတွင် ထိရောက်စွာခေါင်းဆောင်ပါဝင်မှုကြောင့် အောင်ဆန်းအား တက္ကသိုလ်အာဏာတို့ကကျောင်းမှထုတ်ပစ်ဖို့ ကြံရွယ်ခဲ့ပူးသည်။ ရန်ကုန်တက္ကသိုလ် သမဂ္ဂအမှုဆောင်အဖွဲ့ဝင်နှင့် အိုးဝေမဂ္ဂဇင်း အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့၏။ သို့ဆောင်ရွက်နေစဉ် မဂ္ဂဇင်း၌ပါဝင်ခဲ့သော 'Hell Hound At Large' (ခွေးသရမ်းကြီး လွတ်နေသည်)ဟူသော ဆောင်းပါးကိုဆောင်းပါးရေးသူအား ထုတ်ဖော်မပြောဘဲနေသည့်အတွက် တက္ကသိုလ်မှ ထုတ်ပယ်ခံခဲ့ရသည်။

၁၉၃၆-ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂၅-ရက်နေ့တွင် အောင်ဆန်းအား ကျောင်းထုတ်ပစ်သဖြင့် တက္ကသိုလ်သပိတ်ကြီးပေါ်ပေါက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com


ရသည်။ မြန်မာပြည်ကျောင်းသားသမဂ္ဂ်အရေးတော်ပုံကြီးဖြစ်ခဲ့ရပေသည်။

၁၉၃၇-ခုနှစ်တွင် ဝိဇ္ဇာတန်းအောင်မြင်၏။ ထိုနှစ်မှာပင် တက္ကသိုလ်ပဲခူးဆောင်သဘာပတိနှင့် တဖက်အသင်းဥက္ကဋ္ဌဖြစ်လာသည်။ ၁၉၃၈-ခုနှစ်မှာပင် သမဂ္ဂ၊ ဒုတိယဥက္ကဋ္ဌဖြစ်သည်။ ထို့နောက် တက္ကသိုလ် သမဂ္ဂဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရသည်။ ထို့နောက် ကိုအောင်ဆန်း ခေါင်းဆောင်သော ကျောင်းသားကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံသို့ သွားခဲ့လေသည်၊ ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌအဖြစ်မှလည်းကောင်း၊ တက္ကသိုလ်သမဂ္ဂဥက္ကဋ္ဌအဖြစ်မှလည်းကောင်း နုတ်ထွက်သည်။

ပထမဆုံးကျောင်းသားကိုယ်စားလှယ် တက္ကသိုလ်ကောင်စီဝင်အဖြစ် တင်မြှောက်ခံရပြန်သည်။ နို့ဗမာအစည်းအရုံး အထွေထွေ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခွင့်ရသည်။ ၁၃၀၀-ပြည့် အရေးတော်ပုံကြီးကို ကူညီအားပေးခဲ့လေသည်။

၁၉၃၉-ခုနှစ်တွင်မှ မော်လမြိုင်၌ ကျင်းပပြုလုပ်သော နို့ဗမာအစည်းအရုံး ညီလာခံတွင် စစ်အတွင်း၌ ဗြိတိသျှအစိုးရအား မကူညီရစတမ်း အဆိုကိုတင်သည်။


www.burmeseclassic.com

www.burmeseclassic.com



၁၉၄၀-ပြည့်နှစ်၌ ဟာသ်တာခရိုင်ဝန်က သခင်အောင်ဆန်း အား ဖမ်းဝရမ်းထုတ်ပြန်၏။ ဆုငွေ ငါးကျပ်ဖြင့် ဝရမ်းထုတ်သည့် အတွက် လူထုမကျေနပ်စွာ ကန့်ကွက်ခဲ့သည်။ လူထုခေါင်းဆောင် တစ်ဦးကို စော်ကားခြင်းဖြစ်သည်ဟု တစ်ပြည်လုံးက ရှုတ်ချကြသည်။ ဝရမ်းပြေးဘဝနှင့်ပင် တက္ကသိုလ်ကောင်စီဝင်လူကြီးရာထူးမှ နုတ်ထွက်ပြီး ဗမာလွတ်လပ်ရေးအတွက် နိုင်ငံခြားအကူအညီရှာရန် သခင်မြနှင့်အတူ ပြည်သူ့အရေးတော်ပုံပါတီဖွဲ့ခဲ့လေသည်။ ပြည်ပ တော်လှန်ရေးအဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူ၏။ ဩဂုတ်လ ၈-ရက်နေ့တွင် ဟိုင်လီသင်္ဘောဖြင့် ဂျပန်သို့ လျှို့ဝှက်စွာ ထွက်ခွာ သွားခဲ့သည်။

၁၉၄၁-ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးအတွက် စီမံကိန်းကို ကိုယ်တိုင်ရေးဆွဲသည်။ မတ်လ(၃)ရက်နေ့တွင် သွားတုတပ်၍ ဂျပန်မှ မြန်မာပြည်သို့ ခေတ္တလာရောက်၏။ မျိုးချစ်လူငယ်များကို စည်းရုံးစုဆောင်းလျက် ဂျပန်ပြည်သို့ ခေါ်ထုတ်သွားသည်။ ထို မျိုးချစ်လူငယ်များမှာ နောင်အခါ၌ ရဲဘော်သုံးကျိပ်ဝင်များဖြစ်လာ၏။ ဟိုင်နန်ကျွန်းတွင် ပင်ပန်းကြီးစွာ စစ်ပညာသင်ခဲ့ကြလေသည်။

ထိုနောက် ယိုးဒယားပြည် ဗန်ကောက်မြို့၌ပင် ရဲဘော် သုံးကျိပ်တို့နှင့်အတူ လက်မောင်းသွေးဖောက်ပြီး သွေးသောက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ဖဆပလ လွတ်လပ်ရေးတပ်မတော် ဘီ၊ အိုင်၊ အေကိုဖွဲ့သည်။ ဖွဲ့စည်းပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းသည် ဗိုလ်တေဇအမည်ကိုလည်း ခံယူလိုက်သည်။

၁၉၄၂–ခုနှစ်တွင် ဗိုလ်တေဇဦးဆောင်သော ဘီ၊ အိုင်၊ အေ တပ်မတော်ကြီး၏ အလံကိုလွှင့်ထူကာ ရန်ကုန်မြို့ကို သိမ်းခဲ့လေသည်။ ဇူလိုင်လတွင် ဗိုလ်မှူးကြီးရာထူးကိုခံယူပြီး စစ်သေနာပတိဖြစ်လာသည်။

စက်တင်ဘာလ ၆–ရက်နေ့တွင် ဒေါ်ခင်ကြည်နှင့် လက်ထပ်သည်။

၁၉၄၃–ခုနှစ်၊ မတ်လ၊ (၁၇)ရက်နေ့တွင် ဒေါက်တာဘမော်၊ ဒေါက်တာသိန်းမောင်၊ သခင်မြတို့နှင့်အတူ လွတ်လပ်ရေးဆွေးနွေးရန် ဂျပန်ပြည်သို့သွားသည်။ မတ်လ ၂၂–ရက်နေ့၌ ဂျပန်ဘုရင်၏ ဆုတံဆိပ်ရခဲ့သည်။ ဩဂုတ်လ ၁–ရက်နေ့တွင် ဒေါက်တာဘမော်အစိုးရအဖွဲ့တွင် စစ်ဝန်ကြီးဖြစ်လာသည်။

၁၉၄၄–ခုနှစ်၌ ဖက်စစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးကို လျှို့ဝှက်စွာဖွဲ့ခဲ့သည်။ စက်တင်ဘာလ ၄–ရက်နေ့တွင်မူ ဂျပန်ဘုရင်၏ ဆုတံဆိပ်ထပ်မံချီးမြှင့်ခြင်းကို ရန်ကုန်မြို့၌ပင် ရခဲ့ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၅-ခုနှစ်၊ မတ်လ(၁၇)ရက်နေ့တွင်မှ ရန်သူကို တိုက်ခိုက်ရန် စစ်မြေပြင်သို့ထွက်သည်။ မတ်လ (၂၇)ရက်နေ့တွင် ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့သည်။

ဩဂုတ်လ(၁၉)ရက်နေ့တွင် နေသူရိန်အစည်းအဝေးကြီး၌ သဘာပတိအဖြစ်ဆောင်ရွက်၏။ ထိုနေ့မှာပင် ဗမာ့လွတ်လပ်ရေး တောင်းဆိုလိုက်၏။ ၁၉၄၆-ခုနှစ်၊ ဇန်နဝါရီလတွင် ရွှေတိဂုံအလယ် ပစ္စယံတွင် ကျင်းပသော ပြည်လုံးကျွတ် ဖ.ဆ.ပ.လ ညီလာခံက အဖွဲ့ချုပ်၏ ဥက္ကဋ္ဌအဖြစ် တင်မြှောက်သည်။ စက်တင်ဘာလ ၂၆-ရက်နေ့တွင် ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ဒုတိယသဘာပတိ ဖြစ်လာသည်။

၁၉၄၇-ခုနှစ်၊ ဇန်နဝါရီလတွင်မှ မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်အဖွဲ့ကို ဦးစီးက အင်္ဂလန်ပြည်သို့သွားရောက်ရသည်။ လန်ဒန်ပြည်၌ အောင်ဆန်း၊ အက်တလီစာချုပ် ချုပ်ဆိုကြသည်။ ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် တိုင်းရင်းသားသွေးစည်းရေးဖြစ်သည့် ပင်လုံညီလာခံကြီးကို ဦးစီးကျင်းပလိုက်သည်။

မတ်လ (၁၉)ရက်နေ့ ဂျူပလီဟောကြီး၌ကျင်းပသော ဖ.ဆ.ပ.လညီလာခံ၏ သဘာပတိအဖြစ် ဆောင်ရွက်သည်။ ဇွန်လ

www.burmeseclassic.com

www.burmeseclassic.com



(၁၆)ရက်နေ့၌ ပထမတိုင်းပြုပြည်ပြုလွှတ်တော်တွင် အချုပ်အခြာ အာဏာပိုင်သမ္မတမြန်မာနိုင်ငံဖွဲ့စည်းပုံ အဆိုတင်သည်။ ဇူလိုင်လ ၁၃–ရက်နေ့ မြို့တော်ခန်းမတွင် အရေးကြီးဆုံးသော မိန့်ခွန်းကိုပြော ခဲ့သည်။ ဇူလိုင်လ ၁၉–ရက်၊ စနေနေ့၊ နံနက် ၁၀နာရီ ၃၇မိနစ် အချိန်တွင် လူသတ်သမားများ၏ လုပ်ကြံခြင်းကို ခံလိုက်ရပေသည်။

–ဇင်ဘဦး



www.burmeseclassic.com

www.burmeseclassic.com

# မှီငြမ်းကျမ်းကိုးစာရင်း

၁။ ရတနာ့မွန်မဂ္ဂဇင်း၊ ၁၉၈၁-ခုနှစ်၊ ဇူလိုင်လ
ရေနံမြေဘဖေ "ဗိုလ်ချုပ်မျှော်မှန်းခဲ့သော လွတ်လပ်ရေး သာသနာ"

၂။ မြဝတီမဂ္ဂဇင်း၊ ၁၉၈၅-ခုနှစ်၊ ဩဂုတ်လ၊ အတွဲ ၃၃၊ အမှတ် ၁၀၊ မောင်ကြည်သန့် "သစ်တောကြီးများ"

၃။ ၁၉၉၇-ခုနှစ်၊ ဇူလိုင်လ
တက္ကသိုလ်နေဝင်း "အမှတ်တရဗိုလ်ချုပ်အောင်ဆန်း"

၄။ ၂၀၁၀-ခုနှစ်၊ ဖေဖော်ဝါရီ ၁၈-ရက်၊ အတွဲ ၁၊ အမှတ် ၃၂
မောင်ကြော့ဝေ "ပင်လုံကပြောသော ပြည်ထောင်စုစိတ်ဓာတ်"

၅။ ၂၀၀၀-ခုနှစ်၊ ဒီဇင်ဘာလ၊ မိတ်ဆွေစာပေ၊ မောင်ကြည်သန့် "အငြင်းပွား၊ အမှတ်လွဲ၊ လူသိနည်း၊ မြန်မာ့ဖြစ်ရပ် ၁၀၀"

၆။ ဗိုလ်မင်းခေါင် "ဗိုလ်ချုပ်အောင်ဆန်းနှင့်ရဲဘော်သုံးကျိပ်"

၇။ ၁၉၉၇-ခုနှစ်၊ ဇွန်လထုတ်၊ အမှတ်တရစာပေတိုက်ထုတ်
ဗိုလ်ချုပ်အောင်ဆန်းရေးသားသော
"ဖက်ဆစ်တော်လှန်ရေးသမိုင်း" တက္ကသိုလ်နေဝင်း (ဘာသာပြန်)

www.burmeseclassic.com

www.burmeseclassic.com

၈။ ပထမနှိပ်ခြင်း၊ ၁၉၇၃-ခုနှစ်၊ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ

၉။ ၁၉၇၉-ခုနှစ်၊ ပထမနှိပ်ခြင်း၊ စာပေဗိမာန်ပြည်သူ့လက်
စစ်ကိုင်းဦးဘိုးသင်း "ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ"

၁၀။ ၂၀၁၀-ခုနှစ်၊ ဧပြီလ၊ လောကသံစိစာအုပ်အမှတ်၅၂
မောင်ထင်၊ "မြန်မာ့နိုင်ငံရေးသုခမိန်"

၁၁။ ၁၉၈၇-ခုနှစ်၊ အနှစ်(၄၀)မြောက်အာဇာနည်နေ့
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ပြန်ကြားရေးဝန်ကြီးဌာန၊
ပြန်ကြားရေးနှင့်အသံလွှင့်ဦးစီးဌာန၊

၁၂။ ၁၉၆၇-ခုနှစ်၊ ဇူလိုင်လ၊ ဒုတိယအကြိမ်
သတင်းစာဆရာဦးပုကလေး၊ "ငါတို့ဗိုလ်ချုပ်"

၁၃။ ၁၉၇၁-ခုနှစ်၊ ပထမအကြိမ်ပုံနှိပ်၊ စာပေဗိမာန်ထုတ်
"ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ"

၁၄။ အလက်ာ့ကျော်စွာ သခင်ကိုယ်တော်မှိုင်းတည်းဖြတ်၍
ဗိုလ်ချုပ်အောင်ဆန်း၊ စာရေးဆရာ၊ ရဲဘော်၊ သခင်နှင့်
ကျောင်းနေဖက်များစုပေါင်းရေးသည့်
"ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ"

၁၅။ ၁၉၈၇-ခုနှစ်၊ အနှစ်(၄၀)မြောက်၊ အာဇာနည်နေ့။

၁၆။ ၁၉၉၈-ခုနှစ်၊ ပထမအကြိမ်၊ အင်းဝစာပေတိုက်မှ
ကျော်ငြိမ်း၊ "ရဲဘော်သုံးကျိပ်"



www.burmeseclassic.com

www.burmeseclassic.com

တိုတောင်းလှသော ဘဝအတွင်း
ဗိုလ်ချုပ်သည် ......
မောင်အောင်ဆန်းဘဝ၌လည်းကောင်း၊
သခင်အောင်ဆန်းဘဝ၌လည်းကောင်း၊
ဗိုလ်တေဇဘဝ၌လည်းကောင်း၊
ဗိုလ်ချုပ်အောင်ဆန်းဘဝ၌လည်းကောင်း၊
တိုင်းပြည်နှင့်လူမျိုးအတွက် ဆောင်ရွက်ခဲ့၏၊
ထို့ကြောင့်လည်း ......
လူပင်သေသော်လည်း အမည်မသေဘဲ
မြန်မာ့သမိုင်းတစ်လျှောက်လုံးတွင်
ဥဒါန်းတွင်လျက် ရှိနေပေဦးမည်။

ဖြန့်ချိရေး
မိတ်ဆွေစာပေ
(၆၀)၊ ဘုရင့်နောင်လမ်းမ၊
ပေါက်တော၊ အင်းစိန်
၀၉ ၈၆ ၂၀၇၅၃

www.burmeseclassic.com